
www.burmeseclassic.com

# ပဘေးလေး



ဝိညာဉ်
ချစ်သူ့

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မအေးလေး

## ချစ်သူ့ဝိညာဉ်

စာမူခွင့်ပြုချက်အမှတ် - ၁၁၄၃/၂၀၀၄ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၅၀/၂၀၀၄ (၁၁)

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလွှဲစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါ

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ
လုံးဝကွဲရရဲ့ခံရသော ယောက်ျား(မိန်းမ)
လုံးဝချိုးမွှမ်းခံရသော ယောက်ျား(မိန်းမ)သည်
ရှေ့၌လည်းမရှိခဲ့
ယခုလည်းမရှိ
နောင်လည်းရှိလိမ့်မည်မဟုတ်။
(ဓမ္မပဒ)

BURMESE CLASSIC

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မအေးလေး

ချစ်သူ့ဝိဉာဉ်

မောင်ကျော်လှိုင် စေတနာစာပေမှ စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

'ပယင်း'၏ ကြီးမားလှပသော ဓာတ်ပုံရှေ့မှာ ထိုင်ရင်း ချစ်စရာကောင်းလှသော ပယင်း၏မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိသောအချိန်ကာလမှာ . . ဘယ်လောက်ထိ ကြာမြင့်သွားပြီလဲ 'ထက်ခေါင်' မသိချေ။

ပယင်းကို ချစ်စိတ်၊ ပယင်းကို မြတ်နိုးတွယ်တာစိတ်တွေ သွေးနှလုံးသားထဲမှာ ပြည့်လျှံလိုဖိတ်လျှက်ရှိတာ ပယင်း သိစေချင်လေသည်။

ယခုအခါမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



ပယင်းကို လွမ်းဆွတ်တသစိတ် ဝမ်းနည်းကြေကွဲစိတ်တွေဖြင့် နှလုံးသားတစ်ခုလုံး ကြေမွပျက်စီးကုန်ကာ ရင်မှာ ဟင်းလင်းပြင်ဖြစ်လို့နေခဲ့ပြီ။

"ခေါင်ရေ . . မောင်"

ပယင်း၏ခေါ်နေကျအသံလေးကို နားထဲမှာ ကြားယောင်ကာ ဘယ်အချိန်မှာ ခေါ်လိုက်မလဲ နားစွင့်နေမိ၏။

ပယင်း၏အပြုံးက တလက်လက်တောက်ပလာကာ(ဓာတ်ပုံထဲမှ ပယင်းက) အသက်ဝင် လှုပ်ရှားလာသလို ခံစားမိလျက် . . ပယင်းဟု အားရဝမ်းသာခေါ်မိပြီးကာမှ . . .

"မဟုတ်ပါလား"ဟု သတိရလာသောအခါမှာ . . သူ ဆောက်တည်ရာမရအောင် ကြေကွဲစွာ ခံစားရလေသည်။

"အဲဒီ . . ခေါင်ကတော့လေ၊ ထိုင်မိပြီဆိုရင် မထတော့ဘူး၊ နည်းနည်းပါးပါး ထပါဦး မောင်ရဲ့၊ တကတဲကွယ် . . အညောင်းမိတော့မှာပဲ"





ထက်ခေါင် ပန်းချီဆွဲနေချိန်မှာ . . မကြာခဏဆိုသလိုကြားရသော အသံသာသာကလေး . . .

ယခုတော့ . . . မကြားရတော့ပြီ။

နောက်ကျောမှနေ၍ သိုင်းဖက်လိုက်သော နူးညံ့နွေးထွေးသည့် ရင်ခွင်နွေး . . . .

ယခုတော့ . . . ထွေးပွေ့ခြင်းကင်းမဲ့ခဲ့ပြီ။

နှာခေါင်းတွင်းသို့တိုးဝင်လာသော ကိုယ်သင်းရနံ့မွှေးမွှေးကလေး။

ယခုတော့ . . .

အားလုံးပျောက်ဆုံးခဲ့ပြီ။

ချစ်သူ၏မျက်နှာကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်မရှိတော့ . . .

ချစ်သူ၏စကားသံကို မကြားရတော့ . . .

ချစ်သူ၏ နွေးထွေးသော ပြုစုယုယမှုတွေဖြင့် ဝေးကွာခဲ့ရပြီ။

ကြည့်စမ်းကွယ် . . .

အားလုံးဟာ အိပ်မက်တစ်ခုလို မျက်ပြယ်



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီတဲ့လား . . . မယုံနိုင်စရာ။

ဟင့်အင်း . . မယုံပါ။

လုံးဝ မယုံပါ။

သူ စိတ်နှလုံးကို စိုးပိုင်ခဲ့ဖူးသောချစ်သူမှာ 'ပယင်း' တစ်ယောက်တည်းပဲဖြစ်၏။

ပယင်းမှလွဲ၍ ဘယ်သူ့ကိုမျှ သူ စိတ်မဝင်စားခဲ့တာ . . ပယင်း အသိဆုံးပဲဖြစ်ပါသည်။

ပယင်းနောက်မှ တကောက်ကောက်လိုက်၍ ချစ်ခွင့်ပန်ခဲ့ချိန်ကို ပယင်း မေ့ပြီလား။

ထိုအချိန်ကာလကို ပြန်လည်သတိရချိန်မှာ . . သူ့(ထက်ခေါင်)မျက်နှာမှာ ပြုံးရိပ်သမ်းလာလေသည်။

ချစ်ငွေ့လျှမ်းတက်လာလေသည်။ ပယင်းနှင့် ပြန်လည်ဆုံတွေ့ရသလို ကြည်နူးပျော်ရွှင်လာလေသည်။





ပယင်းလောက်ချစ်စရာကောင်းသည့် မိန်းကလေး ဤကမ္ဘာမှာ နောက်ထပ်ရှိနိုင်လိမ့်မည်ဟု သူ မထင်ပါ။

'ပယင်း'၏ ရွှန်းလဲ့တောက်ပသောအပြုံးကို မီအောင် ပီပြင်အောင် ဆွဲနိုင်မည့်ပန်းချီဆရာကျော်၊ သူမှမဟုတ် တခြားဘယ်သူမျှ ရှိမှာမဟုတ်ပါ။

သူ . . ပယင်းကို ချစ်မြတ်နိုးခဲ့ရသည်မှာ 'ပယင်း'၏အပြုံးကြောင့်ပဲဖြစ်ခဲ့ပါသည်။

ရယ်သံလွင်လွင်ကြောင့် လှည့်အကြည့်မှာ ပယင်း၏ ကြည်လင်တောက်ပသောအပြုံးကိုမြင်တွေ့ရကာ မင်သက်ငေးမောမိခဲ့ရတာကအစ သူ ပယင်းကို စိတ်ဝင်စားခဲ့၏။

ဒီနောက်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်နှလုံးထဲမှာ ပယင်း၏ပုံရိပ်က စွဲမြဲစွာ ဝင်ရောက်လာခဲ့၏။

ပယင်းကို အမြဲလိုမြင်တွေ့လိုစိတ်ဖြင့် ပယင်းကို သူ ရှာဖွေခဲ့ပါသည်။

ပယင်းနောက်မှ တကောက်ကောက်လိုက်ရင်း ပယင်း၏လိုအပ်ချက်မှန်သမျှ သူ ဖြည့်ဆည်းပေးခဲ့ခြင်းဖြင့် ပယင်းမှ သူ့ကိုသတိထားမိလာအောင် သူ ကြံဆောင်ခဲ့ပါသည်။

လမ်းမှာ အမှတ်ထင်လွတ်ကျသွားခဲ့သော ပယင်း၏ပိုက်ဆံအိတ်ကို . . အလျင်အမြန်ကောက်ယူပေးခြင်းဖြင့် ပယင်းမှ သူ့ကို သတိထားမိစေခဲ့၏။

"ကျေးဇူး"

ဟူသော စကားသံချိုချိုလေးက ပယင်းထံမှ ဦးဆုံးရရှိသော တုံ့ပြန်မှုဖြစ်၏။

စားသောက်ဆိုင်မှာ သူကသာ ပယင်းကို တွေ့မြင်ခဲ့လျက် ပယင်းက သူ့ကို လုံးဝ သတိမထားမိချိန်မှာ ပယင်းအတွက် စားသောက်စရိတ်ကို သူရှင်းပေးခဲ့၏။

ဒီနောက်မှာတော့ . . ပယင်း လှမ်းကြည့်





လှျင်မြင်နိုင်မည့်နေရာမှာ သူ ရှိနေခဲ့၏။

စားသောက်ဆိုင်ဝန်ထမ်းလေးနှင့် ပယင်းတို့ အချီအချစကားပြောကာ ဝန်ထမ်းလေးက သူ့ကို လက်ညှိုးထိုးညွှန်ပြချိန်မှာ . . ထက်ခေါင်က မသိဟန်ပြုကာ နေရာမှထွက်လာခဲ့ခြင်းဖြင့် ပယင်းကို တအံ့တသြဖြစ်စေခဲ့ပါသည်။

သူ့ကို သတိထားမိစေခဲ့ပါသည်။

နောက်တစ်ခါမှာတော့ . . . ထက်ခေါင်နှင့် ပယင်းတို့ ကြုံဆုံရင်းနှီးစေဖို့အတွက် ကံကြမ္မာကဖန်တီးပေးခဲ့တယ်လို့ပဲ ဆိုရမလား မသိပါ။

မမျှော်လင့်ဘဲ(နောက်က တမင်လိုက်ရတာမဟုတ်ဘဲ)လမ်းတစ်နေရာမှာ ပယင်း၏ကား ဘီးပေါက်နေလျက် ပယင်းတစ်ယောက်တည်း ကားဘီးဖြုတ်ဖို့ခက်နေချိန်မှာ . . သူ့ကားအဖြတ်နှင့် ကြုံတွေ့ရလေသည်။

'ပယင်း' . . ဟု သိလိုက်သည်နှင့် သူ့ရင်ထဲ ဒိတ်ခနဲ ခုန်ကာ ကားကို အမြန်ဆုံး ပြန်လည်ချိုးကွေ့မောင်းလာခဲ့၏။-

"ကားဘီးပေါက်နေသလား . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်းလာသော သူ့ကို အားကိုးတကြီးနှင့်လှမ်းကြည့်နေသော ပယင်းက သူ့ကိုမှတ်မိသိရှိသွားသောအခါ ဝမ်းသာအားရဖြစ်သွားတာ သိသာလေသည်။

ကြည်လင်စွာပြုံးလိုက်သော ပယင်း၏အပြုံးလေးက သူ့ရင်ကို အင်မတန်မှ အေးစေလျက် နှစ်ခြိုက်စွဲလမ်းခဲ့ရတာ ပယင်း သိမှာမဟုတ်ပါ။

"ဟုတ်ကဲ့ . . . ကျေးဇူးပြုပြီး အကူအညီပေးပါဦး၊ 'ပျင်း'တော့ ချွေးပြန်ပြီး ဘာလုပ်ရမှန်းကို မသိတော့ဘူး"

ထိုစဉ်က ပယင်း၏နာမည်ကို သူ မသိသေးသဖြင့် . . 'ပျင်း'တော့ဟု ကြားမိခြင်းကို ဘယ်လိုနာမည်မျိုးပါလိမ့်ဟု သူ တွေးလိုက်မိ၏။

"ကားတွေသာ တဝီဝီဖြတ်နေတယ်၊ လမ်းသွားလမ်းလာမရှိတော့ အကူအညီတောင်းဖို့ခက်နေတာလေ၊ အတော်ပဲ . . အစ်ကိုရောက်လာပေလို့သာပေါ့"

ကားဘီးဖြုတ်နေသော သူ့နားမှာ ငုတ်တုတ်ထိုင် စကားပြောနေသော သူ့ပုံစံလေးက ဖြူစင်ရိုးသားမှုရှိလျက်





အစ်ကိုတစ်ယောက်ကို ညီမငယ်တစ်ယောက်က တွတ်တီးတွတ်တာ ပြောဆိုနေပုံမျိုးဖြစ်လေသည်။

"ကျွန်တော်လည်း ကားရပ်ထားတာမြင်လို့ သတိထားကြည့်မိသွားတာဗျ၊ ခင်ဗျားဖြစ်နေလို့ တော်တော်အံ့ဩသွားတယ်၊ စောစောကပြောလိုက်တာ ဘာတဲ့ . . 'ပျင်း'ဆိုတာ ကြားလိုက်သလားလို့၊ အဲဒါ . . ခင်ဗျားနာမည်လား"

ပယင်း၏မျက်ခုံးလေးတွေ ပင့်တက်သွား၏။

ပြီးမှ . . .

သဘောကျစွာ အားရပါးရ ရယ်လေသည်။

"ဟောဗျာ . . ဘာလို့ ရယ်တာလဲ"

သူမ,ရယ်တော့ သူပါ ရယ်ပြီးပြောမိ၏။

"ပျင်း မဟုတ်ပါဘူး အစ်ကိုရဲ့ . . ပယင်းပါ၊ ပျင်းက အဲ . . ပယင်းက စကားပြောမြန်တော့ ပယင်းလို့ ပြောတာကို ပျင်းလို့ ကြားကြတာလေ၊ အဲဒါပဲ ခဏခဏ ရှင်းရတယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ပယင်း" . . . တဲ့။

ကြားနေကျနာမည်မျိုးမဟုတ်တာကြောင့် နားထဲမှာ အဆန်းကကျယ်ဖြစ်တာတော့ အမှန်ပင်။

သူမ့ဘာသာ သူမ ပြောပြီး သဘောကျစွာ ရယ်နေပုံကလေးက ကလေးဆန်လျက် ထကယ် အရယ်သန်တာပဲဟု သိလိုက်လေသည်။

"ကျွန်တော့်နာမည်က ထက်ခေါင်ဗျ၊ နောက်တွေ့ရင် . . ခေါ်လို့ပြောလို့ရအောင် ပြောထားတာ"

ပယင်း ရယ်ပြန်လေသည်။

"ဟုတ်ပါရဲ့ . . အစ်ကိုထက်ခေါင်နဲ့ ခဏခဏတွေ့ရတာနော်၊ ဟိုတစ်ခါ ပယင်း(ပျင်းလို့ပဲကြားရလေသည်)ကို စားသောက်ဆိုင်မှာ စိုက်ရှင်းပေးသွားတာအတွက်လည်း အံ့ဩရရော၊ နောက်ကနေ ပိုက်ဆံလိုက်ပေးမယ်လုပ်တော့ ကားမောင်းထွက်သွားတာနဲ့ ပယင်း မပေးလိုက်ရဘူး၊ အတော်ပဲ . . ခုပြန်ယူ"

"ဟာ . . မဟုတ်တာ၊ မယူပါဘူး"

သူ . . ပျာပျာသလဲ ငြင်းလေသည်။ ကားဘီး





ဖြုတ်ပြီးတပ်ပြီးချိန်မှာ သူမက 'စနိုးတာဝါ'ကမ်းပေးသဖြင့် ယူပြီး မျက်နှာသုတ်၏။

ပြီးမှ . . .

လက်တွေ သုတ်လေသည်။

"အဲဒီတုန်းက ဘာလို့ရှင်းပေးသွားတာလဲဆိုတာ ပယင်းတော့ ဘယ်လိုမှကို စဉ်းစားလို့မရခဲ့ဘူး"

"ကျွန်တော် . . ပယင်းကိုခင်လို့ မိတ်ဖွဲ့ချင်တာပါ။ ဟိုတစ်ခါ . . ပိုက်ဆံအိတ်ကောက်ပေးပြီးကတည်းက စိတ်ထဲမှာ မှတ်မှတ်ရရ ရှိခဲ့တာဗျ"

အဲဒီမတိုင်ခင်ကတည်းက ပယင်းကိုမိတ်ဖွဲ့ချင်စိတ်ဖြင့် တကောက်ကောက်လိုက်ကြည့်ခဲ့တာကိုတော့ ထက်ခေါင်က ချန်လှပ်ခဲ့လေသည်။

"ပယင်းလည်း အစ်ကိုထက်ခေါင်ကို ခဏခဏမြင်နေရတော့ တော်တော်လေး အံ့ဩနေခဲ့တာ၊ အဲဒီလောက်တိုက်တိုက်ဆိုင်ဆိုင်တွေ့ရလို့ ထူးဆန်းနေခဲ့တာ"

"ပယင်းနောက်ကနေ တကောက်ကောက်လိုက်နေ

www.burmeseclassic.com



တယ်လို့ရော မထင်ဘူးလား"

ပယင်းမျက်နှာလေး သွေးရောင်လျှမ်းတက်၏။ အရယ်မျက်နှာမှာ အနီရောင်လွှမ်းလေသည်။

"ပယင်းပြောတာ အဲဒီသဘောသက်ရောက်သွားရင် ဆောရီးပဲ အစ်ကို"

အားနာစွာ ဆိုလေသည်။

ဒီတစ်ခါမှာတော့ . . . ထက်ခေါင် ရှက်ရယ် ရယ်လိုက်မိ၏။

"ကဲဗျာ . . ကျွန်တော်တို့ အမောပြေ အအေးဆိုင်ထိုင်ရအောင် ပယင်း၊ ကျွန်တော်တို့ ခင်မင်ရင်းနှီးမှုရတဲ့ အထိမ်းအမှတ်နဲ့ပေါ့"

"ကတိတစ်ခုတော့ အစ်ကိုပေးရလိမ့်မယ်"

"ဟောဗျာ . . ဘာပါလိမ့်"

"ဒီတစ်ခါတော့ 'ပယင်း' ရှင်းမှဖြစ်မယ်"

"ဘာလဲ . . ဟိုတစ်ခါအကြွေးပြန်ဆပ်တာပေါ့ . . ဟုတ်လား"

ပယင်း သဘောကျစွာ ရယ်လေသည်။



ထိုနေ့မှစ၍ ထက်ခေါင်နှင့် ပယင်း၏ခင်မင်မှုမှာ တစ်ဆင့်ထက် တစ်ဆင့်တိုးကာ ချစ်သူဘဝသို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

သတ္တိသမီးဝတ်စုံဖြင့် အလှကြီးလှနေသော ပယင်း၏အသွင်သဏ္ဍာန်က ထက်ခေါင်ကြည့်နေသော မဂ်လာ ခါတ်ပုံထဲမှာထက် အပြင်မှာ ပိုလို့ သာလို့တောင် လှပတင့် တယ်တာအမှန်ပဲဟု ချစ်သူ၏မဂ်လာဓာတ်ပုံကိုကြည့်ကာ ထက်ခေါင် လွမ်းဆွတ်သတိရတာ ပယင်း သိပါမည်လား။

ပယင်းကို လွမ်းလေလေ . . .

ဓါတ်ပုံတွေကြည့်ကာ . . အလွမ်းဖြေရာမှ စိတ်က ထိုနေ့ဆီ ပြန်လည်ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပယင်းကိုမြင်တွေ့ရသူတိုင်းက . . .

"သိပ်လှတာပဲ"

"အရမ်းလှတာပဲ"

ဆိုကြရအောင် ပယင်းက သတို့သမီးအသွင်ဖြင့် ယမင်းရုပ်ကလေးလို လှပလှလေသည်။

ထက်ခေါင်၏မျက်နှာမှာ ပီတိဖြင့်ပြည့်လျှံနေ၏။ ပယင်းကို ကြည့်လို့မဝအောင် ချစ်မြတ်နိုးလှ၏။

ပယင်းကိုရရှိခြင်းအတွက် ကြည်နူးပျော်ရွှင်ရခြင်းကို နှိုင်းဆပြ၍မရအောင် ဂုဏ်ယူဝင့်ကြွားမိလေသည်။

"ခေါင်ကြီးရာ . . . အားကျတယ်ကွာ"

သူငယ်ချင်းအပေါင်းအသင်းတွေ အားကျရလောက်အောင် ချစ်စဖွယ် လှပတင့်တယ်သောချစ်သူကိုရရှိလေသည်ဟု ဂုဏ်ယူမဆုံးရှိလေသည်။

ဘဝမှာ သူ့လောက်အဆင်ပြေစွာ စိတ်ချမ်းသာနိုင်သူမရှိပြီဟု ဝင့်ကြွားချင်လေသည်။

ထက်ခေါင်က အောင်မြင်ကျော်ကြားသော ပန်းချီဆရာဖြစ်၏။ မိမိတို့ဝတ္ထုအဖုံး၌ ထက်ခေါင်၏ပန်းချီလက်





ရာနှင့်မှ စာအုပ်ထုတ်ချင်ပါသည်ဆိုသော ဘက်စ်ဆယ်လာ စာရေးဆရာတွေကြားတွင် ထက်ခေါင်၏နာမည်က ထိပ်တန်းရောက်နေလေသည်။

ဝတ္ထုအဖုံး အချိန်မီရစေဖို့ ထုတ်ဝေသူတွေက ထက်ခေါင်နား ဝိုင်းဝိုင်းလည်နေကြလေသည်။

ခေတ်မီလှပသားနားသော ကွန်ဒိုတိုက်ခန်းနှင့် ကိုယ်ပိုင်ကားနှင့် ငွေရေးကြေးရေးမှအစ အစစအရာရာ အဆင်ပြေသော ထက်ခေါင်၏အိမ်ထောင်ရေးလောက်သာယာသော အိမ်ထောင်ရေး ဘယ်မှာမှ မရှိနိုင်ပေ။

ပယင်းအတွက် မိဘတွေလက်ဖွဲ့ပေးလိုက်သော ပယင်း၏ကိုယ်ပိုင်ကားတစ်စီးက အပိုထပ်စောင်းပါလာသေးရာ ထက်ခေါင်က ကားတစ်စီး၊ ပယင်းက ကားတစ်စီးဖြင့် အဆင်ပြေချင်တိုင်း ပြေနေလေသည်။

တစ်ယောက်အပြင်ထွက်နေသဖြင့် တစ်ယောက်က ကားအခက်အခဲဖြစ်ရသည်မရှိဘဲ ကိုယ်ပိုင်ကားတစ်စီးစီဖြင့် သွားရေးလာရေး အဆင်ပြေလှလေသည်။

"ရှုပ်ပါတယ် မောင်ရာ . . ပယင်းရဲ့ကားကိုရောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် မကောင်းဘူးလား"

"ဟာ . . ဘာလို့ရောင်းရမှာလဲ ယင်းရဲ့၊ မဟုတ်တာ၊ တော်နေကြာ . . မောင်နဲ့လက်ထပ်လိုက်လို့ ယင်းရဲ့ ကား ရောင်းလိုက်ရတယ်လို့ ယင်း မိဘတွေက စိတ်ဆိုးနေပါ့မယ်"

"ဟင့်အင်း . . ဘာစိတ်ဆိုးစရာရှိသလဲ၊ ပယင်းရဲ့ကားပဲဟာ၊ ပယင်းတို့စိတ်ကြိုက် ဘာလုပ်လုပ်ပေါ့"

"နေပါဦး . . ယင်းက ဘာလို့ရောင်းချင်နေရတာလဲ ဒီလောက်တောင်"

"ခေါင့်ကား ရှိနေတယ်လေ မောင်ရယ်၊ ကားတစ်စီးတည်းရှိတော့ လင်မယားနှစ်ယောက် အတူတူအပြင်ထွက်လို့ရတာပေါ့။ ဟော . . သွားစရာရှိတယ်ဆိုရင် မောင်က အပြင်ကနေ အချိန်မီပြန်ပြေးလာ၊ ပယင်းနဲ့အတူတူသွားကြလာကြတော့ ပိုပျော်စရာမကောင်းဘူးလား။ ကားတစ်စီးစီရှိနေတော့ မောင်က သီးသန့်၊ ပယင်းကသီးသန့် ကားတစ်စီးစီနဲ့ . . အတူတူမှ မသွားကြရတာ"





ပယင်းကို သဘောကျမြတ်နိုးရသည့်အထဲတွင် အဲဒီလို ကလေးဆန်ဆန် ချွဲနွဲ့သောအပြောအဆိုလေးတွေပါဝင်လေသည်။

ထက်ခေါင်က ရင်ခွင်ထဲ ခေါင်းတိုးဝင်ရောက်လာသော ပယင်း၏ဆံပင်ကိုသပ်ကာ မေးလေးဆွဲကိုင်မော့စေ၏။

"အဲဒါဆိုရင် ယင်းရဲ့ကားကို ဂိုဒေါင်ထဲသော့ခတ်သိမ်းထားလိုက်လေ ယင်းရယ်၊ အသုံးလိုတော့ ယူသုံးပေါ့၊ မောင့်ကားနဲ့ပဲ သွားကြလာကြတာပေါ့၊ မကောင်းဘူးလား"

"ဟင့်အင်း . . မကောင်းပါဘူး၊ ကားဈေးတွေတက်နေတဲ့အချိန်ထုတ်လိုက်ရင် ပိုက်ဆံတွေအများကြီးရမှာ"

"ပိုက်ဆံ ဘာလုပ်ရမှာလဲ မိန်းမရာ၊ တော်နေကြာမှယောက္ခမကြီးက မောင့်ကိုအပြစ်တင်နေပါ့မယ်"

"ဘာလို့ အပြစ်တင်ရမှာလဲ ခေါင်ရဲ့၊ ကိုယ့်ကားကိုယ့်သဘောပဲဥစ္စာ၊ အခုလည်း ငွေပိုရင် ကျွြားအသုံး



www.burmeseclassic.com

www.burmeseclassic.com



တည့်တာ တစ်ခုခုပွားဖို့ ပယင်းက ပြောတာ၊ နောက်
ဆိုရင် ပယင်းတို့မှာ သားသမီးတွေနဲ့ ဒီထက်ကြိုးစား
ကြရဦးမှာရှင့်"

ပယင်းလက်ကလေးက ဗိုက်ပေါ် မသိမသာ
ရောက်ကာ အသာအယာပွတ်တာကြောင့် ထက်ခေါင် မျက်လုံး
လေးပြူးဝိုင်းသွားရလေသည်။

"ယင်း . . ယင်း . . ဒါ . . ဒါ . . ဟိုဥစ္စာ . . ဟ
လေး"

အားရဝမ်းသာ မေး၏။

ပယင်းက ရှက်စနိုးမျက်နှာကလေးဖြင့် ထက်
ခေါင်ရင်ခွင်ထဲမျက်နှာအပ်ကာ ခေါင်းညိတ်လေသည်။

"ဟာ . . ဟာကွာ . . ယင်းရာ"

ပယင်း၏ကိုယ်လေးကို ဆွဲပွေ့ချီယမ်းမြ
လိုက်၏။ ပယင်း၏ ခိုးခိုးခစ်ခစ်ရယ်သံ၊ ထက်ခေါင်၏ ရယ်သံ
အခန်းထဲမှာ ညံလေသည်။

ပျော်ရွှင်ခြင်းသည် တုနှိုင်းဖွယ်ရာမရှိပြီ၊
တလောကလုံးတွင် မိမိတို့ဇနီးမောင်နှံမှတစ်





ပါး သာယာကြည်နူးဖွယ်ကောင်းသောအိမ်ထောင်ရှိမည်မထင်
ဟု စိတ်ကြီးဝင်လေသည်။

စိတ်တူကိုယ်တူ တည်ဆောက်ထားသော
အိမ်ထောင်၏ သာယာချမ်းမြေ့ခြင်းသည် လောကနိဗ္ဗာန်အ
လား စိတ်မှာ ယုံမှတ်ပျော်ရွှင်စရာကောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

ပယင်း၏ စိတ်အလိုကျအတိုင်း ပယင်း၏ တားလေးကို သိမ်းထားလိုက်၏။

အိုဂျီ (မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး)ထံသွားရောက်ပြသဖို့ ထက်ခေါင်တာ ဘယ်လောက်ပဲ အလုပ်ရှုပ်ထွေးနေပါစေ ....

ပယင်းထံအချိန်မီပြန်ရောက်လာကာ ပယင်း၏ လက်မောင်းလေးကိုတွဲခေါ်လျက် ကားပေါ်ညင်သာစွာ ထိုင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ချိုင့်ခွက်တစ်ခုခုနင်းမိပြီး ကား ဆောင့်မှာ . . ပယင်း အထိတ်တလန့်ဖြစ်သွားမှာစိုးရိမ်စိတ်ဖြင့် ကားကို ညင်သာစွာမောင်းသဖြင့် ကားသမားအချို့၏ အော်ဟစ်ဆဲရေးခြင်းကို 'ထက်ခေါင်' ခံရလေသည်။

"မောင်ကလည်း . . အဆင်ပြေသလိုသာ မောင်းပါ
ပယင်းက အဲဒီလောက်ကြီးမဟုတ်ပါဘူး"

ကြာတော့ . . ပယင်းကိုယ်တိုင်က ပြောယူရလေသည်။

"ပယင်းက မလန့်ဘူးဝဲထား။ သားသားလေး လန့်သွား
မှာ ယင်းရဲ့ . . သနားပါတယ်"

'အာထရာဆောင်း'မှာ သားလေးဟုပေါ်ပြီး ချိန်မှစ၍ သားသားလေးဆိုသောစကားလုံး ထက်ခေါင်ပါးစပ်ဖျားမှာ စွဲမြဲစွာပါလာလေသည်။

'ပယင်း' အိပ်ရေးဝဝအိပ်ဖို့ . . .

ဆေးမှန်မှန်သောက်ဖို့ . . .

လမ်းမှန်မှန်လျှောက်ဖို့ တတွတ်တွတ်မှာကြား ရတာ အမောပဲဖြစ်လေသည်။



ထက်ခေါင်ကိုယ်တိုင် အချိန်ရတာနှင့် ပယင်းနှင့်အတူ လမ်းလျှောက်ထွက်ကြရင်းက သားလေးနာမည်မှည့်ဖို့စဉ်းစားကြဖြင့် ပယင်း၏ကိုယ်ဝန်ဆောင်ကာလတစ်လျှောက်လုံးမှာ သာယာကြည်နူးဖွယ်အချိန်များသာဖြစ်လေသည်။

မွေးဖွားရက်နီးလာသောအချိန်မှာ ပယင်း၏အမေရောက်လာသဖြင့် ပယင်း အံ့သြတကြီးဖြစ်ကာ မေမေ့ကို ပွေ့ဖက်ကြိုဆို၏။

"ကြည့်စမ်း . . မေမေရယ်၊ ပယင်း မွေးတဲ့အချိန်မှာ
မေမေရှိရင်ကောင်းမှာပဲလို့ တွေးနေမိတာ၊ ခု . .
မေမေ ဘယ်သူနဲ့လာခဲ့တာလဲ"

"ဟဲ့ . . ဘယ်သူနဲ့လာရမှာလဲ၊ ထက်ခေါင်လေ . .
ဖုန်းဆက်ခေါ်လို့ထွက်လာခဲ့တာ"

မေမေ မေးဆတ်ပြရာကြည့်တော့ ထက်ခေါင်က မေမေ့အဝတ်အိတ်ကို သယ်လာတာတွေ့ရလေသည်။

"သင်္ဘောဆိပ်ကနေကြိုလာခဲ့တာလား . . ဟုတ်
လား"



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်စွာ မျက်လုံးအဝိုင်းသားဖြင့်ကြည့်နေသောယင်းကို ထက်ခေါင်က အရယ်မျက်နှာဖြင့် လှမ်းကြည့်လေသည်။

"ဟုတ်တယ် . . ယင်းရဲ့၊ ယင်း အံ့အားသင့်သွားအောင် မပြောဘဲနေတာ"

"ဟာ . . မကောင်းဘူးကွာ . . မောင် မကောင်းဘူး၊ စောစောကသိရင် ပယင်းပါလိုက်ကြို့မှာပေါ့၊ စိတ်ဆိုးတယ်သိလား၊ ပယင်း အရမ်းစိတ်ဆိုးတာပဲ"

ပယင်း မျက်နှာရှုံ့တွ ခြေဆောင့်ဆို၏။

"အဲဒီလို လိုက်ကြို့ချင်တယ် ဘာတယ်ဖြစ်မှာစိုးလို့ကို တမင်မပြောတာ ယင်းရဲ့၊ မွေးဖွားခါနီးလျှောက်သွားရင် ယင်း ပင်ပန်းမှာစိုးလို့ . . သိရဲ့လား"

"မသိဘူးကွာ . . မသိဘူး၊ အဲဒီလို ပယင်းမသိအောင် လျှို့လျှို့ဝှက်ဝှက်လုပ်တာမျိုးတွေ မကြိုက်ပါဘူး"

"ဘာလျှို့ဝှက်လို့လဲကွာ . . ယင်းကလည်း၊ ယင်း ပျော်သွားမလားလို့ တိတ်တိတ်ကလေး ဖုန်းဆက်တာ၊ အဲဒီလို နှုတ်ခမ်းစူ စိတ်ကောက်ရင် မွေးလာတဲ့ကလေး





မျက်လုံးပြူးပြူး နှုတ်ခမ်းထော်ထော်ကြီးဖြစ်မယ် ယင်းရဲ့၊ စိတ်မကောက်နဲ့နော် . . . စိတ်မဆိုးနဲ့၊ မောင့်မိန်းမက ရယ်လိုက်ရင် အရမ်းလှတဲ့ကောင်မလေး၊ ကဲ . . ရယ် . . ရယ်လေ"

ထက်ခေါင်က ပခုံးချင်းတိုက်ပြောမှ ပယင်းရယ်သံထွက်လာလေသည်။

"ဟဲ့ . . ငါ့အဝတ်သေတ္တာ ဘယ်မှာလဲ ထက်ခေါင်"

"ဟုတ်ကဲ့ မေမေ . . လာပြီ"

ယောက္ခမအသံကြားမှ ထက်ခေါင် ပခုံးတွန့်ရယ်မောရင်း အခန်းထဲအထိသယ်ယူလာမိသော အဝတ်သေတ္တာအား အပြေးအလွှားပြေးပို့တာကိုကြည့်ပြီး ပယင်းတခစ်ခစ်ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်စွာအော်လိုက်သော ပယင်း၏အော်သံကြောင့် ထက်ခေါင် ခါးကြောတင်းမတ်ကာ ကြက်သီးမွေးညင်းထသွား၏။

ပယင်း . . နာနေရှာပြီ . . .

ဟူသော ကရုဏာစိတ်ဖြင့် ထက်ခေါင်မှာ ထိုင်ရာမှ ထ၊ ထရာမှ ထိုင်ကာ နေမထိ ထိုင်မထိဖြစ်လျက် ဘယ်လိုမှနေမရအောင်ဖြစ်လေသည်။

ပယင်း၏မျက်နှာပြင်မှာ ချွေးသီးချွေးပေါက်တွေသီးနေလျက် ဤမျှပင်ပန်းကြီးစွာ နာကျင်ရှာရလိမ့်မည်ဟု ထက်ခေါင် လုံးဝထင်မှတ်မထားခဲ့ပါ။

အမှန်စင်စစ်မှာတော့ မွေးလူနာခန်းထဲ သူ ဝင်လိုက်ခွင့်မရှိပါ။

သို့သော် . . .

ပယင်း၏ကိုယ်ဝန်ကိုအပ်ထားသော အထူး





တုသမားတော်ကြီးနှင့်က အထူးခင်မင်ကျွမ်းဝင်နေသဖြင့် ပယင်းအနားမှာနေချင်တယ်ဟူသော သူ၏တောင်းဆိုမှုကို လိုက်လျောလျက် ခပ်လှမ်းလှမ်းမှ ကြည့်ရှုခွင့်ရနေခြင်းဖြစ်လေသည်။

ပယင်းနောက်တစ်ချက်အော်လိုက်စဉ်မှာ သူ ထိတ်လန့်တုန်လှုပ်ကာ ပယင်းထံ အတင်းပြေးဝင်သွားမိ၏။

"ပယင်း . . အရမ်းနာနေပြီဗျာ၊ လုပ်ပါဦး . . ကျွန်တော့်မိန်းမကို ကယ်ပါဦး"

ပယင်း၏လက်ကိုဆုပ်ကိုင်လိုက်စဉ်မှာ . . ပယင်းက အားကိုးတကြီး ပြန်လည်ဆုပ်ကိုင်ကာ တင်းကျပ်နေလေသည်။

"ပယင်း . . ပယင်း"

စိုးရိမ်တကြီးဖြစ်နေသော သူ့လက်မောင်းကို သမားတော်ကြီးက ဆုပ်ကိုင်လိုက်၏။

"စိတ်မပူနဲ့ ခေါင်၊ ခဏကြာရင်မွေးတော့မှာ၊ ဒါမျိုးက ဒီလောက်ကတော့ နာကြရတာပဲ၊ ဘာမှ စိုးရိမ်စရာ မရှိဘူး။ မင်းပဲ အပြင်ထွက်ပေးဖို့လိုမယ်၊ ကဲတဲကွယ်



www.burmeseclassic.com

www.burmeseclassic.com



. . ဒီလိုမျိုး ဒီတစ်ယောက်ပဲတွေ့ဖူးပါတယ်"

ရယ်မောပြောဆိုကာ အပေါက်ဝအထိလိုက်ပို့ခြင်းကြောင့် ထက်ခေါင် အပြင်ခန်းပြန်ရောက်လာခဲ့၏။

ဒီတစ်ခါမှာတော့ . . ပယင်းကိုမြင်တွေ့ခွင့်မရှိအောင် အခန်းတံခါးဆွဲပိတ်လိုက်လေသည်။

ပယင်း၏မေမေက ပါးစပ်က လှုပ်စိလှုပ်စိဖြင့် ဘာတွေရွတ်ဖတ်နေမှန်းမသိပါ။

"ပယင်း တအားနာနေတာဗျာ . . မမွေးနိုင်သေးဘူး အဲဒါ ဘယ့်နှဲ့လုပ်ကြမလဲ ဟင်၊ ပယင်းကြည့်ရတာ အရမ်းပင်ပန်းနေပြီဗျ၊ သိပ်သနားစရာကောင်းတာပဲ"

ပယင်း၏မေမေက သူ့ကို မျက်စောင်းထိုးလေသည်။

"ဟဲ့ . . မွေးခါနီးမှာမို့ ဒီလောက်နာနေတာပေါ့။ များများနာလေ မြန်မြန်မွေးလေပဲ၊ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး၊ အင်္ဂလိမာလသုတ်ရွတ်နေတာ ဖြောင့်ဖြောင့် မရွတ်ရဘူး၊ ကတဲ . . အဖြစ်သည်းနေ





လိုက်တာ၊ သူများတွေကြားရင် နားကြားပြင်းကတ်အောင်"

"စိုးရိမ်တာကိုးဗျ၊ အဲဒါကြောင့် ခွဲမွေးရအောင်ပြောတာ၊ မေမေပဲ မလိုပါဘူးဆို"

"အေးလေ . . မလိုလို့ မလိုဘူးပြောတာပေါ့၊ ကိုယ့်ဗိုက်ကို ဓားနဲ့ခွဲရတာလောက်ကြောက်စရာကောင်းတာ ရှိပါဦးမလား၊ သဘာဝအတိုင်းမွေးတာက ခဏပဲ နာတာ၊ ဝမ်းကနေ ကလေးကျွတ်တာနဲ့ . . ဟော . . ဘာဆို ဘာအနာမှမရှိတော့ဘူး . . ပြီးပြီ၊ ခွဲမွေးတာကျတော့ ချုပ်ရိုး ဘာဖြစ်တာနဲ့ ညာနဲ့၊ ခွဲတုန်းကထုံဆေးနဲ့ခွဲလို့ မနာတာ၊ ထုံဆေးပြေတာနဲ့ နာမယ့်ဥစ္စာ ဘာထူးမှာလဲ၊ တစ်ခါပဲအနာခံရအောင် ငါက စေတနာနဲ့ပြောခဲ့တာ"

ထက်ခေါင်မျက်စိထဲမှာတော့ 'ပယင်း' နာကျင်စွာခံစားနေရတာကိုမြင်ကာ ခွဲမွေးတာက ပိုအဆင်ပြေမယ်ဟု တွေးနေမိလေသည်။

"ကိုင်း . . ခေါင်ရေ . . လာတော့၊ သွားလေးချေြ



www.burmeseclassic.com

www.burmeseclassic.com



ရှင် . . ကလေးအဖေဖြစ်ပြီ”

အခန်းတံခါးပွင့်ကာ ခေါင်းပြူအော်သူက သမားတော်ကြီးကိုယ်တိုင်ဖြစ်လေသည်။

“ဝေး”

ထက်ခေါင် ထိုင်ရာမှ ထခုန်၏။

“သားလေးကွ . . သားလေး”

နှလုံးသားတွေ တဒိတ်ဒိတ်အခုန်မြန်ကာ ဘယ်လိုပျော်မှန်းမသိအောင်ကို ပျော်လေသည်။

သမားတော်ကြီးနှင့်က ဆွေမျိုးလိုခင်မင်ကျွမ်းဝင်နေတာမို့ မီးဖွားခန်းထဲဝင်ခွင့်ရလေသည်။

ပယင်းမျက်ဝန်းတွေက သူ့ကိုမြင်သောအခါ ဝင်းလက်တောက်ပသွား၏။ ပယင်း လက်ဖဝါးလေးတွေကို သူက ဆုပ်ကိုင်အားပေးလိုက်၏။

“ပယင်း နေကောင်းတယ်နော်”

“အင်း”

“နာသေးလား”

“ဟင့်အင်း”





“ဘယ်နာတော့မလဲ . . စောစောကနာခဲ့တာတောင် ဘယ်လိုနာခဲ့တာလဲ ပြန်စဉ်းစားရမှာ၊ ကဲ . . ကဲ . . ရှင့်မိန်းမကို ထနော်လီနဲ့မခေါ်ဘူး၊ ရှင်ကိုယ်တိုင်ပွေ့ချီပြီး ခုတင်ပေါ်တင်ပေးလိုက် ‘ခေါင်’၊ အဲဒီလောက်အဖြစ်သည်းတဲ့ယောက်ျားကို ခိုင်းရမယ် . . ပွေ့”

သမားတော်ကြီး ရယ်မောပြောဆိုတာ . . နောက်တာပြောင်တာလည်း ဖြစ်နိုင်လျက် တကယ်ခိုင်းတာလည်းဖြစ်နိုင်လေသည်။

ထက်ခေါင်ကျတော့ . . . ဘာဘာညာညာ ယုံ့ဝ မစဉ်းစားဘဲ ချစ်ဇနီးကိုပွေ့လိုက်၏။ သူနာပြုဆရာမလေးတွေ ရယ်မောလက်ခုပ်တီး ဩဘာပေးသံက အခန်းထဲမှာ ညံကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ထက်ခေါင်နှင့်ပယင်းတို့၏ နှစ်ယောက်တစ်အဝထဲသို့ သား ဝင်ရောက်လာခြင်းက ပိုမိုပြီးပြည့်စုံသာယာသောအိမ်ထောင်ရေး ဖြစ်ထွန်းစေခဲ့လေသည်။

"အမေကြီးရေ . . မပြီးသေးဘူးလားကွာ၊ ဒီမှာ . .

သားသား ဆာနေပြီ၊ လုပ်ပါကွ . . မြန်မြန်လေး"

သား၏ငိုသံ . . .

ထက်ခေါင်၏ မြူးချော့သံဖြင့် အိမ်မှာဆူညံနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါပြီ . . ဒီမှာ ဟင်းအိုးတန်းလန်းနဲ့မို့ . . ခဏ
လေး . . ခဏလေး"

ထက်ခေါင် ကလေးချီလျက်တန်းလန်း အနားရောက်လာတာ မသိသဖြင့် ပယင်းက အသံမြှင့်အော်၏။ ကလေးငိုသံ စူးခနဲ ပေါ်လာလေသည်။

"ကွာ . . ငါ့သားလေး လန့်သွားပါပြီ မိန်းမရာ၊ မင်း
အသံကြီးက ကျယ်လိုက်တာ"

"ဩော် . . အနားရောက်လာမှန်းမသိလို့ အော်တာ
ထွက်လေ . . ဒီမှာ ဟင်းအိုးနဲ့တွေ သားကိုနံတော့မှာ
ပဲ"

"မြန်မြန်လုပ်ပါကွ . . သားဆာနေပြီ"

"အင်းပါဆို၊ ကဲ . . ထွက်ပါ"

ပယင်းက ထက်ခေါင်ကျောပြင်ကို လက်ဖ[illegible] နှစ်ဖက်ဖြင့်တွန်းကာ အပြင်ရောက်အောင် ပို့ပေး၏။

ထက်ခေါင်က မသွားချင်သွားချင်ပုံစံမျိုးဖြ[illegible] ခြေထောက်တွေလေးကန်ထားရာမှ တရွေ့ရွေ့အပြင်ရော[illegible] လာလေသည်။



ကလေးတစ်ယောက်ပိုလာခြင်းက ဘာမှ မဟုတ်လောက်ဟု ယခင်က ထင်ခဲ့၏။

ယခုတော့ . . .

လင်မယားနှစ်ယောက်လုံး မအားလပ်ရအောင် ဗျာများအလုပ်ရှုပ်ကာ စိတ်ရောလူပါ ပင်ပန်း၏။

ညဥ့်တိုင် ကလေးမအိပ်ဘဲ ထထငိုနေသဖြင့် တစ်ယောက်တစ်လှည့်စီ ထချော့ထိန်းရလေသည်။

မနက်ကျပြန်တော့ အိပ်ရေး မဝပေမယ့် ပေအိပ်၍ မရ၊ စားဖို့သောက်ဖို့ ချက်ပြုတ်အဝတ်လျှော် အိမ်သိမ်း ကလေးဝေယျာဝစ္စတွေဖြင့် ပယင်း ချာချာလည်အောင် ပင်ပန်းလေသည်။

ထက်ခေါင် ဝိုင်းကူလုပ်ပေးပေမယ့် ပယင်းလို ထောင့်စေ့အောင်မလုပ်နိုင်သဖြင့် ပယင်းကို သနားအားနာလေသည်။

"လူငှားတစ်ယောက်လောက်တော့ ခေါ်မှဖြစ်မယ်
ပယင်းရဲ့၊ ပယင်း အရမ်းပင်ပန်းနေပြီ"

"ရပါတယ် ခေါင်ရယ်၊ အဲဒီလူငှားခေါ်ရမှာများ

www.burmeseclassic.com



ကြောက်လွန်းလို့ လူသာ အပင်ပန်းခံချင်တယ်၊ စိတ်အပင်ပန်းမခံချင်ဘူး၊ မေမေတို့အိမ်ကလူတွေ ဒုက္ခပေးတာ ဘယ်လောက်စိတ်ဆင်းရဲရသလဲ၊ မောင်မြင်နေကြားနေရတာပဲဟာ"

"ဒါပေမဲ့ . . ဒီလိုသာဆက်သွားနေရင် ပယင်း လဲသွားမယ် ယင်းရဲ့၊ ခုပဲကြည့် . . ယင်းမျက်နှာလေး ချောင်နေပြီ၊ ညဥ့်လည်း အိပ်ရေးပျက်၊ နေ့ဘက်လည်း မနားရနဲ့ . . တော်နေကြာမှ ကျန်းမာရေး ထိခိုက်နေမယ်"

"လူပင်ပန်းပေမယ့် စိတ်ချမ်းသာရင်ပြီးတာပဲ၊ အိမ်မှာဒုက္ခတွေခံခဲ့ရလွန်းလို့ ပယင်း တကယ်ကြောက်နေတာ ခေါင်ရဲ့၊ ပစ္စည်းခိုးတဲ့သူနဲ့ . . စကားရှုပ်တဲ့သူနဲ့၊ အဲဒီထက်ဆိုးတာက . . ကိုယ့်အိမ်ရောက်မှ နေမကောင်းလို့ဆိုပြီး လှဲနေ လဲနေတဲ့သူနဲ့၊ ကိုယ့်ကိုကူညီတယ်မရှိဘူး၊ သူတို့ကို ပြန်ပြုစုရနဲ့၊ တကယ်ရောဂါဖြစ်တာလည်းမဟုတ်ဘူး . . ညာတာ"

"ဟင်/ . . ဘာလို့ညာတာလဲ သူတို့က"



"ကြိုတင်ငွေချေးလစာယူထားတော့ ချေးလပြည့်အောင်နေရတော့မှာကိုး၊ ဒီတော့ . . တစ်လနှစ်လကြာတာနဲ့ အိပ်ရာထဲ လဲပြတော့တာပဲ၊ သူ့မှာအသည်းရောင်ရောဂါရှိပါတယ်ဆိုတော့ ဘယ်သူကထားရဲမလဲ ပြန်တော့ပေါ့၊ ပေးထားတဲ့ငွေအဆုံးပဲပေါ့၊ ဘာတတ်နိုင်မလဲ၊ ဟော . . လိုချင်တဲ့အကွက်လည်းရရော ထပြန်လိုက်တာ ကြော့လို့"

"ဟောဗျာ"

ထက်ခေါင် . . အံ့ဩမျက်လုံးပြူး၏။

"အဲဒီထက်ဆိုးတာက ပွဲစားက အပျို့ဆိုပြီး ထည့်လိုက်တဲ့မိန်းကလေးက အိမ်ရောက်လို့မှ တစ်လမရှိသေးဘူး၊ ပျို့ဟယ် အန်ဟယ်နဲ့ဖြစ်လို့ အိမ်ရှင်က အစာအိမ်ရောဂါလား ဘာလားနဲ့ ဆေးခန်းတွေဘာတွေပြပေါ့၊ လူကလည်း မစားနိုင်မသောက်နိုင်ဖြစ်ပြီး ချုံးကျသွားတော့ ဆေးခန်းပြရတာပေါ့၊ အစာအိမ်ရောဂါဖြစ်တယ်ပဲမှတ်တာ၊ တကယ့် ကကာယ်ကျတော့ ကိုယ်ဝန်နှစ်လသုံးလတောင်ရှိနေပြီတဲ့ . . တဲ့"

www.burmeseclassic.com



"ဟင် . . ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်တာလဲဆိုတော့ သူက အိမ်ထောင်ရှိတယ်လေ၊ ငွေလာစုတာပေါ့၊ အဲဒါ . . အိမ်ရှင်က အိမ်ထောင်ရှိတယ်ဆိုရင် ပြန်ဟယ်ပြုဟယ် ဖြစ်မှာစိုးပြီး အပျိုပဲလိုချင်တယ်ဆိုတော့ ပွဲစားက အလုပ်ရအောင် အပျိုလို့ပြောဆိုလို့ . . ညာပြောရတာတဲ့၊ ကဲ . . ဘယ်လောက် မကောင်းလိုက်သလဲဆိုတာ"

"ဟာကွာ . . မဟုတ်လိုက်တာ၊ အမှန်အတိုင်းပြောတော့ဘာဖြစ်သလဲ"

"တချို့ကျတော့လည်း ကလေးအမေဖြစ်နေရင် ကလေးလွမ်းတာနဲ့၊ မှိုင်နေ ငိုင်နေတာမျိုးဖြစ်မှာစိုးလို့ မကြိုက်ဘူးလေ၊ တော်နေကြာ . . ဘာဖြစ်လို့ ခဏပြန်ဦးမယ်ဆိုတာမျိုးတွေ ခဏခဏကြုံနေရတော့ အိမ်ထောင်လက်ရှိနဲ့ဆိုရင် မခေါ်ချင်ကြဘူး၊ စောစောက ကိုယ်ခန်ကိစ္စကတော့ ပယင်း မိတ်ဆွေတစ်ယောက်အိမ်မှာဖြစ်တာ၊ အဲဒီလိုမျိုးတွေ ကြုံထားတော့ ပယင်း တကယ်ကြောက်တယ်"



"ဟုတ်တယ် . . တကယ်ကြောက်စရာပဲ"

"ကိုင်း . . ခေါင် ခေါ်ချင်သေးသလား"

ထက်ခေါင် မျက်နှာရှုံ့၏။

"စိတ်ရှုပ်စရာကြီးကွာ . . ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်လို့ ခေါ်ပါတယ်၊ အရှုပ်တော်ပုံတွေ ထပ်ဆင့်ဝန်ပိမှာတော့ ကြောက်တယ် ယင်းရဲ့၊ ဒီလိုလုပ်လေ . . အသက်အရွယ်ကြီးကြီးထဲကဆိုရင်ရော"

"အဲဒီတော့ . . သွေးတိုး ခေါင်းကိုက် ဆီးချိုရောဂါ တစ်ခုမဟုတ် တစ်ခု ဝင်နေလောက်တဲ့အရွယ်လေ၊ ဒီလို တိုက်မြင့်မြင့်အလွှာထပ်တွေကနေ မဆင်းနိုင် မတက်နိုင်လို့ ကိုယ်ကပဲ ပြေးဟယ်လွှားဟယ် ဆင်းပေးနေရမယ်၊ ပြီးတော့ . . ခေါင့်လို လူကြီးကိုရိုသေသိတတ်တဲ့သူနဲ့ကတော့ . . လုံးဝကို မကိုက်တာ၊ ဒေါ်ကြီး နေနေ ကျွန်တော်လုပ်မယ် ဖြစ်မယ့်သူ"

ပယင်းက လက်ဟန်ခြေဟန်နှင့်လုပ်ပြနေသဖြင့် ထက်ခေါင် သဘောကျစွာ ရယ်လေသည်။

"ဟင် . . ဘာရယ်စရာပါလို့လဲ ခေါင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာပါလို့ မဟုတ်ဘူး ယင်းရဲ့၊ ယင်း စကားပြော တာ သဘောကျလို့၊ ကိုယ့်မိန်းမကတော့ကွာ . . စကားပြောတာ ဟန်နဲ့ပန်နဲ့ တကယ်အမူအရာ ကောင်းတယ်၊ ရုပ်ရှင်မင်းသမီးလုပ်လို့ရတယ်"

"တကယ်ပြောတာလား ခေါင်"

ပယင်းမျက်နှာမှာ ကြည်နူးရိပ်လွှမ်းလေ သည်။

"တကယ်ပေါ့ . . ပွင့်အမူအရာနဲ့ တစ်ထပ်တည်းပဲ"

"ဟာ . . . ကြည့်ပါလား၊ အဲဒီခေါင်ကတော့လေ အ ကောင်းပြောတယ်မှတ်လို့ . . ကဲ . . ကဲ"

ပယင်းက ထက်ခေါင်ကို လိုက်ရိုက်၏။ထယ် ခေါင်က အိမ်ဧည့်ခန်းထဲမှာ ကွေ့ရှောင် လှည့်ပတ်ပြေးသေ သည်။

ကလေးငိုသံကြားမှ . . နှစ်ယောက်သား 'ကလေး'ရှိရာပြန်ပြေးလာကြချိန်မှာ ချွေးဖြင့် ရွှဲနစ်နေကြသေ သည်။

သာယာကြည်နူးဖွယ်ကောင်းသောအ





တာလများစွာမှာ ထက်ခေါင်နှင့်ပယင်းတို့အတွက် ဘယ်လိုမှ မေ့ပျောက်ပစ်၍ ရနိုင်စွမ်းမည်မဟုတ်သော . . .

အမှတ်ရစရာများဖြင့်သာ ပြည့်နှက်နေခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

သား မောင်ထက်ခေါင်နဲ့ သမီး ပံယင်းဖြူ

.ဘာမှ မကြာလိုက်ဘူးအောက်မေ့မိ

တာ မြေးလေး နှစ်နှစ်ပြည့်မွေးနေ့လုပ်တော့

မယ်ဆိုမှ . . အချိန်တွေ မနည်းတော့ပါလား

လို့ သိလိုက်တယ်၊ သားတို့ သမီးတို့ရေ . . .

မြေးလေးနာမည် 'အာကာထက်

ခေါင်'ဆိုတာ စိတ်စာမှာဖတ်လိုက်ရတော့

ဘုရား . . .



www.burmeseclassic.com

www.burmeseclassic.com



နာမည်က သိပ်များမြင့်နေမလားလို့

ဘုရားတောင် 'တ'မိတယ်၊

မိဘတိုင်း ကိုယ့်သားသမီးကို ကိုယ်

ထိပ်တန်းရောက်စေချင်ကြတာပဲ၊

မြင့်မြင့်မားမားဖြစ်ထွန်းစေချင်ကြ

တာပဲ၊

ဒါ သဘာဝပဲလေ . . .

ဒါပေမဲ့ . . . သဘာဝထက်လွန်ကဲ

တဲ့နာမည်မှည့်တာမျိုးကျတော့ ရှောင်သင့်ကြ

တယ် ဖေဖေထင်တယ်၊

အခုတလော . . သတင်းစာထဲမှာ

မကြာခဏတွေ့နေရတဲ့နာမည်တွေက ဆန်း

ဆန်းပြားပြားပဲ၊

တချို့ဆို . . . ဘွဲ့နာမည်တစ်ခုခု

လားလို့တောင် ထင်မှတ်ရတယ်၊ ရိုးရိုးလူနာ

မည်နဲ့တောင် မတူတော့ဘူး။

သူများထက် ထူးအောင် ထူးထူး





ခြားခြားမှည့်ကြတာလား . . .

ဖေဖေကပဲ ခေတ်မမီတော့တာလား

မပြောပြတတ်တော့ဘူး . . .

ထားပါ။

အဆန်းထွင်ရာက ဆန်းလွန်းတော့

စည်းအပြင်ရောက်တယ်ပဲထားပါ၊

ဖေဖေ့မြေးကိုတော့ 'အာကာ'ဆို

တာလောက်နဲ့ပဲ လုံလောက်ပြီလို့ ဖေဖေထင်

တယ်၊

ကလေးအဖေရဲ့နာမည် 'ထက်ခေါင်'

ကိုတွဲထည့်လိုက်တော့ သိပ်မြင့် မသွားပေဘူး

လား။

ဒါ . . ဖေဖေက သတိပေးတာလေ၊

ကြိုက်ရင်လက်ခံ မကြိုက်ရင် 'လှန်' ရတယ်၊

ဒီလိုဖြစ်ရမယ်လို့ ဖေဖေ အတင်း

မပြောပါဘူး၊ ဖေဖေကတော့ တရားရှိသော

ဝင်ချိန်ဖြစ်နေတော့ မလောဖြစ်တော့ဘူးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် . . .

သားတို့သမီးတို့မေမေနဲ့ပဲ စာရေ

ပေးလိုက်တာ၊ ဖိတ်စာဖတ်ပြီးတာနဲ့ ဒီစကား

တွေပြောချင်လို့ ရေးလိုက်တာ၊ တယ်လီဖုန်း

နဲ့ပြောရင်လည်း လိုရင်းကမရောက်ဘူးလေ

ကဲ . . ဒါပါပဲကွယ်၊

ဆင်ခြင်နိုင်အောင် သတိပေးတာ

ပါ။

သာယာချမ်းမြေ့ကြပါစေ

သားတို့သမီးတို့ရဲ့ ဖေဖေ

'မြတ်စံ'ဟု ရေးထိုးထားသော လက်မှတ်ကို

ရှင်းလင်းစွာမြင်တွေ့ရ၏။

ပယင်း၏ဖေဖေ ဦးမြတ်စံကို . . ထက်ခေါင်

လေးစားပါသည်။ စကား များများစားစားပြောလေ့မရှိဘဲ အေ

တည်ငြိမ်သားအေးဆေးဖြောင့်မတ်သူဖြစ်လေသည်။

ယခုလို . . စာရှည်ရှည်ဝေးဝေး ရေးသား

ဆုံးမခြင်းကို ဦးဆုံးအကြိမ်အဖြစ် ထက်ခေါင်ကြုံတွေ့ဖူးခြင်းဖြ





၏။

"ဘာတဲ့လဲဟင်"

ပယင်းက လှမ်းမေး၏။ ပယင်း၏မေမေက

အချင်စိတ်ဖြင့် လှမ်းကြည့်လေသည်။

"ဖတ်ကြည့်လေ"

ထက်ခေါင်က စာကမ်းပေး၏။ ပယင်းက

ဘွတ်'ခနဲ အသံပြုလေသည်။

"ဩော် . . မဖတ်အားသေးလို့ ဘာလဲ မေးတာပေါ့

ခေါင်ရဲ့၊ ပြောလိုက် ပြီးတဲ့ကိစ္စ"

"ကလေးနာမည်ကိစ္စပဲ ယင်း၊ အာကာထက်ခေါင်ဆို

တာကို မြင့်လွန်း စီးလွန်းတယ်တဲ့ . . ယင်း့ဖေဖေ

ကြိုက်ပုံမရဘူး"

ပယင်း မျက်ခုံးလေးတွန့်၏။ ပယင်း၏မေမေ

ေါ်ကြည်ဖြူထံမှ သက်ပြင်းချသံ ကြားရလေသည်။

"ကဲ . . ကြည့်၊ အဲဒီ ကိုမြတ်စံကတော့လေ . . သူတို့

ကလေး သူတို့ကြိုက်တာ ပေးပေစေ၊ ရှင် ဝင်မပါနဲ့

လို့ ပြောထားတာ၊ ရှည်ကြောပြီး လျှောက်ရေးပြန်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမှန်းသိ အဲဒီစာ ယူကိုမလာခဲ့ပါဘူး၊ ဘာဖြေ တာလဲဆိုတော့ မဟုတ်ပါဘူး သူ မလာနိုင်တဲ့အ ကြောင်း ပြောတာတဲ့၊ မပေးမှာစိုးလို့ ညာတာလေ"

"ဟုတ်တယ် မေမေဖြူ တရားစခန်းဝင်မှာမို့ မလာဖြစ် ဘူး သူပြောတယ်"

"အဲဒီတရားစခန်းက ဆယ်ရက်တစ်ပတ် ခဏခဏဝင် နေတာပါ သားရယ်၊ မဝင်မနေရ စာချုပ်ချုပ်ထား တာ မဟုတ်ပါဘူး၊ ကိုယ့်သားသမီးတွေက လာစေ ချင်လို့ခေါ်တာ၊ တစ်ခါတလေ သူ လိုက်လာသင့်တာ ပဲ၊ အဲဒါကိုပဲ စိတ်တိုခဲ့ စကားများခဲ့ရသေးတယ်၊ သူ ပြောတာတွေ ခေါင်းထဲမထည့်နဲ့ မောင်ထက်ခေါင် တချို့နေရာတွေမှာ ဘယ်လိုအယူသီးပြီး ကတ်သတ် မှန်းကိုမသိတာ၊ အသက်ကြီးလာလေ စကားပြော ဆိုရ ခက်လေပဲ၊ တကယ်စိတ်ပျက်တယ်"

ပယင်း၏မေမေ ဒေါ်ကြည်ဖြူက အားနာ မျက်နှာဖြင့်လှမ်းပြော၏။ စာယူလာခဲ့မိခြင်းအတွက် စိတ် မကောင်းဖြစ်နေပုံလည်းရလေသည်။





"ကိစ္စမရှိပါဘူး မေဖြူရဲ့၊ ကျွန်တော်တို့မသိတာ မတတ် တာကို သွန်သင်တာပဲ . . ကျွန်တော် သဘောကျပါ တယ်၊ ခု . . စိတ်မကောင်းဖြစ်တာက ဖေဖေ့စိတ် တိုင်းကျဖြစ်အောင် ဘယ်လိုမှလုပ်လို့မရတော့ဘူး ခင်ဗျ၊ ဖိတ်စာတွေအားလုံး ဝေပြီးသားဖြစ်နေပြီဆို တော့ . ."

"အမယ်လေး . . မဝေရသေးလည်း ဝေသာဝေ မောင်ထက်၊ ဖိတ်စာရိုက်ပြီးသားဖြစ်နေပြီပဲ . . ဘာ တတ်နိုင်မှာလဲ"

"ဖိတ်စာသာ မဝေရသေးလို့ကတော့ ထက်ခေါင်ဆိုတဲ့ နာမည်ကို ပြန်ပိတ်လိုက်လို့ရပါတယ်"

"သားစိတ်ထဲမှာ စိတ်ခုစရာများဖြစ်သွားသလား"

"ဟင့်အင်းခင်ဗျ . . လုံးဝမဖြစ်ပါဘူး၊ စိတ်ခုစရာ မရှိ ပါဘူး"

"ဒါဆိုရင် သူ့စာကို မေဖြူ မယူလာခဲ့ဘူး၊ သားမပေး လိုက်ရဘူးလို့ပဲထားကွယ်၊ အဲဒီအတွက် မေဖြူ စိတ် မကောင်းမဖြစ်ချင်ဘူး၊ သမီးအဖေက အဲဒီလို ဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တာတွေကြောင့် ခက်တယ်"

"မခက်ပါဘူး မေဖြူ ဖေဖေတ လူကြီးဆိုတော့ အကြားအမြင်ဗဟုသုတ ကျွန်တော်တို့ထက်ရှိပါတယ်၊ ဖေဖေပြောမှ သတိထားမိတယ်၊ ဟုတ်တယ် . . နာမည်က မြင့်နေတယ်"

"အမှန်တော့ အာကာကိုရွေးလိုက်တာပါ၊ သူ့အဖေ နာမည်ထည့်လိုက်လို့ ဆန်းသွားတာ၊ ရိုးရိုးပြောရင်တော့ အာကာပဲပေါ့နော် . . ခေါင်"

'ပယင်း'တ ကြားဝင်ဖြေလေသည်။ ထက်ခေါင် ခေါင်းညိတ်၏။

သားကိုကိုယ်ဝန်ရှိစဉ်ကတည်းက သားလား သမီးလား မသိရသေးခင်မှာ ထက်ခေါင်ရင်ခွင်ထဲ ပယင်းခေါင်းထိုးဝင်အိပ်စက်ရင်း နာမည်ရွေးခဲ့ကြတာကို သတိရလေသည်။

သားလေးမွေးရင် 'ထက်ခေါင်'နာမည်ထည့်ဖို့ သမီးလေးမွေးရင် 'ပယင်းဖြူ'နာမည်ထည့်မှည့်ဖို့ သဘောတူညီခဲ့ကြပါသည်။





တနင်္ဂနွေဆိုရင် 'အောင်ဘုခေါင်'ဆိုတာမျိုး ပေါက်တတ်ကရနာမည်ပြောကြရင်း ရယ်မောခဲ့ကြတာကို ပြန်လည်သတိရကာ ရယ်ချင်လေသည်။

"အေးပါ . . အဓိက,ကတော့ 'အာကာ'ပဲပေါ့။ သူပြောတာတွေ စိတ်ထဲမထားနဲ့ . . မေ့လိုက်ကြ၊ အလကား သမီးအဖေက နေရာတကာ ဇီဇာကြောင်တယ်၊ ဘာမှ မဟုတ်တာကို"

ဒေါ်ကြည်ဖြူက စကားစဖြတ်ချ၏။ ဖုန်းလာသဖြင့် ထက်ခေါင် စကားထပြောရာမှ နာမည်ကိစ္စပြီးပြတ်လေသည်။

www.burmeseclassic.com







## အခန်း(၆)

သား၏မွေးနေ့ပွဲက စည်ကားသိုက်မြိုက်စွာ ပြီးစီးသွားခဲ့လေသည်။

ထက်ခေါင်နှင့်ပယင်းမှာ ညဥ့်က မွေးခန်းတစ် ချက်သာအိပ်ပျော်လျက် . . အရှုဏ်ဆွမ်းကပ်ဖို့ ဆန္ဒစောနေမိ သဖြင့်(အစောကြီးပြင်ဆင်နေခဲ့၍)အိပ်ရေးပျက်ခဲ့၏။

ဘုန်းကြီးတွေပြန်ကြွသွားပြီး မကြာမီမှာပင် ရောက်ရှိလာသော ဧည့်သည်တွေကို အဆက်မပြတ် ဧည့်ခံခဲ့ရ သည်မှာ . . ဧည့်လည်းစဲ လူလည်း ခြေကုန်လက်ပန်းကျခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တီစားပွဲတွေဖယ်ရှားထားသော ဧည့်ခန်း၏ကြမ်းပြင်မှာ ဝယင်းရော ထက်ခေါင်မှာ မောမောဖြင့် လှဲလျောင်းမိကြချိန်၌ မျက်လုံးတွေ ကျိန်းစပ်နေလျက် မဖွင့်နိုင်တော့ပါ။

"ယင်း"

"ဟင်"

"အိပ်နေလား"

"အင်း"

"မေမေလည်း အိပ်နေပြီထင်တယ်"

"ဟုတ်မှာပေါ့ . . အခန်းထဲဝင်သွားတာပဲ၊ အိပ်ပျော်နေလောက်ပြီ"

မျက်စိလုံးဝမဖွင့်နိုင်ဘဲ တစ်ယောက်နှင့်တစ်ယောက် လှမ်းစကားပြောနေကြသည်မှာ လျှာလေးအာလေးဖြင့် အိပ်ချင်မူးတူးအသံတွေဖြစ်နေလေသည်။

"အရမ်းပင်ပန်းတာနေမှာ"

"အင်း"

"ဖိတ်ထားတဲ့လူကုန်နီးပါးလောက် လာကြတာပဲ . . သားလေး ကံကောင်းတယ်"





"တစ်ယောက်စ နှစ်ယောက်စလောက် ကျန်တယ်၊ ပယင်းတို့အမျိုးလေ . . ဖုန်းဆက်ပြီးတောင်းပန်တယ်၊ အရေးတကြီးကိစ္စပေါ်လာလို့တဲ့"

"ဒါပေါ့ . . လူဆိုတာ သူ့ကိစ္စ ကိုယ့်ကိစ္စ လုံးလည်လိုက်နေတာ၊ ဒီကြားထဲ စေတနာထားပြီးလာတာကို ကျေးဇူးတင်တယ်ကွာ . . တကယ်ပဲ"

"ဟုတ်တယ် . . သွားရေးလာရေးကအစ လွယ်တာမဟုတ်ဘူး၊ သက်ပန်လေ . . သိလား"

"သိတယ် . . ပယင်းသူငယ်ချင်းလေ"

"အင်း . . သူဆို ကားငှားစီးလာတာ၊ ကားပျက်လို့ မစောင့်နိုင်တာနဲ့ ကားအဆင့်ဆင့်ပြောင်းစီးလာရတယ်တဲ့"

"ဟောဗျာ . . ကားငှားခတော့ မပေးရဘူးပေါ့"

"ပေးလိုက်ရတယ်တဲ့ . . ကားဆရာက ခုမှစျေးဦးပေါက်မို့ ကားပြင်ဖို့ပေးခဲ့ပါဆိုလို့ ပေးလိုက်တယ်ပြောတယ်"

"အေးကွာ . . အားနာစရာကောင်းလိုက်တာ၊ ဒီကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဧည့်သည်များနေလို့ လူစေ့တက်စေ့ဧည့်မခံနိုင်ခဲ့ဘူး၊ ယင်းသူငယ်ချင်းလာတာ သတိတောင်မထားမိဘူး"

"ဧည့်သည်တွေက တစ်ချိန်တည်းစုပြုံကျလာတော့ ဘယ်မြင်တော့မလဲ"

"ဟုတ်တယ် . . တချို့ဆို စိတ်ဆိုးမလားပဲ၊ ပြန်ခါနီးလာနှုတ်ဆက်မှမြင်ပြီး စားရသောက်ရအဆင်ပြေရဲ့လား မေးရတယ်"

"ဒံပေါက်ကျွေးတာဆိုတော့ အဆင်ပြေမှာပါ။ ပွဲမြင်တာက ဒံပေါက်ဆိုင်ကကောင်လေးပဲဟာ"

"ဒါပေမဲ့ . . ထည့်ပါဦး ယူပါဦးလေးမှ လောကွတ်မလုပ်နိုင်ခဲ့တာ"

"အားလုံး အလှူလုပ်ဖူးကြတာဆိုတော့ နားလည်ပေးကြမှာပါ"

"ယင်း . . ပျော်လား"

"ဟင်း . . ဟင်း . . ဟင်း . . "

ပယင်းထံမှ ဟန်လုပ်ရယ်သံ ထွက်လာ၏။





"ဟင် . . ဘာလို့ ရယ်တာလဲ"

"ခေါင်ရော"

"အလှူအောင်မြင်တာပဲ ယင်းရဲ့ . . ပျော်တာပေါ့၊ ယင်း မပျော်ဘူးလား"

"ပျော်ပါတယ် . . မတွေ့ရတာကြာတဲ့ မိတ်ဆွေတွေ သူငယ်ချင်းတွေနဲ့ ဆုံရစကားပြောရတာပဲဟာ၊ ဒါပေမဲ့ . . အရမ်းပင်ပန်းတာပဲနော်၊ ယင်းဖြင့် လဲကျမတတ်ပဲ"

"ဒါပေါ့ . . ဧည့်သည်ကို အာရုံထားနေတော့ အစားစားဖို့အာရုံမရဘူး၊ ဒီတော့ . . . အိပ်ရေးကပျက် အစားကမပြည့်နဲ့ ရင်တွေ တလှပ်လှပ်တုန်နေမှာပေါ့ . . ဟုတ်လား"

"ဟုတ်တယ်"

"ယင်း့ဖေဖေသာလာခဲ့ရင် ဘာပြောမလဲ မသိဘူး"

ပယင်း သဘောကျစွာ အသံထွက်ရယ်၏။

"သူပြောနေကျစကား ပြောမှာသေချာတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင် စိတ်မဆိုးနဲ့"

"မဆိုးဘူး . . ပြော"

"ဖေဖေ ပြောလေ့ပြောထရှိတဲ့စကားက ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာတဲ့"

"ဟင် . . ဘာလို့ပြောတာလဲ . . အဲ့ဒီလို"

"ဘုန်းကြီးက ငါးပါး . . လူကတစ်ရာလောက်၊ ဒီကြား ထဲ ဘုန်းကြီးကိုလှူတာက မဖြစ်စလောက်ဆိုတာမျိုး ကို ကြည့်မရဘူး ထင်တယ်၊ ပြီးတော့ . . လာတဲ့သူ တွေက ငြိမ်နေတာမဟုတ်ဘူးလေ၊ ကျွေးတဲ့အစား အစာကို ဘာဖြစ်သလေး ညာဖြစ်သလေးပြောကြဦး မှာဆိုတော့ ကြားရရင် နား အကုသိုလ်ဖြစ်မယ်၊ ဒေါသ ဖြစ်မယ်၊ ဒါ့ကြောင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာတဲ့ ဖေဖေက သူ လှူနိုင်သလောက် ဘုရားမှာ ဘုန်းကြီး ကျောင်းမှာသွားလှူဖို့ပဲ အာသီသရှိတယ်"

"အင်း . . သူပြောတာလည်း ဟုတ်တာပဲနော် ယင်"

ဒီကနေ့မှာပင် . . .

ဒံပေါက်နှင့်မတည့်သူ . . .





သက်သတ်လွတ်စားသူတွေပါလာသဖြင့် ဘာကျွေး၍ ကျွေးရမည်မှန်းမသိ၊ စိတ်ပင်ပန်းခဲ့ရတာ သတိရ လေသည်။

"နောက်ဆိုရင် . . တို့လည်း ဖေဖေ့လိုပဲ ကုသိုလ်ရ မယ့်နေရာမှာ သွားလှူကြမယ် . . ဟုတ်လား"

"အင်း"

"ဇီဝိတဒါနဆေးရုံတို့"

"အင်း"

"မိဘမဲ့ကလေးတွေတို့"

"အင်း"

"ဘိုးဘွားရိပ်သာတို့"

ပယင်းထံမှ 'အင်း'သံ မကြားရဘဲ တိတ်ဆိတ် ငြိမ်သက်နေသဖြင့် ပယင်း အိပ်ပျော်နေတာ သိလိုက်၏။

ထက်ခေါင် ယုံ့ယုံ့ပြုံးလျက် ပင့်သက်ချကာ စိတ်လျှော့စဉ်မှာပင် မျက်ခွံတွေ လေးစင်းကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

"ဖေဖေ . . မေမေ" ခေါ်တတ်စ သား၏ ီတလာပီကလာ စကားသံလေးက် နားဝင်ချိုဖွယ်ကောင်း ာအသံသည် မရှိပြီ။

ပယင်း၏မေမေ လာရောက်လည်ပတ်စဉ်က လေးကိုချိုပိုးလျက် ဟိုဟိုဒီဒီ သွားရောက်လည်ပတ်ခဲ့သော ြောင့် သားက အပြင်ထွက်ကျင့်ရှိလာခဲ့၏။

အပြင်ထွက်ရမည်ဆိုလျှင် အသံထွက်သည် ီ သား ရယ်မောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . လိုက်မယ်တဲ့၊ ခေါင်ရေ . . ကြည့်ပါဦး"

ထက်ခေါင်အပြင်သွားဖို့ပြင်လျှင် သားက

လက်ကမ်းလျက် လိုက်ဖို့ပြင်လေသည်။

ပယင်းချီထားသောလက်ထဲမှ ခြေကန်ရုန်း

လျက် ကိုယ်အပေါ်ပိုင်းက ထက်ခေါင်ဘက် အတင်းလှမ်း

"ဟာ . . ကျတော့မှာပဲ သားရယ်၊ ခေါင် . . ဒီမှာ

ကြည့်ပါဦး မောင်ရဲ့"

ပယင်း၏ကိုယ်ခန္ဓာသွယ်သွယ်လေး

ဝကစ်နေသော သားကိုနိုင်အောင် မနည်းထိန်းနေရလေသည်

"ဟား . . သားကကွာ၊ မေမေလဲတော့မှာပဲ"

ထက်ခေါင်က သားကိုလှမ်းဆွဲချီလေသည်

"လိုက်မလား . . ဟုတ်လား သား၊ ဖေကြီးနဲ့ လို

လား"

"လိုက်မယ်"

သားအသံလေးက ချစ်စဖွယ်ကောင်းလှ

သည်။

"ကိုင်း . . ခေါ်သွား၊ လိုက်မယ်တဲ့"





"နောက်နေ့ကျရင်ခေါ်မယ်နော် သား . . ဟုတ်လား"

"ဟင့်အင်း . . ထု(ခု)လိုက်မယ်"

"ထု(ခု)လိုက်လို့မရဘူး သားရဲ့၊ ဖေကြီး အလုပ်တွေရှိ

သေးတယ်လေ"

"ဟင့်အင်း . . လိုက်မယ်"

ထက်ခေါင်ကို အတင်းဆွဲဖက်တွယ်ကပ်ထား

သဖြင့် ပယင်းက အတင်းဆွဲပေမယ့် မရပါ။

"လာပါ သားရယ်၊ မေနဲ့သွားမယ် . . ဟုတ်လား"

"ဟင့်အင်း"

"မုန့်ကျွေးမယ်ကွာ . . သားကြိုက်တဲ့ ချောကလက်"

"ဟင့်အင်း . . ပါဆိုကွာ"

သား ဒေါသထွက်လျှင်အဲဒီလို 'ကွာ'ထည့်သုံး

သောကြောင့် . . ထက်ခေါင်ရော ပယင်းပါ သဘောကျစွာ အူ

တက်သည်းလှိုက် ရယ်မောမိကြလေသည်။

"သားက လိမ္မာတယ်ကွာ၊ မုန့်တွေအများကြီး ဝယ်လာ

ခဲ့မယ် . . ဟုတ်လား"

"သားလည်း မုန့်ဝယ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပယင်းတို့လည်း ဒီလောက်မသင်ရပါဘဲ သား ဒီလောက်စကားတတ်လှပုံက ထူးခြားလှလေသည်။

"ကိုင်း . . ခေါင်သွားတော့၊ တော်နေကြာ . . နောက်ကျနေမယ်"

ထက်ခေါင်လက်ထဲမှ သားကို ပယင်းဆွဲခေါ်၏။ သားက ထက်ခေါင်၏အင်္ကျီကို အတင်းကုတ်ကတ်ဆွဲထားကာ အော်ငိုသံက ကြွက်ကြွက်ညံနေလေသည်။

"သားက လိမ္မာတယ်လေ၊ မငိုနဲ့ တိတ်"

ပယင်းအသံက သား၏အသံကို ထိုးဖောက်နိုင်စွမ်းမရှိလောက်အောင် 'သား'အသံက အောင်နေလေသည်။

"ခေါင် . . သွားလေ . . သွားတော့၊ တော်နေကြာ. . နောက်ကျနေမယ်"

ထက်ခေါင် ပန်းချီဆွဲတာက ဝါသနာအရသာဖြစ်လျက် . . အဓိကလုပ်နေတာက Heart ကုမ္ပဏီ အိမ်တွင်းအလှပြင်ဆင်မှုလုပ်ငန်း၏ ဗိသုကာပဲဖြစ်လေသည်။

ပန်းချီပညာရှင်ဖြစ်သည့်အားလျော်စွာ ထက်



ခေါင်၏စိတ်ကူးစိတ်သန်းက သူများနှင့်မတူ ထူးခြားဆန်းပြားခြင်းကြောင့်လည်း Heart ကုမ္ပဏီ နာမည်ရနေခဲ့တာပဲဖြစ်လေသည်။

ယခုတလောမှာ . . .

သတ်မှတ်ရက်အတွင်း ဒက်ကရေးရှင်း ပြင်ဆင်ပေးရမယ့် တိုက်ကိစ္စက အရေးကြီးတာအမှန်ပဲဖြစ်လေသည်။

"အေးကွာ . . ခုတိုက်က မင်္ဂလာဆောင်လက်ဖွဲ့မယ့် တိုက်ဆိုတော့ မင်္ဂလာပွဲအချိန်မီပြင်ရမှာ ယင်းရဲ့"

"မင်္ဂလာလက်ဖွဲ့ . . အိုး . . မြင့်လှချေလား"

ပယင်း မျက်လုံးလေးပြူးသွား၏။

"သား မင်္ဂလာဆောင်မှာကွာ၊ အဲဒါ . . မိဘတွေက သီးသန့်နေဖို့ တိုက်လက်ဖွဲ့မှာ၊ ဘာလို့ ဒီလောက်တောင် မျက်လုံးပြူးတာလဲ"

ဒီတော့မှ . . .

ပယင်း မျက်စောင်းထိုးလေသည်။

"သိဘူးလေ . . မိဘက သားသမီးအတွက်ပေးတယ်

www.burmeseclassic.com

www.burmeseclassic.com



လို့မှ မထင်တာ၊ တိုက်တစ်လုံး လက်ဖွဲ့တယ်ဆိုတော့ အံ့ဩတာပေါ့၊ ကဲပါ . . ကလေးပေးပါ၊ တော်နေကြာ . . နောက်ကျနေမယ်"

ပယင်းက ထက်ခေါင်လက်ထဲမှ ကလေးကို အမှတ်မထင်ဆွဲရှိလိုက်၏။ သားငိုသံက ဆူညံသွားလေသည်။

"ကလေးတစ်ယောက်နဲ့ အလုပ်တွေလျှောက်မလုပ်နဲ့နော် ယင်း။ နားနားနေနေလည်းနေ"

"အမယ်လေး . . နားရပါလိမ့်မယ် အားကြီးကြီး၊ တစ်နေ့ တစ်နေ့ အလုပ်တွေ ပိနေတာနဲ့၊ သားကိုထိန်းရတာကကို မလွယ်တာ"

"ဘာပဲဖြစ်ဖြစ် သားအိပ်တဲ့အချိန်တော့ တစ်ရေးတစ်မောရအောင်အိပ် ယင်းရဲ့၊ တော်နေကြာ . . ယင်းလဲသွားလိမ့်မယ်"

"အင်းပါ ခေါင်ရယ်၊ ကဲ . . သွားပါတော့"

ပယင်းက ထက်ခေါင်၏ကျောပြင်ကို လက်ဖဝါးလေးဖြင့် သာသာတွန်း၏။

ထက်ခေါင်က တိုယ်ကို မတ်မတ်ကြီးဆန့်



ယျက် ဖက်ခိုင်တောင့်ထားကာ စစ်ချီတက်သလို ခြေထောက်တစ်ချောင်းချင်းမြှောက်၍ ဆတ်တောက် ဆတ်တောက်လျှောက်လေသည်။

လှေကားထိပ်ရောက်မှ ပယင်း၏ပါးကိုတစ်လှည့် သားကိုတစ်လှည့် နမ်းလျှက် 'တာ့တာ'လုပ်ကာ ဆင်းသွားလေသည်။

ပယင်းက . . ထက်ခေါင် လှေကားထစ်ချိုးရောက်သည်နှင့် ဝရန်တာဆီမှ ပြေးကြည့်ပြန်လေသည်။

ထက်ခေါင်ကလည်း ကားပေါ်ရောက်သည်နှင့် ပယင်းမျှော်ကြည့်နေမှာအတတ်သိစွာ ဝရန်တာကို မော်ကြည့် လက်ပြနှုတ်ဆက်တာ ထက်ခေါင်၏အကျင့်ဖြစ်လို့ နေခဲ့ပြီ။

❧ ♥ ☙

www.burmeseclassic.com







## အခန်း(၈)

"ဟောဗျာ"

ဒက်ကရေးရှင်းပြင်ဆင်ပေးရမည့်တိုက်သို့ ရောက်မှ မျက်နှာကြက်ပုံစံများရေးဆွဲထားသည့် ဒီဇိုင်းဖိုင်တွဲ ကျန်ခဲ့တာ ထက်ခေါင် သတိရ၏။

ဘယ်နေရာမှာကျန်ခဲ့တာလဲစဉ်းစားတော့ သားကိုချိုပိုး နှုတ်ဆက်စဉ်က ဆိုဖါလက်တန်းပေါ် ချလိုက်မိတာ သတိရလေသည်။

ဒီနောက်မှာတော့ .,. ဒီဇိုင်းဖိုင်တွဲပြန်ယူဖို့

www.burmeseclassic.com

www.burmeseclassic.com



သတိမေ့လျော့ကာ သားနှင့်ပယင်းကို နှုတ်ဆက်ထွက်ခဲ့တာလေ။

ထက်ခေါင် စိတ်မောစွာ ပင့်သက်ချစဉ်မှာ ဆဲလ်ဖုန်းခေါ်သံကြားရလေသည်။

အိမ်ဖုန်းနံပါတ်မြင်ရကတည်းက ပယင်း ဖုန်းဆက်ပြီဟု သိလိုက်၏။

'ဟလို'ဟု ထူးစဉ်မှာ ယင်း၏ ချစ်စဖွယ် အသံလေးကို ကြားရလေသည်။

"မောင့်ဒီဇိုင်းဖိုင်ကျန်ခဲ့တယ် . . သိလား"

"သိတယ် ယင်း၊ ခုပဲ ဒီဇိုင်ချပေးမယ်လုပ်မှ သတိရတာ၊ သားကိုချီတုန်းက ခဏချလိုက်တာလေ"

"ယင်းလည်း အခုပဲမြင်လိုက်တာ၊ အရေးကြီးတယ်မဟုတ်လား၊ ယင်း လာပို့မလို့"

"မြစ်မလား ယင်းရယ်၊ ကလေးတစ်ဖက်နဲ့ ကားမောင်းဖို့က မလွယ်ဘူး၊ ပြီးတော့ . . ယင်းသားက အငြိမ်နေတာမဟုတ်ဘူးကွ၊ ကား ဘယ်လိုမှ မောင်းလို့ရမှာမဟုတ်ဘူး"



ပယင်း ရယ်သံလွင်လွင်လေး ကြားရလေသည်။

"အမယ် . . ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်ပါတယ်နော် . . သားကို ခုံပေါ်မှာခါးပတ်ပတ်ပြီးထိုင်ခိုင်းထားလို့ရတယ် ခေါင်ရဲ့၊ ကားစီးလို့ကတော့ မောင့်သားက ငြိမ်မှငြိမ်"

"မှန်မှန်ပြောစမ်း . . သားကိုခေါ်ပြီး ယင်း အဲဒီလိုသွားဖူးတယ်ပေါ့ . . ဟုတ်လား"

ဖုံးကွယ်ထားသမျှ ပေါ်သွားပြီဟု ရှက်ရယ်ရယ်သံကြားရလေသည်။

"တစ်ခါတလေပါ၊ သား အရမ်းဂျီတိုက်နေလို့ အပြင်ထွက်ထိန်းရင်းနဲ့ City Mart မှာ ပစ္စည်းသွားဝယ်ခဲ့တာ"

"တစ်ခါတလေဆိုတာ ဘာလဲ၊ တစ်နေ့တစ်ခါလောက်လား"

"အဲဒီလောက်ကြီး မဟုတ်ပါဘူးနော်၊ သုံးခါလောက်ပဲ သွားရပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုပါနဲ့ဆိုရင် လေးခါပေါ့"

"ဟုတ် . . လာခဲ့မယ်၊ စောင့်နေ . . ဟုတ်လား"

"နေဦး . . လာရမယ့်နေရာရောသိရဲ့လား"

"ဟာင် . . ဘာလို့ မသိရမှာလဲ၊ ခေါင့်ဒီဂိုင်းဖိုင်မှာ လိပ်စာရေးထားတာပဲဟာ"

"တယ်ကျွမ်းပါလား"

"ခေါင့်ဇနီးလေ . . ပယင်းပဲဟာ၊ ဒီလောက်ကတော့ မသိဘဲနေပါ့မလား"

"ကားကို အရမ်းကြီး အမြန်မမောင်းနဲ့နော် ယင်း"

"အင်းပါ"

"သားကို ခါးပတ် သေသေချာချာပတ်"

"စိတ်ချပါ ခေါင်ရာ၊ ဘာလို့ . . အဲဒီလောက်ကြီး စိတ်အရမ်းပူနေရတာလဲ"

"စိုးရိမ်လို့ပေါ့ ယင်းရဲ့၊ သားက အရမ်းဆော့တော့ ယင်း မနိုင်မှာစိုးရိမ်တာ"

"မစိုးရိမ်နဲ့၊ အဲဒီလောက်ကတော့ မိုင်နာပါ၊ ကိုင်း . . လာခဲ့ပြီ . . စောင့်နေနော်"





"အိုကေ"

ပယင်း၏အသံလေးပျောက်သွား၏။ ထက်ခေါင်က ဖုန်းပိတ်ရာမှ ပင့်သက်ရှည်ချမိလေသည်။

အိမ်အလုပ်တစ်ဖက် သား၏အလုပ်က တစ်ဖက်ဖြင့် ပယင်းခမျာ ပင်ပန်းရသည့်ကြားထဲ . . မိမိကြောင့် အလုပ်ပိုလုပ်ရပြီဟု စိတ်မကောင်းဖြစ်၏။

ကိုယ်ဝန်ရှိစဉ်အချိန်မှစ၍ ပယင်း၏ကားကို ဂိုဒေါင်ထဲထည့်သိမ်းထားခဲ့တာ အချိန်တော်တော်ကြာခဲ့၏။

ပယင်း၏မေမေရောက်လာသည်မှစ၍ . . သားအမိတစ်တွေ ဟိုသွား ဒီလာဖြင့် ပယင်းက သူမ၏ကားကို ပြန်မောင်းခဲ့လေသည်။

ထိုစဉ်က . . သားကို ပယင်း၏မေမေက ထိန်းပေးချိုပိုးပေးထားနိုင်ခဲ့သဖြင့် ကိစ္စမရှိ။

ယခုလို . . .

ကလေးပိစိကွေးလေးနှင့် ပယင်းကားမောင်းထွက်လာမှာကျတော့ ဘယ်လိုမှအာဆင်မပြေနိုင်ဟု သိမိုက်၏။

မပြောကောင်း ပြောကောင်း . . .



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးကြည့်ရုံဖြင့်ပင် စိတ်ထဲမှာပူလောင်ထင်းအုပ်လျက် နေ၍မရအောင် စိုးရိမ်ကြီးလေသည်။

"ယင်းမလာခဲ့နဲ့ . . မောင် လာခဲ့မယ်"

ပြောဖို့ ပယင်းထံဖုန်းဆက်ကြည့်သောအခါ ဖုန်းခေါ်သံသာကြားနေရလျက် ဖုန်းကိုင်သူမရှိသဖြင့် . . ပယင်းနှင့်သား ထွက်လာခဲ့ပြီဟု သိလိုက်၏။

တစ်သက်နှင့်တစ်ကိုယ် ဤမျှစိုးရိမ်ကြီးခြင်းမရှိ ပူလောင်သောကရောက်ဖူးခြင်းမရှိခဲ့ပါဘဲ။

ဒီကနေ့မှာမှ . . ရင်တွေ တဒိန်းဒိန်းအခုန်မြန်ကာ စိုးရိမ်စိတ် ပြင်းထန်နေလေသည်။

ထိုအချိန်မှာ . . .

မိမိထိုင်ခုံ၏နံဘေးခုံမှာ သားကိုထိုင်စေလျက် ပယင်း ကားမောင်းထွက်လာခဲ့ပြီဖြစ်၏။

စကားတတ်ခါစဖြစ်သော သားက "မေမေ့မေမေ့"ခေါ်ကာ စကားလှမ်းပြောသမျှ မေးသမျှ ပယင်း စိတ်ရှည်စွာ ဖြေကြားလာခဲ့၏။

သားက အငြိမ်မနေ၊ ထိုင်ရာမှ ထ,သဖြင့်





ခုံမှလိမ့်ကျမှာစိုးရိမ်ကာ စတီယာရင်ကို လက်တစ်ဖက်ဖြင့်ထိန်းကိုင်လျက် သားကို တစ်ချက်တစ်ချက် လှမ်းဆွဲသည်။

"ကောင်းကောင်းထိုင် . . သားရာ၊ ငြိမ်ငြိမ်နေ မေမေ စိတ်ဆိုးလာပြီနော်"

အသံမာမာဖြင့် ငေါက်ရသေး၏။

သားက ခဏသာငြိမ်လျက် ထိုင်ခုံနောက်မှီကိုကွယ်ကာ မတ်တတ်ထရပ်လေသည်။

"သား . . ပြောလို့မရဘူးလား၊ ငြိမ်ငြိမ်ထိုင်နေလေ၊ အဲဒီလိုဆို . . နောက် သားကို ဘယ်တော့မှမခေါ်တော့ဘူး"

သားစိတ်က မအေထံမှာရှိမနေပါ။ နံဘေးမှ ဖြတ်သွားသော ကားတွေကိုကြည့်ကာ ဘာကိုသဘောကျသည်မသိ တခစ်ခစ်ရယ်ရာမှ ထခုန်လေသည်။

"ဟဲ့ . . လိမ့်ကျတော့မှာပဲ သားရယ်"

လမ်းကြောင်းလှတက်ဝင်လာသော ကားနှင့် ချင်းဆိုင်တိုက်မိတော့မလိုဖြစ်သွားသဖြင့် ကပျာကယာ

www.burmeseclassic.com



ဆွဲအကွေ့ . . သား လျှောခနဲ လိမ့်ကျသွားပုံက တစ်ချိန်တည်း

ဖြစ်သွားသည်တွင် . . . .

"သား"

ပယင်း၏ မျက်စိတွေ ပြာသွား၏။

သား လိမ့်ကျပြီဟု သိလိုက်ခြင်းက ကျန်တာ

တွေ ဘာတစ်ခုမျှ ဂရုမစိုက်နိုင်အောင်ဖြစ်သွား၏။

သားကို စိုးရိမ်တကြီးလှမ်းဆွဲလိုက်သည်တွင်

ပြင်းထန်ကျယ်လောင်သောအသံကြီးကို ကြားလိုက်၏။

ခေါင်းကို အင်အားကြီးမားသောအရာတ

ခုက ရိုက်ချလိုက်သလို ခံစားရ၏။

"ဟာ . . တိုက်ပြီ . . ကားတိုက်ပြီ"

အော်ဟစ်သံ သဲ့သဲ့ကြားရ၏။ လူတွေ

ပွက်အော်ဟစ်သံ ပြေးလွှားသံ ကြားရ၏။ ပယင်းက မျက်စိ

အားယူဖွင့်ကြည့်၏။

မှုန်ဝါးဝါးအမြင်အာရုံမှာ ကားရှေ့ကြမ်းခင်း

ပေါ် ခွေခွေလေးကျနေသော သားကိုမြင်ရလေသည်။

သား . . သားရယ်။





သားကိုလှမ်းဆွဲဖို့ . . .

သားကိုဆွဲယူဖို့ ပယင်း လက်လှမ်း၏။

သို့သော် . . .

ပယင်းတစ်ကိုယ်လုံး . . လုံးဝမလှုပ်နိုင်ဘဲ

ခွေခနဲ ကျသွားခဲ့လေသည်။

ထို့နောက်မှာ . . .

လောကကြီးတစ်ခုလုံးနှင့် လုံးဝအဆက်ပြတ်

သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ယင်းရယ် . . .

ဘယ်ခါမခွဲ . . တို့လက်တွဲမယ် . . .
ရွှယ်စူးရည်မှန်း မျှော်ကာတမ်းလည်း
သခ်ါရဘေး မရှောင်သာသေးကြောင့်
ဝေးရ ခွေးရ လွမ်းရပါပြီ အချစ်ရယ် . . .
သို့သော်လည်းလေ . . .
ချစ်သက်ဝေ၏ ဖြူစင်ရှင်းသန့်
စိတ်ရင်းမြတ်ကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်နတ်ရွာ . . 'ယင်း' ရောက်လေအံ့ဟု
သည်းအူပြတ်မျှ . . ခံစားရစိတ် . . .
မျိုကာသိပ်လျက် . . .
ချစ်သက်ဆုံး၏ တွဲသောလက်ကို
ဖြုတ်ခွင့်ကြည်ဖြူ ပေးအပ်ပါသည် . . .
ယင်း ကောင်းရာသုဂတိလားစေသော် . . .
ယင်းရဲ့ ချစ်ခင်ပွန်း . . .
ထက်ခေါင်

မျက်ရည်အပြည့်ဖြင့်ဖွဲ့ဆိုထားသော စိတ်ခံစားမှုတမ်းချင်းကို ချစ်သောချစ်ရလေသော ပယင်းဖြူ၏ဓာတ်ပုံရှေ့မှာချလျက် ချစ်သူမြင်တွေ့စေတော့ဟု ရည်ရွယ်သည့်တိုင် ချစ်သော'ယင်း' မြင်တွေ့နိုင်ပါမည်လား . . .

ထက်ခေါင်၏ နှလုံးသားတွေ လွင့်စင်ကြေမွရပြီကို 'ယင်း' သိနိုင်ပါမည်လား။

ပယင်းသာ မောင့်အချစ်ဦး။

ပယင်းသာ မောင့်အမြတ်နိုးဆုံးဖြစ်ခဲ့ပါသော ယင်းအတွက် . . ဘာဆိုလိုဖြေသိမ့်လို့မှမရနိုင်ပြီကို စာနာ



နားလည်ပေးနိုင်မည့်သူ ဘယ်သူရှိပါမည်လဲ။

"ကွယ် . . သွားတဲ့သူက သွားပြီ၊ သူ့ကံက ဒီလောက်ပဲ ပါလာတာ ဘယ်တတ်နိုင်မလဲ သားရယ်၊ အမေတို့မှာလည်း ဒီသမီးတစ်ယောက်တည်းပဲရှိတာပါ၊ ဘယ်ဖြေသာမလဲ၊ ဒါပေမဲ့ . . ကိုယ်မှ မတတ်နိုင်တဲ့ကိစ္စ ဒီလိုပဲ တရားနဲ့ဖြေတော့ပေါ့၊ ကံကောင်းထောက်မလို့ . . မြေးလေး အသက်ရှင်ကျန်ခဲ့တာကို ကျေးဇူးတင်ရမယ်"

ပယင်း၏မေမေက သား 'အာကာ'ကို ချီပိုးထားရာမှ ထက်ခေါင်ကို ဖျောင်းဖျ၏။

ပယင်း၏ဓာတ်ပုံရှေ့မှာသာ အစဉ်သဖြင့် ခေါင်းငိုက်စိုက်ချလျက် အအိပ်အစား မမှန်၊ ငုတ်တုတ်သာထိုင်နေသော ထက်ခေါင်၏မျက်နှာမှာ ညှိုးချုံးနွမ်းလျနေလေသည်။

ပယင်း . . .

ယင်းရယ် . . .

မယုံဘူးကွာ . . 'ခေါင်' လုံးဝ မယုံဘူး . . .

ပယင်းသေပြီဆိုတာ ညာတာ . . .

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဝိုင်းညာကြတာ . . .

ဟုတ်တယ် မဟုတ်လား ယင်း . . .

ပြန်လာခဲ့ပါ ယင်းရယ် . . .

မြန်မြန်ပြန်လာခဲ့ပါကွာ . . .

ထက်ခေါင်ပါးစပ်မှ ဒီစကားတွေပဲ အပ်ကြောင်းထပ်မှု တတွတ်တွတ်ကြားနေရလေသည်။

ထက်ခေါင်၏စိတ်မျက်စိထဲမှာ ထိုနေ့ကတင်ပဲ သူနှင့်စကားတတွတ်တွတ်ပြောခဲ့သေးသော ပယင်းကို မြင်ယောင်နေလေသည်။

တယ်လီဖုန်းပြောရင်း ရယ်လိုက်သော . . . ပယင်းအသံလေးကို ကြားနေလေသည်။

ဒီနောက်မှာ . . .

'ယင်း'မောင်းလာသောကားနှင့် ကားချင်းတိုက်မိသည်ဟု တယ်လီဖုန်းသတင်းကြားသဖြင့် သူ အမြန်အလွှားပြေးသွားခဲ့၏။

'ယင်း' ဆေးရုံရောက်နေပြီဆိုသဖြင့် သူ အထိတ်တလန့် ပြေးကြည့်ခဲ့၏။





"ယင်း . . သူ ဘယ်နှံ့နေသလဲ"

"သူ ဘာဖြစ်သွားသေးလဲ . . ဟင်"

သူ့ကိုမြင်တွေ့ကြသူတွေက 'ယင်း'အနားမှ နောက်ဆုတ်ရှောင်ပေး၏။

ထရော်လီပေါ်မှာ ပက်လက်ကလေးရှိနေသော ယင်းကို သူ ပြေးဖက်၏။

"ယင်း . . ယင်း"

ယင်း . . ခေါင်ခေါ်နေတယ်လေ . . .

မောင်ရောက်လာပြီ၊

ထူးပါဦး . . ယင်းရဲ့ . . .

ယင်း . . ဘာဖြစ်သွားပြီလဲဗျာ . . လုပ်ကြပါဦး . . .

ဆရာမ . . .

ခေါ်ပေးပါဗျာ . . ယင်းကိုခေါ်ပေးပါ

သူ့မျက်ဝန်းအိမ်မှာ မျက်ရည်အပြည့်ဖြစ်၏။

သူ့အသံမှာ ကြေကွဲဝမ်းနည်းလှိုက်လှဲစွာ ငိုသံပါနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ . . ပြောပါဗျာ၊ ယင်း ဘာဖြစ်နေတာလဲ"

"သူ . . အိပ်စ်ပိုင်းယား(Expire)ဖြစ်သွားပါပြီ"

"ဗျာ . . ခင်ဗျာ"

သူ ပါးစပ်အဟောင်းသားဖြစ်၍ အံ့သြတကြီး ဖြစ်၏။

သူ ထင်သည်က သတိလစ်မေ့မျောတယ် ဒီလောက်ပဲဖြစ်၏။

ယခုတော့ . . . Expire တဲ့၊

သေဆုံးပြီတဲ့ . . .

ဖြစ်နိုင်ပါမည်လား . . .

ဟင့်အင်း . . မဖြစ်နိုင်ဘူး . . .

လုံးဝ မဖြစ်နိုင်ဘူး . .

မညာနဲ့ . . .

မဟုတ်ဘူး . . .

သူ . . ကျုံးအော်လိုက်၏။

'ယင်း'၏ရုပ်အလောင်းတင်ထားသော ထရော်လီကို ဆွဲယူအံ့စဲစဲ ယင်းကို သူ ပြေးဖက်၏။





"ဆရာမ . . မဟုတ်ဘူး . . သူ မသေဘူး၊ ပြန်စစ်ပါ ပြန်ကြည့်ပေးပါဗျာ၊ သူနဲ့ကျွန်တော် စောစောလေး ကတင် ဖုန်းပြောခဲ့သေးတာပါ"

ဆရာဝန်မလေး၏ရှေ့ အပြေးရောက်၏။ အရေးပေါ် ခန်းမှထွက်သွားတော့မည့် ဆရာဝန်မလေးကို တားဆီး၏။

ဆရာဝန်မလေးက မဲ့သက်မျှင်းမျှင်းချ၏။ ထက်ခေါင် စိတ်ကျေနပ်စေဖို့ 'ယင်း'အနားပြန်လာ၏။ မျက်ခွံ လှန်လျက် မျက်လုံးသူငယ်အိမ်ကို ကြည့်၏။

ထို့နောက် . . ခေါင်းကို ညင်သာစွာ ခါလေသည်။

"သေချာပါတယ် . . သူ မရှိတော့ပါဘူး"

တိုးတိုးညင်သာပြောသောလေသံက သူ့နား ထဲမှာ ဗုံးပေါက်ကွဲသံကြားရသလို ကျယ်လောင်စွာ မြည်ကျန်ခဲ့ လေသည်။

နှလုံးသားတစ်ခုလုံး လွင့်စင်ကွဲအက်သွား သလို . . ရင်မှာ ဟာခနဲဖြစ်ထွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



အသွေးအသားတွေ . . .

ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတွေ . . .

တဆတ်ဆတ်တုန်ခါကာ တစ်စစီပြုတ်ကျလေပြီဟု ခံစားရ၏။

"ယင်းရယ်"

ယင်းကို ကျစ်ကျစ်ပါအောင် ဖက်ထားသော သူ့လက်များကို ဝိုင်းဝန်းဆွဲဖြုတ်ကာ ယင်းကို သယ်ယူသွားကြလေသည်။

"ယင်း"

ကြေကွဲစွာ ဟစ်ခေါ်လိုက်သော သူ့အသံကို 'ယင်း' မကြားနိုင်တော့ပါ။



## အခန်း(၁၀)

သူနှင့် 'ယင်း'တို့၏ သာယာလှပသော ဘဝကလေး ပျက်စီးခဲ့ပြီ။

နှလုံးသားတွေ လွင့်စင်ကြေကွဲခဲ့ရပြီ။

ချစ်သူကိုဆုံးရှုံးရသောဘဝမှာ ဘာတစ်ခုမှ အဓိပ္ပါယ်မရှိတော့ပြီ . . .

စသော စကားလုံးများ၊ စာသားများကို စိတ်ကူးယဉ်ဝတ္ထုများမှာ သူ ဖတ်ခဲ့ဖူး၏။

ကိုယ်တိုင်တွေ့ကြုံမခံစားရစဉ်က ခပ်ပေါ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ပြုံးခဲ့၏။ 'နှလုံးသားမရှိလို့ကတော့ သေပြီပေါ့' သရော်ခဲ့ဖူး၏။

ကိုယ်တိုင်တွေ့ကြုံရလေမှ ဖော်ပြနိုင်စွမ်းမရှိသော ဝေဒနာကို 'သူ' သည်းထန်စွာခံစားရလေသည်။

'ယင်း'မရှိတော့ပြီဟူသော အသိက သူ့ဘဝတစ်ခုလုံးကို ခြောက်သွေ့စေခဲ့၏။

'ယင်း'မှလွဲ၍ တခြားဘာအရာတစ်ခုကမှ ပျော်ရွှင်ချမ်းမြေ့ခြင်းကို မဆောင်ကျဉ်းနိုင်ပြီ။

သူနှင့်ယင်းသည် တစ်သွေးတည်း တစ်သားတည်း တစ်ဘဝတည်းဖြစ်တည်နေခဲ့သည့်ကို 'ယင်း' ပျောက်ကွယ်သွားလေမှ . . .

'ယင်း'ကို ဆုံးရှုံးရလေမှ သူ ပိုမိုခံစားသိရှိနိုင်ခဲ့လေသည်။

'ယင်း' . . .

မကြာခဏ အော်ခေါ်မိ၏။

တစ်နေ့ရာရာမှ 'ယင်း' ပြန်လည်ရောက်လာခဲ့နိုးနိုး မျှော်ကိုးမိ၏။

ဒီလိုပဲ . . .





ယင်းနှင့်သူက တစ်ယောက်ကိုတစ်ယောက် ပုန်းအောင်းကျင့်ရှိခဲ့ဖူးပါသည်။

သူ အပြင်ကပြန်လာလျှင် ယင်းကို တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေခဲ့ရစမြဲဖြစ်၏။

'ယင်း'က သူ မောလောက်ပြီဆိုမှ ပုန်းနေရာမှ ထွက်ခဲ့လျက် . . 'ဝါး'ခနဲ အသံပြုကာ နောက်ကျောမှ သိုင်းဖက်တတ်စမြဲလည်း ဖြစ်လေသည်။

ထိုအတူ . . .

'ယင်း'ကလည်း သူ့ကို မျက်စိအောက်က အပျောက်မခံပါ။

"မောင်ရေ . . ဟေး . . ခေါင်း ဘယ်ရောက်နေလဲ"

"ကြားလား . ."

"ကြားရင် . . အကြောင်းပြန်"

'ယင်း'မှာက ဟာသဉာဏ်ရှိ၏။ ပျော်ရွှင်နောက်ပြောင်စွာနေတတ်သဖြင့် သူတို့အိမ်ထောင်ရေးမှာ နေ့သံဖြင့်လွှမ်းကာ သာယာကြည်နူးဖွယ်ကောင်းလေသည်။

"ပျော်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မတ်ဝန်းကျင်က အားကျလောက်သည်အထိ သာယာသောစံပြအိမ်ထောင်ရေးဖြစ်ခဲ့ပါသည်။

ယခုတော့ . . .

ရယ်သံ တိတ်ဆိတ်ခဲ့ပြီ။

ချိုသာရွှင်ပျသော 'ယင်း'၏ စကားသံပျောက်ကွယ်ခဲ့ပြီ။

ယင်းရေ . . .

မောင်ရေ . .

တုံ့လှယ်ခေါ်သံ မကြားရတော့ပြီ။

သား 'အာကာ'ကို ယင်း၏မေမေက ခေတ္တခေါ်ဆောင်သွားသဖြင့် . . .

တစ်အိမ်လုံးမှာ ထက်ခေါင်တစ်ယောက်တည်း။

'ယင်းရေ . ."

အော်ဟစ်ငိုကြွေးသံကို ဘယ်သူကြားကြားမရှက်နိုင်ပြီ။

'ယင်း'၏ဓာတ်ပုံရှေ့မှာထိုင်လျက် 'ယင်း'ကို





ာင်းတနေသော သူကို 'သူရူး'ဟုခေါ်လည်း ခေါ်ကြစေတော့။

သူ မမှုတော့ပြီ။

ယင်း မရှိတော့သောဘဝမှာ သူ ဘယ်လိုနေ၍မှ မပျော်နိုင်ပါပြီ။

လိုက်ခဲ့မယ် ယင်းရယ် . . .

ယင်းနောက်ကို မောင်လိုက်ခဲ့မယ် . . .

အစားအစာဟူ၍ ဘာတစ်ခုမျှ မျိုချ၍မရအောင် ရင်မှာတင်းကျပ်နေသဖြင့် ထမင်းမစား ဟင်းမစားမြိသက်စွာ ငုတ်တုတ်ထိုင်နေခဲ့တာကို ဘယ်သူမှ သိနားလည်ပေးနိုင်စွမ်းမရှိပေ။

"ထက်ခေါင်ရာ . . မင်း ဒီအတိုင်းနေရင် သေသွားမယ် . . ဘာမှတ်နေလဲ"

ထက်ခေါင်နှင့် သူငယ်ချင်းမက ညီအစ်ကိုအစ်မှုရင်းနှီးကျွမ်းဝင်နေခဲ့သူက . . ညီညီဖြစ်၏။

ဆံပင်မဖြီး၊ မုတ်ဆိတ်မသိမ်းဖြင့် ညှိုးသိုးသိုးဖြစ်နေသော ထက်ခေါင်အတွက် စိုးရိမ်စိတ်ဖြင့် မကြာခဏရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သေကွာ . . သေရင်အေးတယ်၊ ငါ ယင်းနောက်
လိုက်မယ်၊ ယင်းနဲ့ ငါတွေ့မယ်"

"ဟား . . ရူးနေလား ခေါင်ကြီးရ အဓိပ္ပါယ်မရှိ
ကွာ၊ ယင်းနဲ့တွေ့ရမယ်လို့ ဘယ်သူကပြောလဲ . .
မင်းကို"

"ငါပြောတာလေ . . မင်းကြားတယ်မဟုတ်လား
ယင်းက ငါ့ကိုသိပ်ချစ်တာကွ၊ ငါ့ကိုစောင့်နေမှာ
သိတယ်"

ညီညီ ကျိတ်ပြုံး၏။

"ဘယ်ကနေစောင့်မှာလဲ သူက"

"စောင့်ချင်တဲ့နေရာက စောင့်ကွာ၊ သူ့ဆီ ငါ လိုက်
မယ် . . ဒါပဲ"

"ထက်ခေါင်ရာ . . မင်းစိတ်ကို မင်းထိန်းကွာ၊ မင်း
တစ်ယောက်တည်း မဟုတ်ဘူး၊ မင်းမှာ 'သား'
သေးတယ်၊ 'အာကာ'ရှိသေးတယ်လေ . . လျှော
ကြောင်မနေနဲ့"

"ကြောင်တာလားကွ၊ မင်း ကိုယ်ချင်းမစာ မပြော





ညီညီ၊ ယင်းမရှိတဲ့ဘဝမှာ ငါ မနေချင်ဘူး . . သေ
ချင်တယ်ကွာ၊ ဘယ်လိုနည်းနဲ့သေသေ . . သေချင်
တယ်"

"ကွာ"

ထက်ခေါင်ကို ညီညီ လက်မြှောက်ရလေ
သည်။ ထက်ခေါင် . . ခေါင်းကြောမာတာ စိတ်ကြီးတာ၊ လုပ်
ချင်တာကို ဇွတ်လုပ်တတ်တာတွေကြောင့် ထက်ခေါင် တစ်ခုခု
လုပ်လိုက်မှာ စိုးရိမ်ကြီးလေသည်။

"မင်း အရမ်းကိုနုသေးတာပဲ ထက်ခေါင်၊ ယောကျ်ား
ဖြစ်ပြီးကွာ . . သေစကားပြောရတယ်လို့"

"ဟ . . ယောကျ်ားဖြစ်တာနဲ့ သေစကား မပြောရဘူး
လို့ မင်းကို ဘယ်ဘိုးတော်က ပြောသလဲ၊ ယောကျ်ား
လည်း လူပဲ . . သေချင်တာ ဆန်းသလား"

"ဆန်းတယ်၊ မိန်းမ,သေတာနဲ့ လိုက်သေတဲ့ယောကျ်ား
ဘယ်မှာရှိလို့လဲ . . ကြား,မကြားဖူးပေါင်"

"အေး . . အခု မင်းကြားဖူးပြီပေါ့"

ညီညီ စိတ်ပျက်စွာ ခေါင်းယမ်း၏။ ထက်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ပုံစံက တကယ်ပဲ မိုက်မိုက်ကန်းကန်းပြုလုပ်တော့မည့် ပုံစံမျိုးဖြစ်လေသည်။

"ပြောပါဦး . . သေတော့ မင်းမသာဖြစ်တာပဲရှိမယ် မင်းပြောသလို ပယင်းနဲ့တွေ့ဖို့ဆိုတာ ဝေလာဝေး"

"ငါသိတယ် . . သူ ငါ့ကိုစောင့်နေမှာ"

"ဟား . . . ."

ညီညီ နှုတ်ခမ်းတွန့်ပြုံး၏။

"ပယင်းက ငါ့ကို သိပ်ချစ်တာ ညီညီ၊ ငါ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင်ကိုချစ်တာ၊ ဒီလိုနဲ့ လွယ်လွယ်ခွဲသွားမယ် မင်း ထင်သလား"

"ဟ . . ခွဲမသွားချင်လည်း ခွဲသွားရပြီ၊ သေမင်းက မင်းတို့ကိုခွဲလိုက်ပြီပဲ ထက်ခေါင်၊ မင်း ရူးနေပြီလား"

"မင်း ထင်ချင်သလို ထင်ကွာ"

ထက်ခေါင်က ပုလင်းလှမ်းဆွဲ၏။ ညီညီက လှမ်းတားလိုက်လေသည်။

"တော်ပြီ . . မင်းလွန်နေပြီ ခေါင်ကြီး၊ ဒီလောက်သောက် . . တော်ပြီပေါ့"



"မတော်ဘူးကွာ . . မတော်သေးဘူး။ ငါ့ကို မတားနဲ့ ညီ၊ မင်းပြန်နော် . . မင်း မသောက်ချင်ရင်ပြန် . . ပြန်နိုင်တယ်၊ ငါ မတားဘူး"

"မင်းရုပ် မင်းပြန်ကြည့်စမ်း ထက်ခေါင်၊ ဘာရုပ်ပေါက်နေပြီလဲ၊ အရင်ကထက်ခေါင်နဲ့တူသေးရဲ့လားဆိုတာ"

"တူတူ . . မတူတူကွာ ဂရုမစိုက်ဘူး၊ တူလည်း ထက်ခေါင်၊ မတူလည်း ထက်ခေါင်ပဲ၊ ငါ ဘဝမပြောင်းသေးတာ သေချာတယ်"

"အေး . . အဲဒီလောက်သောက်လို့ကတော့ ဘဝပြောင်းဖို့သေချာပြီ ထက်ခေါင်"

"ကောင်းတာပေါ့၊ ဒါမှ . . ငါ့ရဲ့ပယင်းနဲ့တွေ့ရမှာလေ"

"ကွာ . . အသိခေါက်ခက် အဝင်နက်နေတော့ခက်တယ်၊ မင်း ကြားဖူးမှာပါ ထက်ခေါင်ရဲ့၊ ဘုရင်ကြီးကွာ . . သူ့မိန်းမကိုချစ်လွန်းလို့ သေသွားတော့ မပေးရက် မီးမသင်္ဂြိုလ်ရက်နဲ့ တစိမ့်စိမ့်ငိုနေခဲ့တာ၊ ခုနစ်ရက်ခုနစ်လီပဲ၊ အဲဒီမှာ ပစ္စေကဗုဒ္ဓါကလာပြီး သေ



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ မိဖုရားကြီးနဲ့ပေးတွေ့ခဲ့တာ"

ထက်ခေါင် ဒေါသကြည့်ဖြင့် ကြည့်၏။

"သိတယ် . . အဲဒီမိဖုရားကြီးက ချီးပိုးထိုးဖြစ်ပြီး သူ့လက်ရှိယောက်ျားဖြစ်နေတဲ့ ချီးပိုးထိုးကို အချစ်ဆုံး ပြောလို့ ဘုရင်ကြီးရှက်စိတ်နာပြီး အလောင်းကိုမီးရှို့ခဲ့တာလေ၊ အဲဒါမျိုးနဲ့ လာမယှဉ်နဲ့ ညီညီ၊ ငါ့ပယင်းက ငါ့ကို ဘယ်ဘဝရောက်ရောက် ချစ်နေမယ့် မိန်းမ၊ ပယင်းကို ငါ ယုံတယ်"

"ဒါပေမဲ့ . . မင်း အခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ဘာအလုပ်မှ မလုပ်နိုင်ဘဲ ဘဝကိုလက်မြှောက်အရှုံးပေးတာကို . . ပယင်း ကြိုက်မယ်ထင်သလား"

ထက်ခေါင် ငြိမ်သွားလေသည်။

"ခုဆိုရင်ကြည့်လေ . . မင်းလက်ထဲအပ်ထားတဲ့ အလုပ်တွေ . . ဘယ်မှာလက်စသတ်နိုင်သလဲ၊ မင်းသောကရောက်နေချိန်မှာ အားလုံးက ကိုယ်ချင်းစာငဲ့ညှာပြီး မင်းကို ဘာတစ်ခွန်းမှ မပြောကြတာ ထက်ခေါင်၊ ဒါပေမဲ့ . . ရေရှည်ဘယ်သူက ဒီအတိုင်း





ကြည့်နေမလဲ၊ တော်နေကြာ . . မင်း အခက်တွေ့မှာကို ပယင်းမသိဘဲ နေမလား၊ မင်းဘဝမှာ မင်းတစ်ယေ[illegible]တ်တည်းအခက်တွေ့မှာ မဟုတ်ဘူးနော်၊ မင်းရဲ့သ[illegible]လး 'အာကာ'ရဲ့အနာဂတ်ကို မင်း ထည့်မစဉ်းစားတော့ဘူးလား၊ ပယင်းဆိုရင်လည်း ဒီလိုပဲ ပြောမှာပဲ"

နားထဲမှာ . . ညီညီ၏အသံပျောက်သွား၏။ ပယင်း၏ကရုဏာဒေါသောဖြင့်ပြောဆိုနေသံကြားရလေသည်။

ပယင်း၏ပုံရိပ်ကို မြင်လာလေသည်။

ပယင်း . . .

ပယင်းရယ် . . .

ချစ်သူကို နောက်ဆုံးတွေ့ခဲ့ရသောအနေအထား။ နောက်ဆုံးဝတ်ခဲ့သော အဖြူရောင်ဂါဝန်ရှည်နှင့် သူမြင်တွေ့နေရ၏။

ပယင်းက 'သား'တစ်ဖက်နှင့်မို့ အလုပ်လည်းတွင်စေ ပေါ့ပေါ့ပါးပါးလည်းဖြစ်စေသော ဂါဝန်ရှည်များသာဝတ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင် . . အဲဒီလောက် စိတ်ဓါတ်ပျော့ညံ့လိမ့်မယ်လို့ ယင်း တကယ်မထင်ခဲ့ဘူးကွာ"

"ဗွာ . . ယင်းနဲ့ခွဲနေရတာလောက် စိတ်ထိခိုက်စရာ ကောင်းတာ ရှိပါဦးမလား၊ ခေါင့်ကို တစ်ယောက်တည်း ပစ်မထားပါနဲ့ ယင်းရယ်၊ ယင်းမရှိရင် မောင် မနေတတ်ဘူး"

"စိတ်ချပါ မောင် . . ခေါင့်နားမှာ ယင်းရှိနေပါတယ်၊ မောင်နဲ့သားကို စိတ်မချလို့ ယင်း စောင့်ကြည့်နေခဲ့ပါတယ်"

"ယင်းကိုလွမ်းလွန်းလို့ မောင် ဘယ်လောက်ခံစားရတယ်မှတ်သလဲ"

"မောင့်လိုပဲ ယင်းလည်း ခံစားနေရတာပါ၊ အလုပ်ပျက်အကိုင်ပျက်နဲ့ မောင်စိတ်ဆင်းရဲနေတာမြင်ရတော့ ယင်း အရမ်းစိတ်ထိခိုက်ရတယ်"

"ယင်းရှိနေရင် . . ယင်းကိုမြင်နေရရင် မောင် မငိုတော့ဘူးလေ ယင်းရယ်၊ မောင့်အနားမှာ ယင်းနေပေးပေါ့၊ မောင်နဲ့ မခွဲနဲ့ပေါ့"





"အလုပ်အကိုင်မပျက် မောင် ပြန်လုပ်မယ် . . ကတိပေးလေ"

"ပေးတယ် စိတ်ချ၊ မောင့်အနားမှာ ယင်းရှိနေပေးဖို့ပဲ လိုတယ်"

"ရှိပါတယ်၊ မောင့်ကို ယင်းစောင့်ကြည့်နေခဲ့တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၁)

"ဆရာ . . ဆရာ"

အဝေးကြီးမှခေါ်သံတစ်ခုလို 'ထက်ခေါင်'၏ နားထဲ၌ အသံခပ်တိုးတိုးကြားရာမှ . . တဖြည်းဖြည်း နီးကပ်လာခဲ့၏။

"ဘာဖြစ်နေသလဲ . . ဟင်"

"ဘာဖြစ်လို့လဲ"

အနီးဆုံးအသံမှ . . သူ့အနားမှာကပ်၍ပြောနေသော လေသံ . . .



www.burmeseclassic.com

www.burmeseclassic.com



ထက်ခေါင်က အံ့ဩတကြီးခေါင်းထောင်ကြည့်လိုက်၏။ မှုန်နောက်နေသောမျက်စိထဲမှာ အဖြူရောင်ကို ခပ်ဝါးဝါးမြင်ရလေသည်။

"ယင်း"

သူ လွတ်ခနဲ ဝမ်းသာအားရခေါ်မိလေသည်။

ယင်း ပြန်လာခဲ့တာ သူ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့၏။ 'ယင်း'နှင့် စကားတွေပြောခဲ့ရ၏။

ယင်းကို ပြန်လာခဲ့ဖို့ . . .

သူ့အနားမှာနေဖို့ ပြောတာကို . . ယင်း လက်ခံခဲ့တာပဲလေ။ ယခု . . သူ့အနားမှာ ယင်း ရှိနေခဲ့ပြီ။

"ဝမ်းသာလိုက်တာ ယင်းရယ်၊ ယင်း ပြန်လာမယ်ဆိုတာ မောင်ယုံတယ်၊ မောင့်ကို ပစ်မထားဘူးဆိုတာ မောင် သိနေတယ်"

ထက်ခေါင် အားရဝမ်းသာပြောကာ 'ယင်း' လက်ကိုလှမ်းဆွဲလိုက်သောအခါ . . အဖြူရိပ်က နောက်ဆုတ်သွား၏။

"နဒီပါ ဆရာ . . ဆရာ လူမှားနေပြီထင်တယ်"





ထိတ်လန့်တကြားဖြစ်သွားသောအသံလေးမှာ လှိုင်းခတ်တုန်ယင်နေလေသည်။

"နဒီ . . ဟုတ်လား၊ ဘယ်က နဒီလဲ"

သူက မျက်လုံးအစုံကို စွတ်နှစ်မှိတ်ပြီးမှ မျက်တောင်ပုတ်ခတ်ပုတ်ခတ်ပြုလျက် အားယူကြည့်လိုက်၏။

ပုလင်းတွေ၊ ဖန်ခွက်တွေ ပွစာကြနေသောကြမ်းပြင်ပေါ်မှာ သူ မှောက်လျက်လဲနေခဲ့တာဖြစ်၏။

အဖြူရောင်ကလေးက ဒူးဆစ်ချိုးထိုင်ကာ ကြမ်းပြင်ပေါ် လက်ထောက်ကုန်းကြည့်နေရာမှ သူ ခေါင်းထောင်အထမှာ လက်ကို ရုတ်သိမ်းလိုက်၏။

ကျောဆန့်၊ ခါးမတ်ကာ အထူးအဆန်းတစ်ခုကို အံ့ဩတကြီးကြည့်သလို ကြည့်နေသော မျက်ဝန်းများက ဝိုင်းစက်နေလေသည်။

"မင်း ဘယ်ကလဲ"

သူမကို တစ်ခါမှ မမြင်ဖူး မတွေ့ဖူးဘူးဟာ သေချာလေသည်။

ပြီးတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ယင်း မဟုတ်ပါလား"ဟု စိတ်ပျက်သွားလေသည်။

"ဟိုဘက်ခန်းက"

သူ ငုတ်တုတ် ထထိုင်လေသည်။

"မဟုတ်တာ . . မညာနဲ့၊ ငါ ဒီမှာနေတာ ကြာပြီ မင်းကို တစ်ခါမှ မတွေ့ဖူးဘူး"

"ဩော် . . ညာစရာလား၊ နဒီက ကြီးကြီးမြတင်ရဲ့တူမ နယ်မှာနေတာ၊ အခုမှရောက်လာတာ တစ်ပတ်ပဲရှိသေးတယ်"

နဒီကျတော့ . . . ထက်ခေါင်ကို စရောက်စဉ်ကတည်းက သတိထားမိခဲ့လေသည်။

"သနားပါတယ်ကွယ်၊ သူတို့လင်မယားက အလွန်ချစ်ကြတာ၊ မိန်းမက ကားအက်ဆီဒင့်ဖြစ်ပြီး ဆုံးသွားတော့ . . ခမျာမှာ မစားနိုင်မအိပ်နိုင်ဖြစ်ပြီး ရူးမတတ်ပါပဲ"

ကြီးကြီးမြတင်ပြောပြကတည်းက ထက်ခေါင်ကို သနားကရုဏာပိုလေသည်။

ထက်ခေါင် . . လွမ်းဆွေးငိုင်တွေနေတာကို



ဝရန်တာအထွက်မှာ၊ လှေကားအတက်အဆင်းမှာ မြင်တွေ့နေသဖြင့် သတိထားကြည့်မိခဲ့၏။

ဒီကနေ့မှာတော့ . . အခန်းမှ ဝင်ထွက်တံခါးမကြီးက ဖွင့်လျက်သား . . .

ထက်ခေါင်ကို ကြမ်းပြင်ပေါ်မှာမှောက်လျက်ကြီးတွေ့ရတော့ . . "ဘာများဖြစ်နေသလဲ"လန့်သွား၏။

ကြီးကြီးမြတင်တို့လင်မယားက အထည်ဆိုင်ဖွင့်ထားသဖြင့် စောစောစီးစီး ဈေးထွက်သွားကြပြီဖြစ်၏။

ဒီတော့ . . နဒီနှင့် အိမ်ဖော်ကောင်မလေးပဲ ကျန်ခဲ့၏။

"ဟိုဘက်ခန်းကဦးဦး ဘာဖြစ်လဲမသိဘူး လဲနေတယ် . . မမနဒီ"

အိမ်ဖော်ကောင်မလေးလာပြောသဖြင့် 'နဒီ' အပြေးအလွှားလာကြည့်ခဲ့တာပဲဖြစ်သေည်။

'ထက်ခေါင်'ကျတော့ ကိုယ့်သောကနှင့်ကိုယ် ကိုယ့်အပူနှင့်ကိုယ်ဖြစ်နေသဖြင့် ဒေါ်မြတင်ရဲ့တူမရောက်နေတာ လုံးဝမသိပေ။

www.burmeseclassic.com

www.burmeseclassic.com



'နဒီ'ဆိုသောကောင်မလေးကို ယခုမှ မြင်ဖူးတာပဲဖြစ်လေသည်။

အထူးဆန်းဆုံးက ပယင်းကို သူအိပ်မက်ထဲမှာလိုလို . . အပြင်မှာတကယ်တွေ့ရသလိုလို တွေ့မြင်ခဲ့ စကားပြောခဲ့ရခြင်းပဲဖြစ်၏။

နေဦး . . .

သူမရော . . ပယင်းကို မြင်တွေ့လိုက်သေးလား သိချင်လေသည်။

"မင်းရောက်လာတာ ကြာပြီလား"

"တစ်ပတ်ရှိပြီလေ၊ ကြာပြီလို့ပြောရင်လည်း . . အင်း . . ရတယ် ပြောရမယ်"

"ဟာ . . ဟိုဘက်ခန်းကို မင်းရောက်တဲ့အချိန်ပြောတာမဟုတ်ဘူး၊ ဒီကို . . ဒီကို မင်းရောက်တာကြာပြီလား . . အဲဒါ သိချင်လို့မေးတာ"

"ခုကလေးတင်ပဲရောက်တာ၊ နဒီ့စိတ်ထဲ . . ဖွဟဲ့ မပြောကောင်း ပြောကောင်း၊ ဆရာ တစ်ခုခုဖြစ်နေပြီထင်တာ"



"ဒါဖြင့် . . မင်း ပယင်းကိုမတွေ့ဘူးပေါ့"

'နဒီ'နားထဲမှာတော့ ထက်ခေါင်က 'ပယင်း' လို့ပြောတာကို 'ပုလင်း'လို့ကြားလေသည်။

"တွေ့တယ်လေ"

"ဟင် . . ဘယ်မှာလဲ၊ အခု ဘယ်ရောက်သွားပြီလဲ"

"ဟာ . . ဒီမှာလေ၊ ပုလင်းတွေကြားထဲမှောက်လျက်လဲနေတဲ့ဟာ၊ ဟောဒီမှာ . . နဒီထိုင်ဖို့ ဘေးဖယ်လိုက်တာ၊ ဟောဒီမှာ . ."

နဒီက ဘေးသို့ဆွဲစုပုံထားသော ပုလင်းတွေပြနေသဖြင့် ထက်ခေါင် စိတ်တိုသွား၏။

"ကွာ . . ဘယ်က ပုလင်းရမှာလဲ၊ ပယင်း . . ပယင်း ငါ့မိန်းမ ပယင်းဖြူကွာ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ"

နဒီ မျက်လုံးလေး ပြူးသွား၏။

နဒီ၏မျက်ဝန်းမှာ မျက်မှန်ထူထူကြီးတပ်ထားသဖြင့် မျက်ခုံးလေးပင့်တက်သွားတာကို ကြည့်ကာ မျက်လုံးပြူးသွားသည်ဟု သိလိုက်ရခြင်းပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . ဆရာ မှားနေပြီထင်တယ်၊ ဆရာ မိန်းမက သေသွားပြီလေ ဆရာရဲ့ နဒီရောက်လာတော့ ရက်လည်ဆွမ်းကျွေးပြီးတာတောင် နှစ်ပတ်လောက်ရှိပြီလို့ ကြီးမြတင်က ပြောတယ်၊ နဒီတောင် မမြင်ဖူးလိုက်ဘူး"

"ဒါဖြင့် . . သူနဲ့ မတွေ့လိုက်ဖူးပေါ့"

"ဟင့်အင်း . . ဘယ်လိုတွေ့မလဲ . . မဟုတ်တာ"

"စောစောလေးကတင် သူ လာတယ်ကွာ၊ ဒါနဲ့ စကားတွေပြောနေကြသေးတာ၊ သီပြီ . . မင်းဝင်လာတာမြင်လို့ သူ ရှောင်သွားတာပဲဖြစ်မယ်"

နဒီက ဟို . . ဒီ . . မျက်လုံးလေးဝေ့ကြည့်၏။

"သူ . . သူဆိုတာ ဘယ်သူလဲ . . ခြော် . . သိပြီ၊ ဆရာ သူ့ယော်ချင်းနဲ့တူတယ်၊ ညက ဆရာနဲ့စကားတွေပြောနေကြတာ ကြားတယ်"

ဆက်ခေါင် ကျေနပ်စွာ ပြုံး၏။

ကဲ . . ဟိုအကိစ်မက်အောင်ကြားတယ်ဆို





. . . မောင့်ဆီ ယင်း လာတာသေချာပြီပေါ့ ယင်းရယ် . . .

အိပ်မက်မဟုတ်ဘူး . . .

ဒါဟာ . . အမှန်အကန်ပဲပေါ့။

"ယင်းမရှိပြီ"ဆိုကတည်းက နှလုံးသားတွေ . . . မျက်စိကော ရပ်တည်နိုင်စွမ်းမရှိခဲ့ပါ။

ယခုတော့ . . .

သူ့အနားကို 'ယင်း'ပြန်ရောက်ပြီ

ပြန်လာခဲ့ပြီ . . .

ရင်မှာ ကျေနပ်ပီတိလွှမ်း၏။

'ယင်း' ဘယ်လိုပုံစံနဲ့ပဲ လာလာ . . .

ဘယ်လိုအသွင်သဏ္ဌာန်ပဲရှိရှိ . . .

ယင်းဟာ မောင့်ရဲ့ယင်းပေါ့။

မောင့်ရဲ့ ချစ်ဇနီးပေါ့ . . .

အခုကတ မောင့်အနားမှာ 'ယင်း'ရှိနေပြီပဲ . . . တာပါ . . . နော်။

သူ သဘောကျစွာ တဟားဟား ရယ်နေတာ . . . မှ 'နဒီ' မိတ်မလုံစွာ ဟိုဒီကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ဘာလို့ရယ်တာလဲ"

"မဟုတ်ပါဘူး . . ဘာမှ မဟုတ်ပါဘူး"

ပြောရင်းက ရယ်သံပါလေသည်။

မောင့်ရဲ့ယင်း . . ပြန်လာတယ်လို့ပြောရင်

သူ ယုံမှာမဟုတ်ဘူးကွ . . သိလား ယင်း၊

အဲဒီတော့ . . မပြောတော့ဘူးကွာ . . နော်

"ဆရာ . . နေကောင်းတယ်နော်"

နဒီ ထိတ်လန့်တကြားမေး၏။

"ကောင်းပါတယ်"

"ကောင်းတယ်သာ ဆိုတယ်၊ ဆရာ့ကြည့်ရတာ တစ်ဘူ
ဖြစ်နေသလိုပဲ"

"မင်း ထင်လို့ပါ။ နေဦး . . မင်းက ဘာဖြစ်တယ် . .
ဟိုဘက်ခန်းက ကြီးကြီးဒေါ်မြတင်နဲ့ ဘာတော
တယ်"

"တူမပါ . . ကြီးမြတင်ရဲ့ တူမ"

"ဩော် . . နာမည်က . . "

"နဒီပါ"



"နဒီ . . နဒီဆိုတာ မြစ်ပေါ့၊ ဒါဖြင့် မမြစ်ပေါ့ . .
ဟုတ်လား"

"အဲဒီလိုဆို ဘယ်ကောင်းတော့မလဲ၊ နဒီပဲခေါ်ပါ"

ပြောရင်း . . နဒီက မျက်စိရှေ့ ရှုပ်ပွနေ
သောပုလင်းတွေ ပစ္စည်းတွေကောက်သိမ်း၏။

"ဟာ . . ရတယ်ကွ . . ထား၊ ထားလိုက်ပါ"

"ရပါတယ် ဆရာရယ်၊ နဒီ မနေတတ်လို့ပါ"

"မနေတတ်ရင် မင်း ယင်ပန်းတယ်ကွ၊ ငါတစ်အိမ်လုံး
ရှုပ်ပွနေတာ"

ပြောရင်းက ယင်းကို သတိရလေသည်။

ယင်းက နဒီလိုပဲ သန့်သန့်ပြန့်ပြန့်နေတတ်
သူဖြစ်၏။ ကလေးတစ်ဖက်နှင့် အလုပ်မအားသည့်ကြားမှ
အမှိုက်တစ်စမရှိရအောင် သိမ်းဆည်းတတ်လေသည်။ အင်မ
တန်မှ မိန်းမ ပီသလေသည်။

"ဆရာ . . တစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူး . . နှစ်ယောက်"

ယင်း ပြောထားတယ်လေ . . ..

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ယင်းစောင့်ကြည့်နေမယ်ဆို

မောင့်အနားမှာ ယင်းရှိနေမယ်ဆိုတာ . . .

"ဩော် . . ဆရာ့သူငယ်ချင်းဆိုတာနဲ့ နေတာ

ဟုတ်လား"

ထက်ခေါင် ပြုံး၏။

ယင်းရှိနေတာ သူ မသိဘူး ယင်းရဲ့

နေပေ့စေ . . .

မသိစေနဲ့ . . ပြောရင် ယုံမှာမဟုတ်ဘူး

စိတ်ထဲမှနေ၍ ယင်းနှင့် တိတ်တခိုး စ

ပြောနေမိလေသည်။

"မမနဒီ . . ဖုန်းလာတယ်"

"အေး . . လာပြီ"

နဒီက အိမ်ဖော်ကောင်မလေးကိုလှမ်း

၏။ အိမ်ဖော်ကောင်မလေးက အိမ်ထဲ ခေါင်းငုံ့ကြည့်၏။ သ

ခေါင်နှင့်မျက်လုံးချင်းဆုံတွေ့သည်၌ ကြောက်လန့်တကြ

လှည့်ပြေးလေသည်။

"သွားဦးမယ် ဆရာ၊ အကြောင်းရှိရင် ပြောပါ



ကူညီပါရစေ"

နဒီကို ခေါင်းညိတ်ပြလိုက်၏။ နဒီက ခပ်

သွက်သွက်ပြေးထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၂)

"ယင်း"

သူအသံထွက်ခေါ် လိုက်ပြီးမှ ဟိုဘက်ခန်းက ကြားသွားမလား တွေးကာ ခပ်အုပ်အုပ်အသံပြု၏။

သူ့ကို အမှန်တကယ်စောင့်ကြည့်နေခဲ့လျှင် သူ့အနားမှာ 'ယင်း'ရှိနေမှာ သေချာသည်ဟု သူ ယုံ၏။

"ယင်း . . .

သူ တကြော်ကြော်ခေါ် ရာမှ ယင်း၏ ဓါတ်ပုံ ရှေ့ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံထဲမှ ယင်း၏ရုပ်ပုံလွှာက သူ့ကို ပြုံးကြည့်နေရာမှ အသက်ဝင်ကာ ထွက်လာလေသည်။

"ဟင် . . ဘာလဲ မောင်၊ မောင် ဘာပြောချင်လို့လဲ"

"စကားတွေ ပြောကြမယ်လေ ယင်းရယ်၊ မောင်တို့ စကားမပြောရတာ ဘယ်လောက်ကြာပြီလဲ"

"မောင်ညာတယ်၊ စောစောက ဟိုကောင်မလေးနဲ့ မောင် စကားတွေပြောနေတာ အကြာကြီးဟာ၊ ဘာ စကားမပြောရတာ ကြာပြီလဲ"

"အဲဒါ . . သူလာစကားပြောတာကို ယင်းရဲ့၊ မောင်က ယင်းနဲ့ စကားပြောချင်တာ၊ ယင်းနဲ့တွေ့ချင်တာ သူနဲ့မှ မဟုတ်တာ"

"သူက ဘယ်သူလဲ"

"ဟောဗျ . . သူပြောတာ ယင်း မကြားဘူးလား၊ ကြီးကြီး ဒေါ်မြတင်ရဲ့တူမ . . နာမည်က နဒီတဲ့"

"ချောတယ်နော်"

"ဟာ . . ဘယ်ကလာ ချောရမှာလဲ၊ မျက်မှန်ဝိုင်းကြီးက လင်းကွင်းလောက်ရှိတယ်၊ ပြီးတော့ . . မျက်မှန်





အထူက တစ်လက်မလောက်ရှိမလားပဲ၊ မျက်မှန်ချွတ်ထားရင် ဟိုစမ်းဒီစမ်းနဲ့ ဘာမှမြင်ရမယ့်ပုံမဟုတ်ဘူး"

"မောင်ကလေ . . သူများတကာကို ရစရာမရှိအောင် ပြောတယ်၊ တကယ်ပဲ"

"တကယ်မို့ တကယ်ပြောတာ ယင်းရဲ့"

"မောင် အလုပ်သွားတော့လေ၊ အလုပ်ချိန် နီးနေပြီ"

"ဟင့်အင်း . . မသွားချင်ဘူး"

"မသွားချင်လို့ဘယ်ဖြစ်မလဲ မောင်၊ မောင့်ကို . . ဒီအလုပ်က ဂုဏ်သိက္ခာတွေ တစ်နင့်တစ်ပိုးကြီးပေးထားတာ၊ ထက်ခေါင်ဆိုတဲ့နာမည်ကို မောင် လွယ်လွယ်နဲ့ ပစ်ရက်သလား"

"ယင်းကကွာ . . ဘယ်သူက တိုယ့်နာမည် ကိုယ်ပစ်ပယ်ချင်ပါ့မလဲ"

"ဒါဖြင့် . . ကြိုးစားလေ မောင်ရယ်၊ ကြိုးစားရမယ်၊ ယောကျ်ားတို့လုံ့လ . . သေခါမှလျှော့၊ မောင်က ယင်းသေတာနဲ့ပဲ စိတ်လျှော့တယ်လို့ကွာ . . အလုပ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ"

"ယင်းနဲ့မောင်က တစ်ဘဝတည်းပဲလေ၊ ယင်းသေတာ မောင်သေသလိုပဲ၊ ကျွတ် . . ယင်း မောင့်ကိုတကယ် ချစ်တာမှ ဟုတ်ရဲ့လား"

"ချစ်လွန်းလို့ . . မောင့်အနားမှာရောက်နေတာပေါ့၊ မောင့်ကိုမခွဲနိုင်လို့ မောင့်အနားက မခွာနိုင်ဖြစ်နေ တာပေါ့ မောင်ရဲ့"

"ဒါဖြင့် . . မောင့်ကို ယင်းအနားက,မနှင်နဲ့ကွာ"

"မောင် ဒီလိုပဲ ယင်းကို 'တ'ပြီး ပူဆွေးနေတာ ယင်း ကြည့်နေရမှာလား"

"အဲဒါ . . ယင်းကိုသိပ်ချစ်လို့ဆိုတာ ယင်းသိသင့် တယ်"

"သိတယ် . . သိလို့ မောင့်ဘဝ မနစ်မွန်းရအောင် ယင်း တားနေတာ မောင်၊ မောင် ခံစားနေရတာ ယင်း မကြည့်ရက်လို့ပြောနေတာ"

"မောင် ခွေချင်တယ်ကွာ . . ယင်းမရှိတဲ့ဘဝမှာ မောင် ဘယ်လိုမှ မနေတတ်ဘူး"





"သားအတွက် မောင် မကြည့်တော့ဘူးလားဟင်၊ 'အာကာ'အတွက် မောင် လုံးဝ ထည့်မစဉ်းစားဘူး လား၊ ခုရော . . သား ဘယ်မှာလဲ"

"သားကို . . ယင်း မိဘတွေခေါ်သွားကြမယ်"

"ဘိုးအေဘွားအေလက်ထဲ ထိုးထည့်လိုက်တယ်ပေါ့ လေ၊ မောင် သိပ်တစ်ကိုယ်ကောင်ဆန်းတာပဲ"

"မဟုတ်ဘူး . . ယင်းမေမေက သူ့ဟာသူ ခေါ်သွား တာ ယင်းရဲ့၊ မောင် ထည့်တာမဟုတ်ဘူး"

"ခေါ်သွားရမှာပေါ့၊ ကိုယ့်ကိုယ်ကိုတောင် မစောင့် ရှောက် မထိန်းသိမ်းနိုင်တဲ့လူ့ရဲ့လက်ထဲ ကလေးတစ် တစ်ယောက်ထားလို့မှ မဖြစ်တဲ့ဟာ"

"ယင်းကကွာ . . နည်းနည်းလေးမှ စာနာစိတ်မရှိဘူး၊ မောင့်နေရာမှာ ယင်းဆိုရင် ဘယ်လိုနေမလဲ ဟင်"

ယင်း မဲ့ပြုံး ပြုံး၏။

"ဘယ်လိုနေရမလဲ၊ ကိုယ့်သားလေးကို ယင်းရင်ခွင် ထဲ ရင်အုပ်မကွာစောင့်ရှောက်ထားမှာပေါ့"

"ကောင်းပြီ၊ ဒါဖြင့် မောင် ပြန်ခေါ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် မောင့်ကိုယ်ကို မောင် ပြုပြင်ထိန်းသိမ်းဖို့လိုတယ်၊ ဟောဒီ . . မှန်ထဲမှာ မောင့်ပုံစံ မောင်ပြန်ကြည့်ပါဦး။ အရင်က 'ထက်ခေါင်' ဟုတ်သေးရဲ့လားလို့"

'ယင်း'က မှန်တင်ခုံကိုမေးလေးဆတ်ပြ၏။ ထက်ခေါင်က နံရံကပ်မှန်ဆီ အကြည့်ရောက်၏။

မညှပ်တာကြာပြီဖြစ်သောဆံပင်တွေက ရှည်လျားလှစွာ မရိုးမရွဲကျနေသဖြင့် ညှဉ်းသိုးသိုးနိုင်နေလေသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ထိုးထိုးထောင်ထောင် ထနေခြင်းကြောင့် ပင်ကိုယ်ရုပ်သန့်သောပုံစံ ပျောက်လျက် ကြမ်းတမ်းနေလေသည်။

"ယင်း ချစ်တဲ့ ထက်ခေါင်က သန့်သန့်ပြန့်ပြန့်နေတတ်တဲ့လူ၊ ဒီလိုပုံစံမျိုးမှ မဟုတ်တာ"

"ယင်းကိုလွမ်းတဲ့စိတ်နဲ့ မောင် မှန်တစ်ချက်မကြည့်ခဲ့ဘူး"

"မောင် မှားတာပေါ့၊ မောင်က လောကကြီးထဲမှာ လူတွေနဲ့အတူတူနေရသေးတာလေ၊ ကိုယ့်ဘဝကို





ကိုယ်ရေစုန်မျှောပစ်လို့ ဘယ်ရမလဲ၊ ကိုယ့်စိတ်ကို ကိုယ် ပြန်ပြုပြင်ပါ မောင်၊ မောင့်ဘဝအတွက် ယင်းတို့သားလေးအတွက် မောင် ပြန်ကြိုးစားပါ"

"ယင်းရှိနေရင် မောင့်ဘဝ ပြည့်စုံပြီ၊ ယင်း အနားမှာ ရှိနေလို့ကတော့ မောင် စိတ်ချမ်းသာပြီး အရင်လို ပျော်ပျော်ရွှင်ရွှင်နေနိုင်မှာပဲ၊ ယင်းသာ မောင့်အနားက ထွက်မသွားနဲ့"

"ယင်းနဲ့မောင်က ဘဝခြားနေခဲ့ပြီ မောင်ရဲ့၊ မောင့်ယင်းက အရင်ကယင်းဘဝနဲ့မှ မဟုတ်တာ"

"အာပဲဖြစ်ဖြစ် . . ယင်းကို မောင် မြင်တွေ့နေရရင် ကျေနပ်ပြီ ယင်း၊ မောင့်စိတ်ကို မောင် ထိန်းနိုင်ပြီ"

"မောင် အကယ်ပြောတာလား"

"အကယ်ပြောတာ"

"ဒါဖြင့် . . မောင် စိတ်ချမ်းသာတော့ မောင့်အနားမှာ ယင်း ရှိနေမယ်၊ မောင့်နောက်ကနေ ယင်းလိုက်နေမယ်"

"ဟားဟား . . ပျော်တာပဲကွာ၊ ယင်းသာ မောင့်အနား



www.burmeseclassic.com

www.burmeseclassic.com



မှာရှိနေလို့ကတော့ မောင် စိတ်ချမ်းသာမှာအမှန်ပဲ၊ တခြားလူတွေသာ ယင်းကိုမြင်ရင် အရမ်းအံ့သြသွားကြမှာနော်"

ယင်း . . ယဲ့ယဲ့ပြုံး၏။

"အံ့သြမှာထက် ထိတ်လန့်ကုန်မှာ မောင်ရဲ့၊ ယင်းက သေပြီးသားလူလေ၊ သေပြီးတဲ့သူကိုမြင်ရင် တစ္ဆေသူရဲဆိုပြီး ကြောက်မှာပေါ့၊ အဲဒါကြောင့် မောင်ကလွဲပြီး ယင်းကိုဘယ်သူမှ မမြင်စေရဘူး . . စိတ်ချ"

"ကြည့်စမ်း . . အဲဒီလိုလုပ်လို့ရသလား"

"ရတာပေါ့ . . အရင်ကလည်း မောင့်အနားမှာ ယင်းရှိခဲ့တာပဲ၊ မောင့်ကို မတွေ့စေချင်တော့ မောင်မတွေ့ခဲ့ရဘူး မဟုတ်လား"

"ဟုတ်တယ် . . ယင်းကို ဘယ်မှာတွေ့ရမလဲ မောင်လိုက်ရှာခဲ့တာပဲ၊ ယင်းရေ . . ယင်းရေနဲ့ အော်ပြီးခေါ်ခဲ့တာ"

"ငိုလည်း ငိုတယ်"

"ဟာကွာ . . ယင်းသိရက်နဲ့ အသံမပြုဘူး၊ ကြည့်စမ်း"





"တော်နေကြာ . . မောင် လန့်သွားမှာစိုးလို့လေ၊ ရက်ကြာသွားရင် မောင့်စိတ်တွေ ငြိမ်သွားမယ်မှတ်ခဲ့တာ၊ မောင်က ယင်းကို အရမ်း 'တ'နေတော့ ယင်း မနေနိုင်တော့ဘူး၊ မောင့်ကိုထိန်းပေးဖို့လိုပြီ ဆိုပြီး မြင်အောင် ပြလိုက်ရတာ"

"နောက်ဆိုရင် တိတ်တိတ်ကလေး ပုန်းမနေရဘူးနော်၊ မောင် . . ယင်းကိုမြင်ချင်တယ် တွေ့ချင်တယ် စကားတွေ တစ်ဝကြီးပြောချင်တယ်"

"ဒါဆိုရင် မောင်ကလည်း ယင်းပြောတဲ့စကားကို နားထောင်ရမယ်လေ"

"အင်း . . နားထောင်မှာပေါ့ ယင်းရဲ့၊ ယင်းက မောင့်ချစ်ဇနီးပဲဟာ"

"ဒါဆို . . ဆံပင်ညှပ်"

"အင်း"

"နှုတ်ခမ်းမွေး ပါးမြိုင်းမွေးတွေပါရှင်းပစ်၊ အရင်လို သပ်သပ်ရပ်ရပ်ပြန်နေရမယ်"

"စိတ်ချ . . မောင့်ကိုမြင်တာနဲ့ ယင်း စိတ်ချမ်းသာစေ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ကိုင်း . . ကျေနပ်သလား”

“အင်း”

‘ယင်း’က အပြုံးဖြင့် ခေါင်းညိတ်၏။ ယင်း[illegible]

အပြုံးက ဟိုတုန်းကလောက် ရွှန်းလက်တောက်ပမနေဘဲ တည်[illegible]

တည်ငြိမ်ငြိမ်ဖြစ်နေသဖြင့် . . .

ကြည့်ရတာ လူကြီးဆန်ကာ ငြိမ်သက်လွ[illegible]

အားကြီးနေသည် ထင်မိလေသည်။

~ ♥ ~

အခန်း(၁၃)

“ဟာ . . ဆရာထက်”

ထက်ခေါင်ကိုမြင်တာနှင့် Heart ကုမ္ပဏီဝန်ထမ်းတစ်ယောက်က ဝမ်းသာအားရအော်လိုက်၏။

ညီညီက မဖြစ်နိုင်တာဟု ထင်မိလေသည်။

‘ပယင်း’ဆုံးပြီးသည်မှစ၍ လုပ်ငန်းကို ဘယ်လိုမှ စိတ်မဝင်စားနိုင်ဘဲ အရက်အိုးထဲ ခေါင်းနစ်စိမ်ဝင်နေတော့မလောက် အချိန်ပြည့်သောက်၊ အချိန်ပြည့်မူးနေသောထက်ခေါင်အတွက် သူ တကယ်စိတ်ပျက်ရုံမက စိတ်ကုန်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထက်ခေါင်ဆွဲမှုဖြစ်မည့်ဒီဇိုင်းတွေကို ညီညီက ဝင်ကူဆွဲပေးနေရတာမို့ . . ထက်ခေါင်ကို အမြန်ဆုံး အလုပ်ပြန်ဝင်စေချင်တာ အမှန်ပဲဖြစ်လေသည်။

"ဟာဗျာ . . ဆရာထက်ကြီးက ရေလည်သွားနားနေတာပဲ"

"မပြောက်နဲ့တိတ်ကောင်၊ မင်း ဘာမှ စားရမှာမဟုတ်ဘူး"

ထက်ခေါင် ပြန်ပြောသောအသံ။

ညီညီ အံ့သြခြင်းကြီးစွာ လှည့်ကြည့်၏။

ဘုရားရေ . . .

အရက်နာကျကာ ရီဝေနီကျင်နေသော မျက်လုံး ဆံပင်ဘုတ်သိုက် ညှဉ်းသိုးသိုးနှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဗလပွဖြင့် . . မနေ့တစ်နေ့က ဘယ်လိုဖျောင်းဖျ နားချလို့မရအောင် ဇနီးဓိတ္တဇဖြင့် ရူးလုနီးပါးဖြစ်နေသော ယက်ခေါင်က . . .

ယခုတော့ . . .





ပယင်းရှိနေစဉ်အချိန်အခါကလို ရှင်းသန့်ခန့်ညှနေလေသည်။

ဆံပင်မုတ်ဆိတ် နှုတ်ခမ်းမွေး ဘာတစ်ခုမျှ မရှိအောင် ရှင်းသန့်ထားတာ ထက်ခေါင်အစစ်မှ ဟုတ်ပါ့လေစဟု အထင်မှားယူရလေသည်။

"ထက်ခေါင် . . ဟာ . . ခေါင်ကြီး"

အားလုံး ဝိုင်းဝန်းနှုတ်ဆက် ဝမ်းသာအားရဖြစ်ချိန်မှာ . . ညီညီဝမ်းသာပုံက သူများထက် ပိုလေသည်။

လုပ်ငန်းတာဝန်ပြန်လွှဲပေးရ၍ တာဝန်ငြိမ်းသောကြောင့် ထက် သုံးမရအောင်ပစ်လိုက်ရတော့မည်ထင်ထားရာက မျက်တရက်ကြီး ပြုပြင်ပြောင်းလဲလာပုံကို . . အံ့သြဝမ်းသာမဆုံးအောင်ဖြစ်လေသည်။

"ဟာ . . ဘာလို့လျှောက်ကိုင်နေတာလဲ"

ထက်ခေါင်က ညီညီ့လက်ကို ပုတ်ထုတ်၏။

"မင်း အစစ်နော် ထက်ခေါင်၊ မင်း ဟုတ်တယ်နော်"

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ ညီညီရ၊ ငါမဟုတ်မလို့ ဘယ်သူဖြစ်မလဲ . . မင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



ညီညီ တဟဲဟဲရယ်၏။

"မသိဘူးကွာ . . သေချင်တယ် သေချင်တယ် အော်ပြီး ကျွမ်းပစ်နေလို့ သွားပြီထင်ထားရာက ရုတ်တရက်ကြီးပြန်ရောက်လာတာကိုး . . မင်းက"

"သေလို့ကတော့ . . မင်းတို့ဆီဘယ်လာမလဲ၊ ပယင်းနောက် တစ်ခါတည်းပါသွားပြီမှတ်"

ပြောရင်းက . . .

မိမိနောက်မှာ ပယင်းရှိမလား ရှာဖွေကြည့်မိ၏။ ပယင်း၏အရိပ်အယောင်မျှ မတွေ့ရ၍ စိတ်ထဲ 'ဟာ' သွားလေသည်။

"အေးလေ . . လူတွေကြားထဲ နီးနီးကပ်ကပ် သူဘယ်နေမလဲ"

အဝေးတစ်နေရာမှနေ၍ မိမိကိုစောင့်ကြည့်နေလိမ့်မည်ဟူသောစိတ်အတွေးက စိတ်သက်သာရာရစေလေသည်။

"ဟ . . အဲဒီစိတ်ကတော့ ဒီအတိုင်းပါပဲလား"

"အေး . . ဒီအတိုင်းပဲမှတ်"



ပြောရင်းမှ . . .

"ပယင်းနဲ့ပြန်တွေ့ရတယ်ကွ . . သိလား"

ပြောချင်စိတ်က လျှာယားနေခဲ့၏။ ပြောချင်သောစကား မပြောရဘဲထိန်းထားခြင်းကြောင့် ဖုံးကွယ်မှုရှိနေခဲ့သောကို မျက်နှာမှာ တစ်စွန်းတစ်စပေါ်နေလေသည်။

"မှန်မှန်ပြော ခေါင်ကြီး၊ မင်းမှာ ပြောစရာစကားရှိနေတယ်မဟုတ်လား . . ပြော"

ထက်ခေါင်က သူ့စားပွဲနေရာမှာ ထိုင်မိလျှင် ညီညီက စားပွဲစွန်းမှာတက်ထိုင်ပြီး ထက်ခေါင်မျက်နှာကို စေ့စေ့ကြည့် အကဲခတ်နေလေသည်။

"ဟာ . . ဘာရှိရမှာလဲ၊ မင်းက . . အသားလွတ်ကြီး"

"မဟုတ်ဘူးကွာ . . တစ်ခုခုတော့ထူးခြားတာ အမှန်ပဲ၊ မင်းမျက်နှာကြည့်တာနဲ့ ငါ့စိတ်ထဲမှာ သိနေတယ်"

"ဘာသိတာလဲ . . ပြော"

"ဟ . . ထူးခြားတာ သိတယ်ကွာ၊ မင်းပုံစံ ဒီလောက်မြန်မြန်ပြောင်းပုံက မဟုတ်သေးဘူး"

"ဘာလဲ . . . မြန်မြန်ပြောင်းလဲလာတာကို မင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောမကျဘူးလား"

"ကျတယ် . . ဝှိုင်း(Why) ဘာ့ကြောင့် ဒီလောက် မြန်မြန် ပြန်ကောင်းလာတာလဲ၊ အဲဒါပဲ ငါသိချင်တာ၊ ဟိုနေ့က ငါ့တရားဟောတာတောင် မင်း လက်မှမခံတာ၊ မင်းနဲ့ငါ မတွေ့တဲ့ ဒီတစ်ရက်နှစ်ရက်မှာ တစ်ခုခု ထူးခြားချက်ရှိတာ အမှန်အကန်ပဲ၊ ပြောပါဦး . . ဘယ်ပုဂ္ဂိုလ်က မင်းကိုချွတ်လိုက်တာလဲ"

"ခက်နေပြီ . . ငါ့ကိုချွတ်နိုင်တာ ပယင်းပဲရှိမှာပေါ့ တခြား ဘယ်သူရှိနိုင်မှာလဲ"

ညီညီ မျက်ခုံးပင့်တက်၏။

"ပယင်း . . ဟုတ်လား၊ ပယင်းက မင်းကို ဘယ်လို ချွတ်နိုင်မှာလဲ"

"ကွာ . . ငါ ပစ်စလက်ခတ်ကြီး တေပေလေလွင့်နေတာမကြည့်ချင်ဘူး၊ အရင်လို သန့်သန့်ပြန့်ပြန့် နေရမယ်၊ အလုပ်ပြန်လုပ်ရမယ်ဆိုတော့ကွာ . . သူ့အကြိုက် ငါနေရတာပဲ"

ညီညီ ကျွတ်ခနဲ စုတ်သပ်ခေါင်းယမ်း၏။





တစ်ခုခုတော့ မှားယွင်းနေပြီဟု ထင်လိုက်၏။

"သူက အိပ်မက်ပေးတာလား . . ဟုတ်လား"

"မဟုတ်ဘူး . . သူလာတွေ့တာ၊ ငါ့ကို"

ဘုရားရေ . . .

ထက်ခေါင် သွက်သွက်ခါအောင် ရူးပြီဟု သောအတွေးဖြင့် ညီညီ မျက်လုံးအပြူးသားကြည့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC

# အခန်း(၁၄)

ဆ

"ဟင်"

ထက်ခေါင်၏ခြေလှမ်း တုံ့ခနဲဖြစ်၏။ အခန်းတံခါးပွင့်လျက်အနေအထားကြောင့် ဘယ်သူရောက်နေသလဲ အံ့သြတကြီး ကြည့်မိလေသည်။

ပယင်းလား . . .

ပယင်းမျှားလား . . .

ရင်တဒိတ်ဒိတ် အခုန်မြန်လေသည်။

မိမိကို မပြတ်စောင့်ကြည့်နေသည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ပယင်း၏စကားကြောင့် ပယင်းကို တွေ့ရလို တွေ့ရငြား မကြာခဏ လှည့်ပတ်ရှာဖွေမိသောသူကို တွေ့ကြသူတိုင်းက အထူးအဆန်းကြည့်သွားကြတာ ခံရ၏။

"ဟောဗျာ"

ယခုတော့ . . ပယင်းက အိမ်မှစောင့်ကြိုနေသည်ပဲ။

"ပယင်းရေ"

သူ ဝမ်းသာအားရခေါ်မိ၏။

သူ ရှုပ်ပေဖွထားသမျှ အခန်းတစ်ခုလုံး သန့်စင်ပြောင်လက်နေတာ ပယင်း ရှင်းလင်းပေးထားသည်ပေါ့ ဟုတ်လား . . .

အခန်းထဲမှာ ပယင်းရှိနေသည်ဟူသော သိစိတ်က ရင်မှာချမ်းမြေ့ပျော်ရွှင်စေလေသည်။

ပယင်း . . အချစ်ရေ . . .

သူ အခန်းထဲ ပြေးဝင်လိုက်၏။

ထင်သည့်အတိုင်း ပယင်းက အပေါက်ဝကို နောက်ကျောပေးထား၏။ လိုက်ကာခန်းဆီးတွေ (သူ လုံးချေ





တင်ထားသမျှ)ပြန်လည်ဖြန့်ချနေခဲ့လေသည်။

"ယင်း"

သူ ပြေးဖက်လုစဲစဲ နောက်ကျောခိုင်းအနေအထားမှ မျက်နှာလှည့်ကြည့်လာ၏။

"ဟာ . . ဆရာ"

နဒီဆိုသော . . ဟိုဘက်ခန်းက ကောင်မလေး။

သူ့ခြေလှမ်း တုံ့ခနဲဖြစ်၏။

ပျော်ရွှင်ချမ်းမြေ့ခြင်းသည် ရေထဲနစ်မြုပ်ခံရသော ခဲတစ်လုံးပမာ ဆုံးရှုံးသွားရလေသည်။

စိတ်ပျက်ခြင်းကြောင့် . . .

ကြည်ကြည်လင်လင်ရှိနေသော မျက်နှာက ညှိုးမှိုင်းသွားလေသည်။

"မင်း ဘာလာလုပ်နေတာလဲ ဒီမှာ"

ရန်လိုစွာမေးလေသည်။

"အခန်းတံခါးပွင့်နေတာမြင်လို့ လာကြည့်တာ ဆရာရဲ့၊ ဆရာ အပြင်ထွက်သွားတာမြင်ထားတော့ တခြား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဝင်နေသလဲလည်း သိချင်လို့ပေါ့၊ ဒီကျွေ…

ဘယ်သူမှ ရှိမနေခဲ့ဘူး”

မင်းကွာ . . .

သူ စိတ်ပျက်လက်ပျက် ညည်းမိ၏။

ပယင်းပေါ့ . . .

ပယင်း ဝင်လာတာပဲဖြစ်မှာပေါ့။

မင်း ဝင်လာတော့ ပယင်း ပြန်ထွက်သွာ…

မှာပေါ့ . . .

နှမြောတသစွာ . . စိတ်မကောင်းဖြစ်…

သည်။

“အဲဒါနဲ့ . . ရှုပ်နေတဲ့အခန်း ပြန်ရှင်းပေးနေ…

“မင်း . . တော်တော် အားအားယားယားနိုင်…

သူရှုံ့ချလိုက်တာကို . . နဒီမသိပေ။

“ဟင့်အင်း . . ကိစ္စမရှိပါဘူး”

အရေးအကြီးဆုံးက မင်း ငါ့အခန်းထဲ…

မြန်ထွက်သွားဖို့ပဲ နဒီရဲ့ဖဒါမှ . . ငါ ပယင်းနဲ့ စကားပြေ…

ရမှာ၊ ပယင်းက ငါ့ကိုတွေ့မြင့်စေမှာ . . .





“ဒါ . . ဆရာ့အမျိုးသမီးပုံလား . . ဟုတ်လား”

နဒီက တကယ် စပ်စပ်စုစုနိုင်လေသည်။

ပယင်း၏ လှပချစ်စရာကောင်းသောဓာတ်ပုံ

ကို မော့မော့လေးကြည့်နေလေသည်။

“ဟုတ်တယ်”

သူ စိတ်တိုစွာ ခပ်ပြတ်ပြတ်ဖြေမိ၏။

“လှတယ်နော် ဆရာ၊ အရမ်းချစ်ဖို့ကောင်းတာပဲ”

နဒီ၏မျက်ဝန်းများမှာ သဘောကျတာ ပေါ်

လွင်နေလေသည်။

“ဒါပေမဲ့ . . အရမ်းသနားစရာကောင်းလောက်

အောင် စောစောစီးစီးသေသွားခဲ့တယ်”

သူ့အသံကို မထိန်းလိုက်နိုင်ဘဲ ငိုသံပါသွား

လေသည်။ နဒီက သူ့မျက်နှာကို စိုးရိမ်တကြီး လှည့်ကြည့်၏။

“ဆောရီး . . ဆရာ၊ နဒီ အစဖော်ပေးမိတာနဲ့ ဆရာ

သတိရပြီး စိတ်မကောင်းဖြစ်သွားပြီထင်တယ်”

“ဟင့်အင်း . . မင်းအစဖော်ပေးမှ မဟုတ်ပါဘူး၊ ငါက

ယင်းကို အမြဲသတိရနေခဲ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



နဒီ၏အကြည့်က နူးညံ့သိမ်မွေ့လှ၏။

"ဆရာက မမကို အရမ်းချစ်တာပဲနော်"

"ဟ . . ကိုယ့်မိန်းမ ကိုယ်မချစ်ဘဲနေမလား"

"ဒါပေမဲ့ . . ဆရာချစ်တာက သူများတွေထက်ပိုတယ် အနုပညာသမားမို့လို့နဲ့တူတယ်နော်၊ အရမ်းချစ်တတ်တာပဲ"

သူက နဒီ့ကို မျက်ခုံးနှစ်ဖက်တွန့်ကြည့်မိ၏၊

"ချစ်တာပဲ၊ အနုပညာသမားမို့လို့ ရှိမလား"

"မဟုတ်ဘူးလေ ဆရာ၊ နဒီပြောတာက အနုပညာသမားတွေက ခံစားတတ်တော့ သူများထက် ပိုခံစားပြီး . . ချစ်တတ် မြတ်နိုးတတ်မယ်ထင်လို့ပါ"

ထက်ခေါင်က ဧည့်ခန်းဘက်ထွက်လာသဖြင့် နဒီက နောက်မှပါလာလေသည်။

"မပြောတတ်ဘူးကွာ၊ ငါ ပယင်းကို ချစ်တာက အနှိုင်းအဆမရှိတာ အမှန်ပဲ၊ လူလဲလို့ရရင် သူနေရာမှာ ငါ အစားထိုးသေလိုက်ချင်တယ်"

"မမ ပယင်းက အရမ်းကံကောင်းတာပဲ"



"ဟင် . . ဘာဖြစ်တယ်"

နဒီ့ကိုလှည့်ကြည့်သော ထက်ခေါင်မျက်နှာမှာ မာထန်နေလေသည်။

နဒီက သူ အော်ငေါက်သည့်တိုင် စိတ်မဆိုးဘဲ အရိုးခံမျက်နှာလေးဖြင့် ခပ်ငေးငေးကြည့်နေခဲ့၏။

"မင်း ဘာပြောလိုက်တယ် နဒီ၊ သူ့ခမျာ ကံဆိုးလို့သေရရှာပြီ၊ ဒါ . . ဘာကံကောင်းတာလဲ၊ မင်းစကားက"

နဒီ၏မျက်နှာမှာ အားနာရိပ်လွှမ်း၏။

"ဟာ . . ဆောရီး ဆရာ၊ နဒီက အချစ်ခံရတဲ့မိန်းမတစ်ယောက်အနေနဲ့တွေးပြီး ကံကောင်းတယ် ပြောမိတာပါ၊ နဒီ . . ကြီးမြတင်တို့အိမ်ရောက်တော့ မမပယင်းက ဆုံးပြီးနေပြီ၊ ဒါကြောင့် . . မမပယင်းကို နဒီ မမြင်ဖူးလိုက်ပါဘူး၊ ဒါပေမဲ့ . . ဆရာ လွမ်းဆွေးတသနေတာတွေ အတိုင်းသားမြင်နေရတော့ မမကို ဆရာ ဘယ်လောက်ချစ်တယ်ဆိုတာ မြင်တွေ့နေရတာလေ၊ အဲဒီလိုမျိုး ဒီတစ်ခါပဲ နဒီ မြင်ဖူးတာကိုး ဆရာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



နဒီ ရှင်းပြတာကို သူ ကျောခိုင်းနားထောင်နေရာမှ နဒီကိုလှည့်ကြည့်၏။

ရိုးသားပွင့်လင်းစွာပြောနေတာ ထင်ရှားလေသည်။

"ငါ့ကို ရှုံးနေတယ် မထင်ဘူးလား"

"ဟင့်အင်း"

နဒီ ခေါင်းယမ်း၏။

"အရမ်းခံစားတတ်တာကို နားလည်လိုက်တယ်"

"တချို့ကတော့ ငါ့ကို ရှုံးသွားပြီလားတောင် ပြောနေကြတယ်"

"သူတို့နားလည်မှုမရှိတာပါ။ ဆရာ ခွင့်လွှတ်ပေးလိုက်ပါ"

"မင်းကတော့ နားလည်တယ်ပေါ့"

နဒီ ခေါင်းညိတ်၏။

"နားလည်ပါတယ်၊ ဆရာ့စိတ်ကို နဒီ သိနေသလိုပဲ"

ကြီးမြတင်တို့ပြောပြကတည်းက စိတ်ထဲက သနားနေမိတာကို နဒီ ထည့်မပြောတော့ပါ။



"ဆရာ့မှာ သားလေးရှိတယ် ပြောတယ်၊ အဲဒီသားရော"

"နယ်မှာ . . ပယင်းမေမေခေါ်သွားတယ်"

"ဆရာတစ်ယောက်တည်း စားရေးသောက်ရေး ခက်မှာပဲနော်"

ခက်ပါသည်။

ပယင်းရှိစဉ်က အိပ်ရာထစာ ကြာဇံကြော်၊ ခေါက်ဆွဲကြော်၊ ကြော်ထားတာမျိုး . . .

ပေါင်မုန့်နှင့်ကြက်ဥ၊ ဘုံဘေတို့(စ်)လုပ်ပေးတာမျိုး၊ လက်ဖက်ရည်ကော်ဖီနှင့် တွဲဖက်လျက် စားစရာတစ်ခုခုက အဆင်သင့် အမြဲရှိနေခဲ့၏။

ယခုတော့ . . .

အိပ်ရာထကတည်းက တစ်ယောက်တည်းကြောင်တက်တက်နိုင်ကာ ဘယ်လိုနေရမှန်းမသိပေ။

ကိုယ်သောက်ဖို့ ကော်ဖီတစ်ခွက်တောင် ဖျော်မသောက်ဖြစ်ဘဲ ငုတ်တုတ်ထိုင် ငိုင်နေမိခဲ့တာများလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးမြတင်ကိုပြောပေးမယ်လေ၊ ဆရာ . . နဒီ
အခန်းမှာ လာစားပါလား"

"ဟာ . . မဟုတ်တာ၊ အဲဒီလို မစားတတ်ပါဘူး"

"ဒါပေမဲ့ . . ဆရာ ချက်ပြုတ်မစားဘူး မဟုတ်လား"

ချစ်သူကိုဆုံးရှုံးပြီးကတည်းက စားချင်စိတ် သောက်ချင်စိတ် ကုန်ခမ်းခဲ့တာ အမှန်ဖြစ်၏။

ဘာတစ်ခုမျှ မစားဘဲနှင့်လည်း ရင်ထဲပြည့် နေ၏။

"ရတယ် . . ဒုက္ခမခံနဲ့ နဒီ၊ ကျွန်တော်က အပြင်ထွက် ရင် တွေ့တာဝယ်စားလို့ရနေတာပဲ"

"ဟုတ်လို့လား . . နဒီမြင်တာတော့ ဆရာ တစ်နေ့ တစ်နေ့ အိမ်ထဲကုတ် အရက်သောက်နေတာပဲဟာ ခုမှ အပြင်ထွက်တာမြင်လို့ အံ့သြနေတာ"

သူ ပြုံးပြလိုက်၏။

"အလုပ်သွားတာလား"

"ဟုတ်တယ်"

"ကောင်းတယ် ဆရာ၊ အိမ်ထဲတစ်ယောက်တည်း



ကျိတ်ဆွေးနေတာထက် အပြင်လူတွေနဲ့ပြန်တွေ့ထိ တာ အကောင်းဆုံးပေါ့၊ ဒီဝေဒနာမျိုးအတွက် . . အ ကောင်းဆုံးသမားတော်က အချိန်ပဲလို့ ကြီးမြတင်က ပြောတယ်"

ဟင့်အင်း . . .

မဖြစ်နိုင်တာ . . . .

ယင်းကို ဘယ်လောက်ကြာကြာ သူ ဘယ်မေ့ နိုင်ပါ့မလဲ။

"ဟော . . ခုပဲကြည့်လေ၊ ဆရာ့ပုံစံ အရင်ကနဲ့ ဘာမှ မဆိုင်တော့ဘူး၊ အပြတ်ကို သားနားသွားပြီ၊ ဒါတွေ ဒါတွေ(နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ဆံပင်ကိုပြ ၏)မရှိတော့ ကြည့်လို့ အရမ်းကောင်းသွားတာပဲ"

"ဒါဖြင့် . . အစက ကြည့်မကောင်းဘူးပေါ့ . . ဟုတ် လား"

"မှန်တာပြောရရင် . . ဟုတ်ပ"

နှာခေါင်းရှုံ့ ရယ်မောပြောဆိုသော နဒီ့ပုံစံ သေးက ခင်စရာအကောင်းသားဟု တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် . . .

နဒီနှင့်မိတ်ဆွေဖြစ်ရခြင်းအတွက် သူ စကားပြောဖော်ရကာ စိတ်သက်သာစေတာအမှန်ပဲဖြစ်လေသည်။

## အခန်း(၁၅)

ထက်ခေါင် . . ဖျတ်ခနဲ လန့်နိုးလာချိန်မှာ တစ်အိမ်လုံး မှောင်မည်းနေလေသည်။

ဘုရားရေ . . .

ငါ ဘယ်လောက်အထိ အိပ်ပျော်သွားခဲ့သလဲ၊

ညနေက အလုပ်မှပြန်လာချိန်မှာ နေဝင်စပြုနေပြီဖြစ်၏။

ဟိုဘက်ခန်းမှနဒီနှင့် စကားပြောချိန်မှာ မထင်မှတ်ဘဲ အချိန်တော်တော်ကြာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ . . .

မောမောဖြင့် ကုလားထိုင်မှာမှိတ်ခနဲ အိပ်ပျော်သွားခဲ့တာ ခဏတစ်ဖြုတ်လောက်သာကြာခဲ့သည် ထင်မိ၏။

ယခုတော့ . . .

ညဉ့်နက်လှပြီ။

ရက်တော်တော်ကြာကြာ အခန်းအောင်းနေခဲ့ရာမှ ပြန်ထွက်ခဲ့ခြင်းကြောင့် ပင်ပန်းသည့်ဒဏ်ကို ခံနိုင်ရည် မရှိပေ။

"ဝါး"

အိပ်ချင်စိတ်မပြေသေးဘဲ ဆက်အိပ်ချင်စိတ်ဖြင့် အားရပါးရ သမ်းရာမှ မျက်စိအကြည့်က ပယင်း၏ရုပ်ပုံပန်းချီထံရောက်လေသည်။

ရယ်မောနေသော ပယင်း၏နှုတ်ခမ်းလှလှလေးမှ ရယ်သံသဲ့သဲ့ကြားလိုက်ရ၏။

"ယင်း"

"ယင်း ရောက်နေပြီလား . . ဟုတ်လား"



"ပြောစမ်းပါ ယင်းရဲ့"

"ယင်းရယ်သံတွေ မောင် ကြားနေရတယ်"

သူ့ရင်တွေ အခုန်မြန်လာလေသည်။

တစ်ခန်းလုံး လှည့်ပတ်ရှာဖွေလိုက်၏။ အခန်းမီးတွေ တစ်ခန်းပြီးတစ်ခန်း လိုက်ဖွင့်လိုက်၏။

"အိပ်ပုတ်ကွာ"

"မောင်က အရမ်း အိပ်ပုတ်ကြီးတာပဲ"

ယင်းအသံကို နားထဲမှာကြားရပြီ။ မီးဖိုခန်းထဲမှာ ယင်းရောက်နေသည်ပဲ။

မီးခလုတ်အဖွင့် မီးထိန်လင်းသွားစဉ်မှာ . . ယင်းကို နောက်ဆုံးနေ့ကတွေ့ရသည့် အဝတ်အစားဖြူဖြူလေးနှင့် ထမင်းစားပွဲခုံနားမှာ ခပ်နွဲ့နွဲ့ရပ်နေတာ မြင်ရလေသည်။

"ယင်း"

သူ ဝမ်းသာအားရ ပြေးကပ်စဉ် ယင်းက နောက်ဆုတ်လေသည်။

"ဘာ . . ခုမှ ယင်းလဲ၊ ဟိုကောင်မလေးနဲ့ စကားပြောနေတုန်းကတော့ ယင်းကို တစ်ချက်ကလေးမှ သတိ

www.burmeseclassic.com

www.burmeseclassic.com



မရဘူး မဟုတ်လား"

ယင်းက မျက်နှာပုပ်ပုပ်ကလေးနှင့် နှုတ်ခမ်းစူလေသည်။

"ဘာလို့ သတိမရ ရမှာလဲ . . ပြောနေတာ ယင်းအကြောင်းတွေပဲ၊ မောင့်မိန်းမ မောင် ဘယ်လောက်အထိချစ်တယ် မြတ်နိုးတယ်ဆိုတာ အားလုံးသိကြပါတယ် ယင်းရယ်၊ ယင်းအတွက် မောင် ရူးမတတ်ခံစားခဲ့ရတာပဲဟာ"

'ယင်း' မဲ့ပြုံး ပြုံး၏။

"ဟိုကောင်မလေးနဲ့ မောင် စကားပြောနေတဲ့အချိန်တုန်းက မောင့်မျက်နှာကြီးတစ်ခုလုံး ဝင်းလက်တောက်ပနေခဲ့တာ ယင်းကို ပိုးတုန်းကအတိုင်းပဲ"

"ဟာကွာ . . မဟုတ်တာ ယင်းကလည်း"

"ဘာလို့ မဟုတ်ရမှာလဲ၊ မောင့်ကို ယင်း စောင့်ကြည့်နေပါတယ်လို့ပြောထားတာ မောင် မေ့သွားခဲ့တဲ့အထိ စကားကောင်းနေခဲ့တာပဲ"

"ယင်း ကြားမှာပါ၊ သူက သာလိကာသေလို့ဝင်တား



သလားအောက်မေ့ရအောင် စကားပြောတာ"

"မောင်ကိုယ်တိုင်က လက်ခံပြောခဲ့တာလေ၊ ကဲ . . ထားပါ . . . စကားပြောတာကတော့၊ သူပြန်သွားတော့ မောင် အဝတ်အစားမလဲနိုင်၊ ရေမချိုးနိုင်ဖြစ်ပြီး . . ပီတိတွေ တစ်ပွေ့တစ်ပိုက်နဲ့ အိပ်ပျော်သွားတဲ့အထိ ဘဝင်ကျသွားတာကိုရော ဘာပြောင်းချင်လဲ"

"ယင်းကကွာ . . ငြင်းစရာမှ မလိုတာ၊ မောင် အပြင်မထွက်တာကြာလို့ ဒီနေ့ အပြင်စထွက်တော့ အရမ်းပင်ပန်းပြီး အိပ်ပျော်သွားခဲ့တာ"

"အိပ်တဲ့မျက်နှာက ကြည်ကြည်နူးနူးပြုံးပဲ့ဖပြုံးကြီးနဲ့ဟွန်း"

"ဟုတ်လား"

"အမယ် . . ဟုတ်လားဖြစ်ရသေး၊ မောင်နော်"

သူ သဘောကျစွာ ရယ်မောလိုက်၏။

"ယင်းဆီက အဲဒီအသံမျိုးတွေ မကြားရတာ တော်တော်ကြာခဲ့ပြီကွနော်၊ ခုမှ ပြန်ကြားရတယ်"

"စိတ်ဆင်းရဲသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်သွားတယ်၊ မောင့်ဘဝထဲကနေ အဲဒီအသံတွေ ပျောက်သွားမှာတောင် စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့၊ ယင်းမရှိတဲ့နောက် တခြားတစ်ယောက် ရောက်လာပြီပဲဟာ၊ ကြားရမှာပါ"

"ဟိုဘက်ခန်းကကောင်မလေးလား"

"ခမ်းစရာလိုသေးလား . . ဒါပေါ့"

"မဟုတ်တာ ယင်းရယ်၊ ယင်းကလွဲပြီး မောင့်မှာ နောက်ထပ်တစ်ယောက်ဆိုတာမရှိစေရဘူး . . စိတ်ချ"

"သိပ်အပြောမကြီးနဲ့ မောင်ရဲ့၊ ခုတောင် မောင့်စိတ်တွေ အရင်ကလောက် တင်းကျပ်လေးလံမနေတော့ဘူး မဟုတ်လား၊ ဝန်ခံစမ်းပါ မောင်ရဲ့"

"ဝန်ခံရအောင် ဟုတ်မှ မဟုတ်တာ"

"အဲဒီကောင်မလေးကြည့်ရတာ မောင့်ကို စိတ်ဝင်စားနေသလိုပဲ"

"ယင်း စိတ်ထင်လို့ပါ"

"စိတ်ထင်တာမဟုတ်ဘူး . . ယင်း မြင်နေရတာ၊



ဆရာ . . ဆရာနဲ့ခေါ်တာ ပါးစပ်ဖျားက မချဘူး"

သူ ရှက်ရယ် ရယ်၏။

"ယင်းက ခုထိ သဝန်တိုလို့ကောင်းတုန်းပါပဲလား"

"ဘာလဲ မောင်ပြောပုံက ဘဝပြောင်းပြီဆိုတော့ သဝန်မတိုရဘူးပေါ့ . . ဟုတ်လား"

"ကွာ . . သဝန်တိုတာ ချစ်လို့ပဲဟာ . . တိုစမ်းပါ၊ ဘယ်လောက်တိုမလဲ တိုချင်သလောက်တို"

"မောင် ဂရုမစိုက်ဘူးဆိုတဲ့စကား စိတ်ထဲကများပြောနေသေးသလား"

"မပြောပါဘူး . . မောင့်မိန်းမက မောင့်ကို ခုထိ အရမ်းချစ်တာပါလားလို့ မောင် ပျော်တာ တကယ်ပဲ"

"ကဲ . . ထမင်းစားလေ၊ ဘယ်အချိန်ရှိပြီလဲ"

"ယင်းရော"

"မောင်ပဲ စားပါ၊ ယင်း ဘာလုပ်ပေးရမလဲ"

"အမှန်ကတော့ . . ရေမိုးချိုးပြီး အပြင်ထွက်စားဖို့ ယင်းရဲ့၊ ခုတော့ . . အချိန်လွန်လှပြီ"

"နေဦး . . ဘာရှိသလဲ ယင်းကြည့်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ရှိ Side board ကို ယင်းက တစ်ချပ်ပြီး တစ်ခု ဖွင့်ကြည့်လေသည်။

"ဟင် . . ဘာမှလည်း မရှိပါလား"

အံ့သြတကြီး ဆိုလေသည်။

"ဘယ်ရှိမလဲ၊ ယင်းမရှိတာနဲ့ မောင့်ဘဝလည်းမရှိတော့ဘူး၊ ဘာမှ ချက်ပြုတ်စားသောက်တာမှ မဟုတ်တာ"

"ကွယ် . . မောင်က အလုပ်မဟုတ်လိုက်တာ၊ နေဦး ယင်း ဝယ်ထားတဲ့ ခေါက်ဆွဲထုပ်တွေတော့ ရှိမယ်ထင်တယ်"

ယင်း ဆွဲထုတ်နေသည့် ယမ်ယမ်ခေါက်ဆွဲပါကင်ထဲမှ ခေါက်ဆွဲထုပ်ထွက်လာလေသည်။

"တော်ပါသေးရဲ့ . . တစ်ထုပ်ကျန်နေသေးလို့ ခေါက်ဆွဲချဉ်စပ်သောက်လိုက်လေ . . မောင့်အကြိုက်ပဲဟာ"

"သောက်ချင်စိတ်မရှိပါဘူး"

"မရှိဘူး မလုပ်နဲ့ သောက်ရမယ်၊ တော်နေကြာ . .



မောင်လဲသွားရင် အာကာလေးမှာ အဖေရောအမေပါ မရှိဘဲဖြစ်နေမယ်"

ယင်းက ယခင်ကအတိုင်း ရေနွေးဆူဆူထဲမှာ ချဉ်စပ်ထုပ်ဖောက်ထည့်၏။

ခဏအကြာမှာ . . မွှေးကြိုင်သင်းပျံ့နေသော ခေါက်ဆွဲပန်းကန်က ထက်ခေါင်၏ရှေ့သို့ရောက်လာလေသည်။

"ယင်းရော သောက်လေ"

"ဟင့်အင်း . . မောင်ပဲသောက်၊ ယင်း ထိုင်ကြည့်မယ်လေ"

"မောင်တို့နှစ်ယောက်အတူတူ တစ်စားပွဲတည်း ထိုင်မစားရတာကြာပြီ ယင်းရာ၊ စားပါ . . စားစမ်းပါ"

ထက်ခေါင်က ဇွန်းတစ်ချောင်းယူပြီး ယင်းကိုခွံ့မ်းပေး၏။ ယင်းက ပြုံးပြုံးလေးလှမ်းယူလေသည်။

ခေါက်ဆွဲပန်းကန်ကို ယင်းနှင့်ထက်ခေါင်ကြားချကာ တစ်ယောက်တစ်ဇွန်း ခပ်သောက်ရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ကအတိုင်းပါပဲလား . . ယင်းရယ်၊



## အခန်း(၁၆)

"ဟိတ် . . မောင် . . ထကွာ . . ဘယ်နှနာရီရှိပြီလဲ"

ယင်းက သူ့လက်မောင်းကို လှုပ်ကိုင်နှိုးခြင်း[illegible]ကြောင့် . . သူ နိုးလာခဲ့၏။

ညက 'ယင်း'နှင့် နှစ်ယောက်အတူ စကား[illegible]တစ်ဝကြီးပြောနေခဲ့၍ အိပ်ရေးပျက်ခဲ့၏။

မိုးလင်းခါနီးမှ မှိတ်ခနဲ အိပ်ပျော်သွားကာ[illegible]သံကြောင့်နိုးလာချိန်မှာ အိပ်ရေးမဝသေးသဖြင့် [illegible]တ[illegible] မျက်လုံးမဖွင့်နိုင်ဘဲဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘယ်လိုဖြစ်တာလဲ၊ ပန်းကန်မှာ ဇွန်းနှစ်ချောင်းနဲ့ တခြားဘယ်သူလာတာမှလည်း မတွေ့ပါဘူး"

နဒီ ...

နဒီ၏အသံ ...

သူ့ခေါင်း ဆတ်ခနဲ ထောင်သွားလေသည်။ လေးလံတွဲကျနေသော မျက်ခွံကို စွတ်ဖွင့်ကြည့်၏။

မဟုတ်သေးဘူး ...

'ယင်း'လေ ...

'ယင်း'ဖြစ်ရမှာ ...

တစ်ညလုံး ယင်းနဲ့စကားပြောနေခဲ့တာ။

ခုနကမှ .. ယင်းက ပုတ်နှိုးလိုက်တာ ...

ခုတော့ ...

ဘယ်လိုကဘယ်လို .. အနားမှာ နဒီရောက်နေတာလဲ၊

သွားပါပြီကွာ ...

နဒီရောက်လာတာနဲ့ 'ယင်း'ရှောင်နေပြီ





ပေါ့။

နဒီ ...

မင်း နှောင့်ယှက်တယ်ကွာ ...

"ဟင် .. ဆရာက ဒီမှာအိပ်ပျော်နေခဲ့တာတော့ မဟုတ်လောက်ပါဘူးနော်"

နဒီ ယခုမှ .. သူနိုးလာတာ သတိထားမိသွား၏။ သူက မျက်လုံးပွတ်ကြည့်လျှင် နဒီ၏ အားနာမျက်နှာကိုမြင်တွေ့ရလေသည်။

"ဟုတ်လိုက်တာမှ သိပ်ဟုတ် .. အခုမှ နိုးလာတာ၊ ကဲ .. ပြော .. ဘာလဲ .. ဘာကိစ္စလဲ၊ ကြမ်းပြင်ပေါ်မှာမဟုတ်ဘူးနော်၊ ထမင်းစားခန်းက ကုလားထိုင်မှာထိုင်ပြီး စားပွဲခုံပေါ် မျက်နှာအပ်အိပ်နေတာ၊ အဲဒါကို မင်းတို့ဘက်ခန်းက ဘယ်လိုမှ မမြင်နိုင်ဘူး .. သေချာတယ်"

သူ့အသံက ဒေါသသံ ပါကာ ခပ်ဆတ်ဆတ်ဖြစ်နေလေသည်။ နဒီက အံ့သြတကြီး ငေးကြည့်နေပြီးမှ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က . . ထက်ခေါင် ကြမ်းပေါ်ရှိ အရက်ပုလင်းခွံတွေကြားထဲအိပ်နေသဖြင့် နဒီ အလန့်တကြားလာကြည့်ခဲ့တာ ရည်ရွယ်ပြောခြင်းဖြစ်သဖြင့် . . ပြုံးမိတာဖြစ်လေသည်။

"အစစ်ပဲ၊ ဆရာ့ကိုမတွေ့တာနဲ့ ဒီအထိဝင်လာခဲ့တာဆိုပါတော့"

"ငါ့ကိုလာနှိုးဖို့ မင်းကို မပြောထားမိပါဘူး"

နဒီ အသံထွက်အောင် ခပ်တိုးတိုးရယ်၏။

"ဆရာ . . ဘာတွေ ဒီလောက်စိတ်တိုနေတာလဲ၊ နဒီက မုန့်ဟင်းခါးလာပို့တာပါ ဆရာရဲ့၊ ကြီးမြတင်လေ . . သူတို့ဈေးထဲကမုန့်ဟင်းခါး ကောင်းလှချေရဲ့ဆိုပြီး ဝယ်ပို့ပေးထားလို့ . . ဆရာပါစားရအောင် လာပို့တာ"

ယခုမှ . . မိမိနှာခေါင်းထဲမှာ မုန့်ဟင်းခါးနံ့ရနေတာ သတိထားမိ၏။ နဒီက ပြောပြောဆိုဆို ချိုင့်လှယ်ပေးလေသည်။

"ငါ့ကိုပါ ကျွေးလိုက်တဲ့လား"





နဒီ ရှက်ပြုံး ပြုံး၏။

"အများကြီးပဲ ဆရာရဲ့၊ သုံးလေးယောက်အဝစားလို့ရတယ်လေ၊ ဒီမှာကြည့်ပါဦး"

ထမင်းစားပန်းကန်ပြားထဲထည့်ထားသော မုန့်ဟင်းခါးကိုမြင်သာအောင်ပြ၏။ အကြော်နိုင်းချင်း၊ ဘဲဥပြုတ်အလွှာချပ်ကလေးများအပြင် ကြက်သွန်ကြော်ဖြူးထားသော ပန်းကန်က စားချင်စဖွယ်ဖြစ်လေသည်။

"မင်းရော . . စားပြီးရဲ့လား"

"ဟင် . . ဘယ်စားရဦးမှာလဲ၊ ဆရာ ရုံးသွားအမီကျွေးလို့ရအောင် ဒီဘက်ခန်းထွက်လာခဲ့တာ၊ ဆရာနဲ့အတူတူစားမှာပေါ့"

ဟာကွာ . . .

'ယင်း'ကြားသွားလို့ကတော့ အထင်လွဲစရာဖြစ်တော့မှာပဲ။

သူ . . စိုးရိမ်စိတ်ဖြင့် ယင်းကိုတွေ့ရမလား ရှာကြည့်၏။ ယင်းကို . . အစအနလေးတောင်မှ မမြင်ရပါ။

"ဆရာ . ဘာရှာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအရာကို နဒီ သတိပြုမိသွားလေသည်။

"ဟင့်အင်း . . မရှာပါဘူး"

"ဆရာ့ကြည့်ရတာ . . တစ်ယောက်ယောက်ကို ရှာသလိုမျိုးပဲ"

သူ အိပ်ချင်စိတ် မကုန်သေးဘဲ ဝါးခနဲ သမ်းမိလေသည်။ နဒီက သူ့မျက်တွင်းချောင်နေတာကို သတိပြုမိသွား၏။

"ညက ဆရာအိပ်မပျော်ဘူးလား"

"ဟင့်အင်း"

"ထင်တယ် . . ဆရာ့မျက်နှာချောင်နေကတည်းက အိပ်ရေးဝအောင် အိပ် . . အစားဝအောင်စားမှပေါ့ ဆရာရဲ့၊ တော်နေကြာ . . . ဆရာလဲသွားတော့ ဘယ့်နှုလုပ်မလဲ"

"လဲတော့လည်း လဲတော့ပေါ့ကွာ၊ တစ်ယောက်တည်း အမိပွါယ်မရှိ နေရတာနဲ့စာရင် သေသွား အေးတာပဲ"



"ဟင် . . မဟုတ်တာ၊ ဆရာ့မှာ သားရှိနေသေးတယ်လေ ဆရာရဲ့ . . အာကာရှိနေတာပဲ၊ တစ်ယောက်တည်းမှ မဟုတ်တာ့"

"သားကို သူ့ဘိုးအေဘွားအေတွေက စောင့်ရှောက်ထားပြီပဲ"

"ဒါပေမဲ့ . . ဘယ်တူမလဲ ဆရာရယ် မိဘက အမိတပဲ၊ အမေမရှိရင် အဖေရှိနေဖို့လိုအပ်တယ်၊ မိဘမဲ့ကလေးတွေမှာ စိတ်ဝေဒနာ အနည်းအကျဉ်းခံစားရတတ်တယ်လို့ နဒီ စာတွေထဲမှာ ဖတ်ဖူးတယ်"

"မင်းစားချင်ရင် စားနှင့်ပါလား၊ မျက်နှာသွားသစ်လိုက်ဦးမယ်"

နဒီ့အနားမှ သူ အမြန်ဆုံးထွက်လာခဲ့၏။

မဟုတ်တာ . . .

ယင်းမရှိတဲ့ဘဝမှာ . . ထက်ခေါင် ဘယ်လိုရှိနိုင်မလဲ။

နှစ်လွှားပေါင်းမှတစ်ရွက်ဖြစ်တဲ့ . . .

စွယ်တော်ရွက်နဲ့ . . ချစ်သူ့လွှေကို တင်စား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတာ မဲလွန်ပါဘူး။

ပယင်းနဲ့ထက်ခေါင်ရဲ့ဘဝမှာ တစ်သက်အေး ဖို့ မဆိုထားပါနဲ့ တစ်ရက်ခွဲကြဖို့တောင် စိတ်ကူးခဲ့ကြတဲ့သူတွေ မဟုတ်တာ . . နော် . . ယင်းရယ်။

'ယင်း' တိတ်တိတ်ကလေး ခိုးပြီး လာတွေ့ ဖော် စကားပြောဖော်ရလို့ စိတ်ကျေနပ်သလိုခံစားရတာ နဒီမှ မသိတာ။

"ကြာလိုက်တာ ဆရာရယ်၊ ဆရာ . ."

နဒီ့အသံကို ကြားရလေသဖြင့် သူ့စိတ်အ တွေးတွေ လွင့်ပြေး၏။

"လာပြီ"

သူ အမြန်ဆုံး မျက်နှာသစ်သွားတိုက်ပြီး ထွက်ခဲ့၏။

"လန့်သွားတာပဲ ဆရာရယ်၊ ရေချိုးခန်းထဲမှာ ဘာများ ဖြစ်နေပြီလဲလို့"

"ဟာဗျာ . . နဒီကလည်း၊ ကျွန်တော်က ကလေးမှ မဟုတ်တာ"





"ကလေးမဟုတ်ပေမယ့် . . ညကအရှိန်က ရှိနေသေး တယ်လေ ဆရာရဲ့၊ တော်နေကြာ . . ရီဝေတဲ့ရီဝေ ဖြစ်ပြီး လဲကျမှဖြင့်"

"ဟာ . . . နဒီကတော့ ပြောတော့မယ်ဗျာ၊ လူကို အရက်သမားဖြစ်အောင်"

"နို့ . . ဆရာသောက်တာပဲဟာ"

"စိတ်ညစ်လို့သောက်တာ၊ ယင်းရှိတုန်းက လုံးဝသောက် တာမှ မဟုတ်တာ"

"ဟုတ်တယ် . . . ကြီးမြတင်က ဆရာအရင်က သောက်တာမြင်ဖူးတာ မတွေ့ဘူးလို့ပြောတယ် ဆရာရဲ့၊ အစကတောင် မသောက်တာ အခုလည်းမသောက် နဲ့ပေါ့၊ ကဲ . . စားမယ်နော် ဆရာ၊ ဟင်းရည်ပူပူလေး ဖြစ်အောင် နွေးထားတယ်"

သူ ခေါင်းညိတ်လိုက်၏။

နဒီက သူ့အိမ်သူ့ယာပမာ သူစားဖို့ အဆင် သင့်ပြင်ဆင်ပေးနေတာကြည့်ပြီး ယင်းများ နဒီ့ကိုယ်မှာ ဝင် ရောက်နေသလား စိတ်ကူးနှင့်အကြည့် . . .



www.burmeseclassic.com

www.burmeseclassic.com



'ယင်း'၏ ပြုံးရွှင်သောမျက်နှာကလေးက နဒီ၏မျက်နှာမှာ ထင်ဟပ်လေသည်။

အခန်း(၁၇)

"ဟာ . . ခေါင်ကြီး . . အိပ်လှချေလား"

ထက်ခေါင်၏ပခုံးကို လှုပ်နှိုးသူက ညီညီဖြစ်နေလေသည်။ အိပ်ချင်စိတ်ဖြင့်ကြည့်သောကြောင့် ညီညီ၏ကိုယ်က နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲတွေဖြစ်ကာ မျက်စိထဲ ယိမ်းထိုးနေလေသည်။

"ညီညီရာ . . နေစမ်းပါ၊ အိပ်စမ်းပါရစေ"

သူ စိတ်ရှုပ်ထွေးစွာ ညီညီ့လက်ကိုပုတ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ . . မင်း နေမကောင်းဘူးလား ထက်ခေါင်"

ညီညီ့အသံမှာ စိုးရိမ်သံ ပါနေခဲ့၏။

"နေကောင်းတယ်ကွာ . . အိပ်ချင်တာပဲရှိတယ်"

"မင်း . . ညက မအိပ်ရဘူးလား . . ဟုတ်လား"

ထက်ခေါင် ပင့်သက်ချ၏။ စိတ်တိုစိတ်က အိပ်ချင်စိတ်ကိုလွှမ်းကာ ခေါင်းထောင်လာ၏။

"မအိပ်ရလို့ အိပ်ချင်တာပေါ့ကွ၊ အရေးထဲ . . မင်းက တစ်မှောင့်"

သူ အော်လေသည်။

"အိပ်ပေါ့ကွာ . . အိပ်ချိန်မှာအိပ်မှ မင်း အလုပ်လုပ်နိုင်မှာပေါ့ ခေါင်ကြီးရ။ ခုကြည့် . . အိမ်ဒက်ကရေရှင်း ပြင်ထားတာ စစ်ရမှာ၊ မင်း ခေါင်းမထောင်နိုင်တော့ ငါ့မှာ အိမ်ရှင်တွေကို ဘယ်လောက်မျက်နှာပူရသလဲ . . ကြည့်"

"မပူနဲ့ . . နော်၊ အားလုံးဖြစ်စေရမယ်"

"အဲဒါဆို . . ထလေ . . သွားမယ်"



"ဟာ . . တစ်ရေးအိပ်ပြီးမှသွားမယ်ကွာ၊ အိပ်ချင်ပါတယ်ဆို"

ထက်ခေါင့်ခေါင်းက စားပွဲပေါ် ပြန်မှောက်ကျသွား၏။

"ထက်ခေါင်ရာ . . မင်းနဲ့တော့ ခက်တော့တာပဲ၊ မင်းက စပြီး စည်းကမ်းဖောက်ရင် လက်အောက်ငယ်သားတွေကို ငါ ဘယ်လိုကိုင်လို့ရမလဲ၊ ထကွာ . . လန်းသွားအောင် လက်ဖက်ရည်သောက်မယ် ထ"

ညီညီက ထက်ခေါင်ကို လက်မောင်းရင်းမှ ဆိုင်ကာ အတင်းထစေ၏။

"မင်းရှိနေတာပဲ . . မင်းနဲ့ပြီးတာပဲဟာ"

"ဘယ်လိုပြီးမလဲ၊ မင်းဆွဲထားတဲ့ဒီဇိုင်း မင်း.စစ်ကြည့်ရမယ့်ဟာ"

"မင်းက ဒီလိုကြေးလား . . ကောင်းပြီလေ၊ မင်းခိုင်းတာ ငါလုပ်ရမှာပေါ့"

"ဟာ . . ဒီသဘောမျိုးတော့ မင်းမပြောနဲ့ ခေါင်ကြီးရာ၊ မင်းကို သူများတွေ မလေးစားမှာစိုးလို့ ငါ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းတာ၊ ပြောပါဦး . . ဘာဖြစ်လို့ အဲဒီလောက်တောင် အိပ်ရေးပျက်နေတာလဲ၊ မင်း ဘာတွေဖြစ်နေသလဲ၊ ငါ့ကို ဖွင့်ပြောကွာ . . ငါတို့က ညီအစ်ကိုလို ပေါင်းလာတဲ့သူငယ်ချင်းတွေပဲဟာ"

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြလေသည်။

ကျ . . စိမ့် . . ရှယ် . . .

မှာလိုက်သော လက်ဖက်ရည်ခွက် ရောက်တာနှင့် ထက်ခေါင်က တစ်ကျိုက် ကျိုက်ချ၏။

"ငါပြောရင် မင်း မယုံဘူး၊ ငါသိတယ်"

"ပြောကွာ . . ယုံမယ်"

"ငါတို့ တစ်ညလုံး စကားတွေပြောနေကြတာ"

"တစ်ညလုံး . . . "

ညီညီ မျက်ခုံးပင့် အံ့အားသင့်စွာကြည့်၏။

"ဘယ်သူနဲ့လဲ"

"ယင်းနဲ့"

ညီညီ သောက်လက်စလက်ဖက်ရည် သီး၏။

"ဘာ . . ဘာ . . ဘယ်သူနဲ့"





မျက်လုံးပြူးထွက်လေသည်။

"ယင်းနဲ့ကွာ . . ပယင်းနဲ့၊ ငါ့မိန်းမနဲ့ . . "

"ဟာ . . ခေါင်ကြီး၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မဟုတ်တာ"

"ကဲ . . ငါပြောတယ်မဟုတ်လား၊ ငါပြောရင် မင်းယုံမှာမဟုတ်ဘူးဆိုတော့ . . မင်းပဲ ယုံမယ်ဆို"

"ကွာ . . ယုံနိုင်စရာမှ မရှိတာ၊ သေပြီးတဲ့သူက မင်းနဲ့ ဘယ်လိုစကားပြောမှာလဲ၊ ဪ . . သိပြီ . . မင်း အိပ်မက် မက်တာလား၊ အိပ်မက်ထဲမှာ ပြောကြတာလား"

ထက်ခေါင်ခေါင်ယမ်းတာကို ညီညီကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်၏။

"မဟုတ်ဘူး"

ထက်ခေါင်က နံဘေးကို အကဲခတ်ကြည့်ရာမှ တခြားသူတွေကြားသွားမှာစိုးသောဟန်ဖြင့် လေသံ နှိမ့်ပြောလေသည်။

"ယင်း . . လာတယ်ကွ၊ ငါနဲ့ လာတွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . မင်း ရှူးနေပြီလာ ခေါင်ကြီး၊ မဟုတ်တာကွာ . . မဖြစ်နိုင်တာ"

"ကျွတ် . . ခက်ပါလား၊ အဲဒါကြောင့် . . မင်းကို ငါမပြောပြဘဲထားတာ၊ မင်းမေးလို့ပြောတော့လည်း မယုံတော့ခက်တာပဲ"

ထက်ခေါင်မျက်နှာက တကယ် အလေးအနက်ထားပြောနေတာဖြစ်တော့ ခက်၏။

သွားပြီ . . .

ထက်ခေါင် ရှူးသွားပြီ။

စိတ်ကစဉ့်ကလျားဖြစ်သွားပြီ။

နားထဲမှာ အသံတွေကြား . . .

မျက်စိထဲမှာ ထင်ရာမြင်ရာ စွတ်မြင်။

ဖြစ်ချင်တာကို စိတ်ကူးနှင့်ဖန်ဆင်း ရှူးသွပ်ခြင်းကို ကြားဖူး၏။

ယခုတော့ . . .

ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်က ဒီလိုအဖြစ်ဆိုးမျိုးဖြင့် ကြုံရရှာပြီ။





သနားစရာကောင်းလှသည့်ဖြစ်ခြင်း။

သူတို့လင်မယားလောက်ချစ်တာ . . တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်တာ၊ ဂရုတစိုက်ရှိကြတာအတွက် . . ကိုယ်(ညီညီ)ပင် အားကျခဲ့ဖူး၏။

ညီညီအိမ်ထောင်ပြုခဲ့လျှင် ဒီလိုမျိုးပဲဖြစ်စေရမယ် စိတ်ကူးယဉ်ခဲ့ဖူး၏။

ပြောကြပဲဆိုတော့ . . .

ပယင်းနှင့်ညီညီက တစ်နယ်တည်းသားတွေဖြစ်လျက် ကျောင်းနေဘက်တွေဖြစ်ခဲ့၏။

ပယင်းကိုချစ်ခင်မြတ်နိုးစိတ်ဖြင့် ပရိုပို့စ်လုပ်ခဲ့ဖူး၏။

ယင်းထံမှ အဖြေမရဘဲ ဒေါသနှင့်ရန်တွေ့တာကို ရခဲ့၏။

"သွားစမ်းပါ၊ နင့်ကို ငါ ရိုးရိုးသားသားခင်တာနော် ညီညီ၊ အဲဒီလို . . မဟုတ်တရုတ်စိတ်တွေထားရင် နင့်ကို ငါ ဒီတစ်သက်မခေါ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်အတိုင်း . . .

ပယင်း၏ ဆက်ဆံရေးအခြေအနေတွေ ပြောင်းသွားခဲ့၏။ နောက်ဆုံးကျတော့ . . ညီညီကပဲ တောင်းပန်ခဲ့ရပါသည်။

"ဆောရီးပဲ . . ပယင်းရယ်၊ နင် မကြိုက်ရင် ငါ နောက်ဆုတ်ပါတယ်၊ မခေါ်မပြောဘဲတော့ မနေပါနဲ့ဟာ ငါ မနေတတ်ဘူး၊ အရင်အတိုင်းပဲ ခင်ခင်မင်မင် နေပါ၊ အဲဒီလို စိမ်းကားပြတ်တောက်တဲ့အထိတော့ မရက်စက်ပါနဲ့"

"တကယ်လား ညီ၊ နင် တကယ်ပြောတာလား"

"တကယ်ပါ . . နင် မကြိုက်တဲ့စကား ငါ နောက်ထပ် လုံးဝမပြောတော့ဘူး . . စိတ်ချ"

"အိုကေ . . နင့်စကား တည်ပါစေ ညီ၊ နင့်စိတ် ဖောက်ပြန်လာလို့ကတော့ . . ဒီတစ်သက် မဟုတ်ဘူး၊ ဆယ်သက်မခေါ်ဘူး . . သိရဲ့လား"

ပယင်းက မဟုတ်မခံစိတ်ရှိလျက် ရင်ထဲရှိတဲ့အတိုင်းပြောတတ်တာ ညီညီ သိနေတော့ . . ပယင်း





တကယ်ပြောတာဟု သိ၏။

သူ မချိသွားဖြဲလေးဖြင့် ရင်နာစွာ နောက်ဆုတ်ခဲ့ရပါသည်။

ထက်ခေါင်နှင့်ကျတော့ . . Y.T.U တက်ရင်းမှ ရင်းနှီးကျွမ်းဝင်ခဲ့တာဖြစ်၏။ သူ ရန်ကုန်ရောက်လာချိန်မှာ ပယင်းက နယ်မှာကျန်ခဲ့လျက် အဆက်အသွယ် လုံးဝမရှိဖြစ်သွားခဲ့၏။

နောက်တစ်ခါ . . ပယင်းကိုပြန်တွေ့ချိန်မှာ ထက်ခေါင်၏ချစ်သူအဖြစ် တွေ့ခဲ့ရတာပဲဖြစ်လေသည်။

ဒီတော့လည်း . . .

အတိတ်ကိုပြည်ဖုံးကားချကာ ပယင်းနှင့် မိတ်ဆွေအဆင့် ပြန်လည်ဆက်သွယ်ခဲ့လေသည်။

ပယင်းကို သူ ပရိုပို့စ်လုပ်ဖူးတာ၊ တစ်ဖက်သတ်အသည်းစွဲချစ်မြတ်နိုးခဲ့တာကျတော့ ထက်ခေါင် မသိစေတော့ပါ။

ပယင်း အက်ဆီဒင့်ဖြစ်ပြီးဆုံးတော့ . . သူ ကြေကွဲဝမ်းနည်းခဲ့ရပါသည်။ တိတ်တဆိတ် မျက်ရည်ကျသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ခံစားခဲ့ရသဖြင့် ထက်ခေါင်၏ခံစားမှုကို နားလည်နိုင်စွမ်း ရှိခဲ့ပါသည်။

"ပယင်းက ငါ့ကိုစောင့်ကြည့်နေခဲ့တာတဲ့ကွ၊ ငါ့အနားမှာ သူ အမြဲရှိနေတယ်လို့ပြောတယ်"

"နားထဲမှာ . . သူ့အသံကိုကြားရတာလား . . ဟုတ်လား"

"အေးလေ . . သူ့အသံကွာ . . စကားပြောတာကို နားနဲ့လည်းကြားရတယ်၊ သူ့ပါးစပ်လှုပ်ပြောတာကို ဟောဒီမျက်စိနဲ့ပါ မြင်ရတာ ညီညီ"

"လူကိုပါ မြင်ရတယ်ပေါ့"

"မြင်ရတာမှ အသေအချာပဲ၊ သူက ဆုံးသွားတဲ့နေ့က အဝတ်အစားပဲ ဝတ်ထားခဲ့တာ"

ညီညီ စိတ်မောစွာ ပင့်သက်ချ၏။

"ကွတ် . . တစ်ခုခုတော့မှားနေပြီ ခေါင်ကြီး၊ အိပ်မက်မက်တာလောက်ဆိုရင် ငါ လက်ခံနိုင်သေးတယ်၊ ခုတော့ကွာ . . မင်းက မဟုတ်သေးပါဘူး"

"ဟာ . . မဟုတ်ဘဲနဲ့ မင်းကို ငါ ဒီစကားတွေပြောရ





အောင် . . ငါ အရူးလား"

"အားနာနာနဲ့ပြောရရင် ဘယ်သူ့ကိုပဲ သွားပြောပြော အားလုံးက မင်းကိုရူးနေပြီပဲပြောကြမှာ သေချာတယ် ခေါင်ကြီး၊ သေသွားတဲ့သူကို ရုပ်ခနဲမြင်ကြရတာပဲ ကြားဖူးတယ်၊ မင်းလို . . လူကောင်လိုက်ကြီး လာစကားပြောတာ မကြားဖူးပါဘူး"

"အခု . . ငါပြောပြီကွာ၊ မင်း ကြားဖူးသွားပြီဆိုရင် ရော"

ညီညီ ခေါင်းယမ်း၏။

"မဖြစ်နိုင်ဘူး ခေါင်ကြီး၊ ပယင်းကို မင်း စွဲလမ်းလွန်းလို့ မင်းစိတ်ထဲကဖြစ်ချင်တာကို စွတ်ဖန်တီးယူတာပဲဖြစ်ရမယ်"

"နေကွာ . . မယုံလည်းနေ၊ မတတ်နိုင်ဘူး"

ထက်ခေါင် . . ထိုင်ရာမှ ဝုန်းခနဲ ထသွား၏။

ညီညီက ထက်ခေါင်နောက်ကျောကိုကြည့်ကာ ခေါင်းယမ်းကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

"ညီညီကကွာ . . ဘယ်လိုပြောပြော မယုံဘူးတဲ့၊ သူနဲ့ တွေ့လိုက်ပါလားဟင် . . သူ အံ့ဩသွားအောင်"

ပယင်း ရယ်ပြီး ခေါင်းယမ်းလေသည်။

"ဘာလုပ်မှာလဲ . . မယုံလည်း နေပေ့စေပေါ့ မောင်ရဲ့၊ သူ ယုံတာ,မယုံတာ အကြောင်းမှမဟုတ်တာ"

"မဟုတ်ဘူးလေ၊ မောင်ပြောတာ အမှန်အကန်ဆိုတာ သူ သိစေချင်တာပေါ့"

"အဲဒါ . . မောင့်ဂုဏ်သိက္ခာအတွက်ဖြစ်မယ်ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟုတ်လား . . "

"ဘာလဲ . . ပယင်းရဲ့၊ ဘာလို့ ဂုဏ်သိက္ခာတွေ ဘာတွေ ထည့်ပြောရတာလဲ"

"မောင်ပြောတာမှန်တယ်ဆိုတာ သူ သိစေချင်တာ မောင့်အတွက်ပေါ့၊ မောင် လိမ်ညာပြောတာမဟုတ်ဘူးဆိုတာ သက်သေပြချင်တာ တစ်ခုက မောင့် ဂုဏ်သိက္ခာအတွက်ပဲလေ"

"အဓိက,က သူ အံ့ဩသွားစေချင်တာပဲ"

"ယင်းကိုတွေ့စေချင်တဲ့သူက မောင်ပဲ၊ ညီညီမှ မဟုတ်တာ မောင်ရဲ့၊ သူ အံ့ဩဖို့မလိုပါဘူး၊ ဒါကြောင့် မောင့်တစ်ယောက်တည်းကိုပဲ ယင်း မြင်စေခဲ့တာ"

"အဲဒီတော့ . . ဘာဖြစ်တယ်ထင်သလဲ ယင်း၊ ညီညီက မောင့်ကို ရူးနေပြီထင်နေတယ်"

"ထင်ပေ့စေလေ၊ သူ့စိတ်ထဲ ထင်ချင်ရာထင်လို့ရတာပဲ"

ထက်ခေါင် . . ကျွတ်ခနဲ အသံပြု၏။





"ကိုင်းကွာ . . ယင်းသဘောပဲ၊ ထင်ပေ့စေ မောင့်ကို အရူးပဲထင်ထင် အနှမ်းပဲထင်ထင်"

ထက်ခေါင် စိတ်တိုတာကြည့်ကာ . . ပယင်း တခစ်ခစ်ရယ်လေသည်။

"ကိုယ်မဟုတ်ရင်ပြီးတာပဲ မောင်ရယ်၊ ဘာလို့ သူများတွေဘယ်လိုမြင်မလဲ ထင်ကြမလဲဆိုတာ ဂရုစိုက်နေရတာလဲ"

"မောင်က လူတောထဲမှာနေရတာလေကွာ၊ လူတွေကြားထဲနေ,နေရတာ"

ပယင်းမျက်နှာ ကွက်ခနဲပျက်၏။

"ဟုတ်တယ် . . ပယင်း မေ့သွားတယ်၊ မောင်က လူပဲ၊ လူသားတစ်ယောက်ပဲဟာ၊ ပယင်းကျတော့ . . . "

ပယင်း ဆက်မပြောနိုင်ဘဲ အသံတုန်လေးမှာ ငိုသံပါလာလေသည်။

"ဟာ . . ဆောရီး ယင်း၊ ဆောရီး အချစ်ရယ်၊ မောင့်စိတ်ထဲ ဘယ်လိုသဘောမျိုးနဲ့မှ မဟုတ်ပါဘူး၊ ယင်းကို စကားနိုင်လုချင်ဇောနဲ့ပြောမိတာ"



www.burmeseclassic.com

www.burmeseclassic.com



ပယင်းအနားသို့ တိုးကပ်ကာ ပယင်း၏မျက်ရည်ကို လက်ကိုင်ပဝါဖြင့် တို့သုတ်၏။

"မောင်က ပယင်း ဒီဘဝရောက်နေတာတောင် အနိုင်ယူချင်စိတ်ရှိသေးတာကိုး"

"မောင် တောင်းပန်ပါတယ် ယင်းရယ်၊ အနိုင်ယူချင်စိတ်လည်း ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး၊ စကားပြောမှားသွားတဲ့အတွက် ခွင့်လွှတ် ဟုတ်ပြီလား"

"ပယင်း မောင့်နောက်က တကောက်ကောက်လိုက်နေမိတာ မောင် မကြိုက်ရင် အဝေးကပဲကြည့်မယ်လေ"

"မဟုတ်တာ . . မောင် အရင်ကလို အလုပ်ပြန်လုပ်နိုင်တာ ယင်းကို ခုလိုတွေ့မြင်နေရလို့ပဲ၊ ယင်းသာ မောင့်အနားမှာမရှိရင် ဘာဖြစ်သွားမလဲ၊ ယင်းသိပါတယ်၊ မောင့်ဘဝတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားမှာသေချာတယ်"

"အဲဒါ ခက်တာပဲ၊ ယင်းက မောင့်အနားမှာ အမြဲနေခွင့် ရှိချင်မှရှိမှာ"





"ရှိပါတယ် ယင်းရယ်၊ မောင့်အတွက် ယင်း ရှိနေပေးပါ"

"မောင်"

"ဟင်"

"ဟိုဘက်ခန်းက ကောင်မလေးနဲ့အဆင်ပြေမယ်ဆိုရင် . . ယင်းကို ဘာမှအားနာမနေနဲ့၊ မောင် လက်တွဲလိုက်ပါလား"

"ဟာကွာ . . ယင်း ဘာတွေလျှောက်ပြောတာလဲ"

"မောင့်ဘဝအတွက် ယင်း ဖြည့်ဆည်းပေးချင်တာပါ မောင်၊ မောင့်ကိုချစ်လွန်းလို့ပြောရတာပါ၊ ယင်းကို လွမ်းဆွေးနေတဲ့သောကတွေကို ဒီနည်းနဲ့ပဲ ကုစားလို့ရမှာ မောင်ရဲ့"

"မဟုတ်တာ ယင်းရာ၊ အဲဒါ မောင့်ကို စော်ကားတာပဲကွ၊ ယင်းကို မောင်ချစ်တဲ့အချစ်က တုန္ှိုင်းမမီတဲ့အချစ်၊ ဘာနဲ့မှ လဲလှယ်ယူလို့မရအောင် တန်ဖိုးထားချစ်ခဲ့တာ၊ ယင်း . . အဲဒီလောက်တောင် သဘောမပေါက်ဘူးလား နားမလည်ဘူးလား"

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါေသကြောင့် သူ့အသံက မြင့်တက်သွား၏။ ဝင်ပေါက်တံခါးတစ်ခုသာ ပိတ်ထားလျက် ပြတင်းတံခါးတွေဖွင့်ထားခြင်းကြောင့် အသံက အပြင်သို့ထိုးဖောက်နိုင်စွမ်းရှိနေလေသည်။

"နားလည်တယ် . . နားလည်လွန်းလို့ စာနာစိတ်နဲ့ မောင့်အတွက် ယင်း ပြောရတာ၊ နဒီနော် . . ဟိုဘက်ခန်းက ကောင်မလေးက"

"ဟုတ်တယ်"

"သူ မောင့်ကို စိတ်ဝင်စားနေတယ် မောင်ရဲ့၊ မောင့်ဘဝကို စာနာသနားနေတာ၊ ဟော . . တံခါးဝမှာ သူရောက်နေပြီ မောင်၊ စောစောက မောင် အော်လိုက်သံကြားပြီး ဘာဖြစ်သလဲလို့ စိုးရိမ်တကြီးနဲ့ လာကြည့်တာ"

ယင်းပြောသလိုပင် . . ဘဲလ်တီးသံကြားရ၏။ သူက ယင်းကိုမျက်စောင်းထိုး နှုတ်ခမ်းစူတော့ ယင်းက သဘောကျစွာ ရယ်၏။

"မြန်မြန်သွား . . သွားလေ မောင်ရဲ့၊ တံခါးဖွင့်ပေး





လိုက်"

ခပ်တိုးတိုး ပြောလေသည်။

ထက်ခေါင်က ပုံမှန်ခြေလှမ်းဖြင့်သွားပြီး တံခါးဖွင့်ပေးလိုက်လေသည်။

ဟုတ်သည်။

တံခါးဝမှာ နဒီရောက်နေလေသည်။ သူက ယင်းရှိနေသေးသလား လှည့်ကြည့်တော့ . . ယင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၉)

နဒီက ထက်ခေါင် မူးရှူးအော်ဟစ်နေသည် တုထင်ပြီး ပြေးလာခဲ့ခြင်းဖြစ်၏။

ဒီရောက်တော့ . . အခန်းတံခါး လာဖွင့်ပေးသောပုံစံက ပုံမှန်ဖြစ်နေသဖြင့် . . မျက်ခုံးလေး ပင့်တက်သွားအောင် အံ့အားသင့်သွားခဲ့ရလေသည်။

"ဆရာ . . တစ်ယောက်တည်းလား"

တခြားဘယ်သူရှိသလဲဟု အခန်းတွင်းခေါင်းလေးစောင်းကြည့်ပြီး မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းပဲလေ နဒီရဲ့၊ ဘယ်သူရှိရမှာလဲ"

"စောစောက ဆရာ့အခန်းမှာနေ စကားပြောသံကြား နေရတယ်၊ နဒီက ဧည့်သည်တစ်ယောက်ယောက် ရောက်နေတယ်တောင် မှတ်နေတာ"

အော်ဟစ်ပြောဆိုသံကြောင့် စကားများရန် ဖြစ်နေသလားဟု လန့်သွားရတာကို နဒီ အားနာစွာ ဖုံးကွယ် ပြောလေသည်။

ထိုစဉ်မှာပင် . . .

မီးဖိုခန်းတွင်းမှ ပန်းကန်ကျကွဲသံပေါ်လာခဲ့၏။ နဒီက 'ဟော'ခနဲ အသံပြုလျက် မျက်လုံးလေး ဝိုင်းစက်သွားလေသည်။

ထက်ခေါင်က . . 'ယင်းကတော့ လုပ်ခဲ့လိုက်ပြန်ပြီ'ဟု သိလိုက်၏။

"ပန်းကန်ကွဲသံ ဆရာရဲ့"

နှစ်ယောက်သား အခန်းတွင်း ပြေးဝင်မိကြလေသည်။ စားပွဲပေါ်မှာ ထက်ခေါင်အုပ်ဆိုင်းထားခဲ့သော ပန်းကန်က လျှောကျကွဲခဲ့တာပဲဖြစ်၏။





"ဟာကွာ . . စောစောက ယင်ကောင်တွေ့လိုက်တာနဲ့ နားမှာစိုးလို့ ဟင်းပန်းကန်ပေါ် မှောက်ချထားခဲ့တာ"

"ဖြစ်တတ်ပါတယ် ဆရာရဲ့၊ ကြွေပန်းကန်က လျှော ကျသွားခဲ့တာပါ"

ပန်းကန်ကွဲအစအနတွေကောက်ဖို့နှစ်ယောက် ထိုး ဒူးညွတ်ထိုင်ချလိုက်ကာကုန်းအကောက်မှာ . .

"ဟာ . ."

မထင်မှတ်ဘဲ ခေါင်းချင်းတိုက်မိကြလေသည်။

"ဆောရီး ဆရာ . . ဆောရီး"

နဒီက မျက်မှန်သမားမို့ မျက်နှာချင်းအဆောင့်မှာ နဒီ့မျက်မှန်နှင့် ထက်ခေါင်၏ခေါင်း ထိခိုက်သွားခဲ့ ၏။

ထက်ခေါင် အရမ်းအားနာသွားလေသည်။

"ကျွန်တော်က တောင်းပန်ရမှာပါ နဒီရဲ့၊ နဒီ . . နာ သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နဒီ . . ဟန်လုပ် ပြုံးလိုက်၏။ မျက်မှန်ပေါ်မှ ရိုက်ချလိုက်သလိုဖြစ်သွားတာမို့ အနည်းအကျဉ်း ထိမိခိုက်မိ[illegible] ကာ နာသွားတာ အမှန်ပဲဖြစ်လေသည်။

"အင်း . . နည်းနည်းတော့ နာတယ် ဆရာ"

မျက်မှန်ချွတ်ကြည့်လိုက်၏။

"ဟောဗျာ . . ပေါက်သွားတာပဲ"

ထက်ခေါင် အလန့်တကြားဖြစ်၏။ နဒီ[illegible] မျက်လုံးထောင့်စွန်းမှာ သွေးစို့သွားခဲ့လေသည်။

"ခဏနော် . . နဒီ . . ခဏလေး"

အခန်းထဲ အပြေးအလွှား ဝင်၏။

ဘာလိမ်းပေးရမလဲ . . စဉ်းစားရင်း [illegible] သေတ္တာဖွင့်၏။

စိတ်ပူသွားမိတာ . . .

စိုးရိမ်တကြီးဖြစ်သွားရတာတွေကို . . .

ယင်း မြင်တွေ့ကာ သရော်ပြုံး ပြုံးမှာပဲ [illegible] မိလေသည်။ တကယ်လည်း ယင်းက လက်ပိုက်ကာ ပြုံး[illegible] နေ၏။



"ကိုယ့်ကြောင့်ဖြစ်ရတာ ယင်းရယ်၊ ဒါ့ကြောင့် . . ကိုယ် အားနာသွားခဲ့တာပါ"

ဖြေဖြေ ပြောမိလေသည်။

"ဘယ်သူက ဘာပြောနေလို့လဲ မောင်ရဲ့၊ မောင့်ဘာသာ မောင် မလုံမလဲဖြစ်နေပြန်ပြီ . . အဟင်းဟင်း"

ထင်သည့်အတိုင်း ယင်း ရယ်နေလေသည်။

"ပရုတ်ဆီလိမ်းလို့ ဘယ်ရမလဲ၊ မျက်လုံးထောင့်စွန်းဆိုတော့ မျက်လုံးပူသွားမှာပေါ့"

ထက်ခေါင်က ပရုတ်ဆီဘူးကိုင်တော့ . . ယင်းက ကန့်ကွက်၏။

"ဒါဖြင့် . . ဘာလုပ်ပေးရမလဲ"

အကြံဉာဏ်တောင်းမိလေသည်။

"ပျားကော်ကောင်းသားပဲ၊ အဲဒါ . . အအေးဆေးဆိုတော့ မျက်လုံးမထိခိုက်ဘူးပေါ့"

"ကျေးဇူးပဲ ယင်းရယ်"

သူ အပြေးအလွှား ပြန်ထွက်လာခဲ့စဉ်မှာ . . နဒီ့ကို မျက်မှန်ကျိုးလေးကိုင်ထားလျက်တုန်းလန်း မြင်ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

“နဒီ . . ဘာဖြစ် . . ဟာ . . မျက်မှန်ကိုင်း ကျိုးသွားတာပဲ”

ထက်ခေါင် အထိတ်တလန့်ဖြစ်လေသည်။

မိမိခေါင်းနှင့်တိုက်မိရုံဖြင့် . . ကိုင်းမကျိုးလောက်ပါဘူးဟု တစ်လက်စတည်း စဉ်းစားမိပြီးလည်းဖြစ်လေသည်။

“နဒီလေ . . စောစောက မျက်မှန်ဖြုတ်ပြီး ဘေးခဏ ချထားမိတာ၊ အဲဒါ . . ပြန်ထတော့ မျက်မှန်ပေါ် ပြန်တက်နင်းမိပြီးသားဖြစ်တာ ဆရာရဲ့”

နဒီအသံမှာ နှမြောသံပါနေ၏။ ထိုအချိန်မှာ ရယ်လိုက်သူက ‘ယင်း’ဖြစ်လေသည်။

ထက်ခေါင်အကြည့်မှာ ‘ယင်း’က သူ့ကြောင့်ဟု အမူအရာလုပ်ပြ၏။

“မောင်ပဲ . . အဲဒီကောင်မလေးကို မျက်မှန်ထူထူကြီးနဲ့ ကြည့်မကောင်းပါဘူးပြောခဲ့တယ် မဟုတ်လား အဲဒါကြောင့် . . သူနင်းမဲ့ ခြေထောက်အောက်ကို



‘ယင်း’ ထည့်ပေးလိုက်တာ၊ ကိုင်းလေ . . အဲဒီတော့ မျက်မှန်ထူကြီး ဖြုတ်သွားရောပေါ့ . . မဟုတ်ဘူးလား”

“ကောင်းကွာ . . အဲဒီတော့ ဘယ်လိုလုပ် စာကြည့်လို့ရတော့မလဲ၊ အားနာစရာကွာ”

သူက ယင်းကို ပြောလိုက်တာဖြစ်၏။

နဒီကျတော့ ယင်းကိုမြင်တွေ့ရသူ မဟုတ်သဖြင့် သူမကိုပြောသည်ဟုပဲ မှတ်ထင်လေသည်။

“ရပါတယ် ဆရာရဲ့၊ နဒီ နက်ဖြန်ပြန်လုပ်မှာပေါ့၊ မျက်မှန်က တစ်ရက်တည်းနဲ့ အပြီးရနေပြီပဲဟာ”

“ကျွန်တော် လိုက်လုပ်ပေးမယ်လေ . . နဒီ”

“မဟုတ်တာ . . နဒီဘာသာ နဒီလုပ်ပါ့မယ်၊ ဆရာ ကြည့်ရတာ အရမ်းကိုအားနာနေသလိုချည်းပဲ၊ ဆရာလုပ်တာမှမဟုတ်တဲ့ဟာ၊ ဘာတွေ အားနာနေတာလဲ ဆရာရဲ့”

“မျက်ကပ်မှန်လုပ်ခိုင်းလိုက်ပါလား မောင်၊ အဲဒါဆို သူ့မျက်နှာလှလှလေးနဲ့ မျက်လုံးအလှ ထင်းခနဲ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာမှာ”

‘ယင်း’အသံကို သူကြားရလေသည်။

“ယင်းကွာ”

ဘာလို့ အဲဒီလောက်ဝင်ပါနေရတာလဲ . . .

သူ မျက်စောင်းထိုးမိလေသည်။

“ဟင် . . ဆရာ . . ဘာဖြစ်လို့လဲ”

နဒီက သူကြည့်ရာကို လိုက်ကြည့်၏။

အလန့်တကြားမေး၏။

“ဟင့်အင်း . . မဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး”

“မဟုတ်ဘူး . . ဆရာ့ကြည့်ရတာ တစ်ခုခုကိုမြင်နေတွေ့နေလို့ ကြည့်နေသလိုပဲ”

သူ ရှက်ရယ် ရယ်မိလေသည်။

“နဒီ ထင်လို့ပါ၊ နဒီ့အတွက် ကျွန်တော် ဘာလုပ်ပေးရရင်ကောင်းမလဲ . . စဉ်းစားနေမိတာ”

“ဘာမှ မစဉ်းစားပါနဲ့ . . မဟုတ်တာ၊ မျက်မှန်လုပ်တာ လွယ်လွယ်လေးပဲဟာ၊ နဒီ လုပ်နေကျဆိုင်မှာ သွားလုပ်ရုံပဲ၊ ဘာမှ အပန်းမကြီးပါဘူး”



ပြောလိုက်လေ . . ပြောလိုက် . . .

မျက်ကပ်မှန်လုပ်လို့ ပြောလိုက် . . .

“မျက်မှန်ဆိုင်တော့ တော်နေကြာ မှန်ကွဲတာနဲ့ ကိုင်းကျိုးတာနဲ့ ရှုပ်ပါတယ် နဒီရဲ့၊ မျက်ကပ်မှန် လုပ်ရင်ရော”

ယင်း ကျေနပ်စွာ ခေါင်းလေးညိတ်ပြုံးနေတာ မြင်ရလေသည်။

“မျက်ကပ်မှန်”

နဒီက မျက်လုံးလေး ထောင့်ကပ်စဉ်းစား၏။

ဘုတ်ပါရဲ့၊ ယင်းပြောသလိုပင် နဒီ၏မျက်လုံးလေးက တောက်ပြောင်လှပလေသည်။

ယခုမှ . . .

နဒီ၏ နက်မှောင်ရှည်လျားလျက် ခပ်စိတ်စိတ်မျက်တောင်များအနားသတ်ထားသောအလှကို မြင်ရလေသည်။

“အခုခေတ်မျက်မှန်ထူကြီးတွေအစား . . တော်တော်များများက မျက်ကပ်မှန် တပ်နေကြပြီလေ နဒီရဲ့”

“ဒါပေမဲ့ . . နဒီ နေတတ်ပါ့မလား မသိဘူး ဆရာရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မနေတတ်စရာရှိသလဲ၊ နောက်တော့ အကျင့်ရ သွားမှာပေါ့"

"မဟုတ်ဘူး . . နဒီက မျက်လုံး အရမ်းပွတ်တတ်တာ လေ၊ အဲဒီမျက်ကပ်မှန်တပ်ထားရင် မျက်လုံးပွတ်လို့ မရဘူး မဟုတ်လား"

"လက်အကျင့်ကိုသတိထားထိန်းလိုက်ရင် နောက်ကျ တော့ ဘယ်ပွတ်မိတော့မှာလဲ နဒီရဲ့ . . ခဏပါ ခဏလောက်သတိထားရင်ဖြစ်သွားမှာပါ"

"ဆရာက . . နဒီမျက်မှန်တပ်တာ ကြည့်လို့မရဘူး ထင်တယ်"

ယင်းထံမှ ရယ်သံကို သူကြားလိုက်ရ၏။ သူက ယင်းကို မျက်မှောင်လေးကြုတ်ကြည့်မိလေသည်။

"ဟုတ်လား"

"ဟာ . . မဟုတ်ပါဘူး၊ အဲဒီလိုတော့ မဟုတ်ဘူးဗျ ခုလို ကျိုးတာပဲ့တာကွဲတာတွေ မဖြစ်အောင် စေတ နာနဲ့ ပြောတာပါ၊ မျက်ကပ်မှန်မတပ်တတ်ရင်လည်း မတပ်ပါနဲ့၊ ကျွန်တော်က အလကားလျှောက်ပြော





နေမိတယ်"

"နဒီ သွားပြီး စမ်းတပ်ကြည့်မှာပါ"

"တော်နေကြာ . . အဆင်မပြေရင် ကျွန်တော့်ကြောင့် ဖြစ်နေပါဦးမယ်"

"ဟင့်အင်း . . မဖြစ်စေရပါဘူး၊ နဒီကိုယ်တိုင်လည်း စမ်းတပ်ကြည့်ချင်တာပါ၊ ကဲ . . သွားဦးမယ် ဆရာ၊ ပန်းကန်ကွဲအစအနတွေ စုဦးမယ်၊ နဒီ ကောက် သိမ်းပေးတာ တော်နေကြာ ကျန်နေမှာစိုးရတယ်"

"ရပါတယ် . . အားလုံးကုန်သလောက်ပါပဲ"

"တံမြက်စည်းတစ်ချက်လှည်းလိုက်မှ စိတ်ချရမယ် ဆရာရဲ့"

ပြောရင်း . . .

နဒီက တံမြက်စည်းယူလိုက်၏။

ထက်ခေါင်က ရှေ့မှတားဆီးကာ နဒီ့လက် ထဲမှ တံမြက်စည်းလှမ်းဆွဲလိုက်လေသည်။

"ဟာ . . မဟုတ်တာ၊ ကျွန်တော်လှည်းပါ့မယ် နဒီရဲ့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . ပြန်ပြီဆရာ၊ ဂွတ်နိုက်(Good night)"

"ဂွတ်နိုက်"

နဒီကို တံခါးဝအထိ ပြန်ပို့ပေးလိုက်၏။ သူ ပြန်လှည့်အလာမှာ သူ့ကို ခပ်စိုက်စိုက်ကြည့်နေသော ယင်းကို တွေ့ရလေသည်။



အခန်း(၂၀)

"ဘယ်လိုလဲ မောင်"

"ဟင် . . ဘာကို ဘယ်လိုလဲတာလဲ"

"ကောင်မလေးမျက်လုံးလေးတွေ လှတယ်မဟုတ်လား"

သူ ပခုံးတွန့်ပြလိုက်၏။

"ယင်းလောက်တော့ မလှပါဘူး"

"ဟွန်း . . မညာပါနဲ့၊ မောင် ကောင်မလေးကို စိုက်ကြည့်နေတာများ မျက်လုံးပြူတ်ထွက်တော့မယ့်အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပဲ"

"ဟောဗျာ . . ယင်းပြောပုံက မဟုတ်လိုက်တာ"

"ယင်း ကြည့်နေခဲ့တာ သိတာပေါ့၊ ဟုတ်တယ်"

"အလကားနေရင်း သူ့ဝန်တိုနေပြန်ပြီ၊ သူ ဝတ်တာ စားတာ ဘယ်မှာအချိုးကျလို့လဲ၊ ဘိုသီဘတ်သီနဲ့"

"ဩော် . . မောင်ရယ်၊ ဟိုဘက်ခန်း ဒီဘက်ခန်းကူးတာဆိုတော့ ပြင်ပြင်ဆင်ဆင် မရှိတာဖြစ်လိမ့်မယ်၊ အပြင်ထွက်တဲ့အခါ မောင် ကြည့်လိုက်လေ"

"တွေ့ပါ့ဗျာ . . ဟိုတစ်နေ့က ဝရန်တာထွက်ရပ်နေတုန်း သူ အပြင်ကပြန်လာတာတွေ့လိုက်ပါတယ်၊ ဒီပုံပါပဲ"

ယင်း သဘောကျစွာ ရယ်လေသည်။

"ဟောဗျာ . . ဘာလို့ရယ်တာလဲ"

"မောင်ကလေ . . ပြောတော့ဖြင့် မကြိုက်ဘူးတဲ့၊ ကောင်မလေးကို မောင် လိုက်ကြည့်နေခဲ့တာပဲ"

"လိုက်မကြည့်ပါဘူး၊ တွေ့လိုက်တာ"

"သူကလည်း မောင့်ကိုတွေ့မှာပေါ့"





သူ ရပ်ပြီးငုံ့ကြည့်နေတာကို ကောင်မလေးက ဒီက ခပ်မော့မော့ကလေးကြည့်ရာမှ မြင်တွေ့သွားပြီး လက်ပြနှုတ်ဆက်ခဲ့၏။

ထိုအခါ . . .

သူကလည်း လက်ပြနှုတ်ဆက်ခဲ့လေသည်။

"သူကြည့်ရတာ မောင့်ကိုစိတ်ဝင်စားနေခဲ့တာအမှန်ပဲ"

"စိတ်ဝင်စားလို့ရယ်တော့ ဟုတ်မထင်ပါဘူး၊ မိန်းမသေသွားလို့ တစ်ယောက်တည်းစိတ်ဒုက္ခခံစားနေရတာကို သနားတဲ့သဘောနဲ့တူပါတယ်"

"သနားရာကနေ . . ချစ်သွားခဲ့တာဆိုရင်ရော"

"ယင်း ဘာတွေလျှောက်ပြောနေတာလဲ"

"မောင့်အတွက် ယင်း စဉ်းစားပေးနေတာ မောင်၊ အချစ်တကာ့အချစ်ထဲမှာ . . သနားချစ်နဲ့ချစ်တဲ့အချစ်က ပိုပြီးခိုင်မြဲတယ်လို့ ယင်းတော့ ကြားဖူးတာပဲ"

"မနောက်နဲ့ကွာ . . မ'စ'ပါနဲ့ . . တော်တော့၊ မောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ယင်းကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်ဘူး
"ဟုတ်ရဲ့လား မောင်ရဲ့ . . ပြန်စဉ်းစားပါဦး၊ အ
ကောင်မလေးရောက်လာတဲ့အချိန်ကစပြီး မော
ဘဝ ပြန်ပြီးရှင်သန်လာခဲ့ပြီ မဟုတ်လား"
"မဟုတ်ဘူး . . ပေါက်တတ်ကရတွေ မပြော
မောင်က တွေ့ရာမြင်ရာ ကြိုက်တတ်တဲ့ကောင်
မဟုတ်ဘူး၊ ယင်းအပေါ်မှာ ဘယ်တော့မှ သစ္စာ
ဖောက်မဲ့ကောင်မဟုတ်ဘူး"
"ကျေးဇူးတင်ပါတယ်၊ ယင်းအပေါ်မှာ မောင် ဘယ်
လောက်အထိချစ်သလဲဆိုတာ ယင်း သိပါတယ်
ဒါပေမဲ့ . . ခုဟာက မောင် သစ္စာဖောက်တာမဟုတ်
ဘူးလေ"
"မဟုတ်တာတွေ မပြောနဲ့ကွာ၊ မောင် မကြိုက်ဘူး"
"မောင်,မကြိုက်လည်း ယင်းကတော့ ပြောရမှာပဲ
သစ္စာဖောက်တယ်ဆိုတာက . . ကိုယ့်မှာ လက်ရှိ
အိမ်ထောင်ရှိရက်နဲ့ တခြားမိန်းမတစ်ယောက်အပေါ်
မှာ စိတ်ဝင်စားတာကို အဓိကထားပြောကြတာပါ





ခု . . မောင်က မုဆိုးဖိုပဲ၊ မောင်က လွတ်လပ်နေတဲ့
သူပဲ၊ တစ်ပင်လဲမှ တစ်ပင်ထူတဲ့၊ ကိုယ့်ဘဝအတွက်
အဖော်ရှာလို့ရပါတယ်၊ ယင်းကိုယ်တိုင်က ခွင့်ပြုတာ
ပဲဟာ"
"ဘာလဲ . . မောင့်အနားမှာ ယင်း မနေနိုင်ဘူးလား၊
မောင့်နောက်ကလိုက်ရတာ ငြီးငွေ့သွားလို့ တခြား
တစ်ယောက်ရှာပေးနေတာလား"
"အို့ဟိုးဟိုး . . . မဟုတ်လိုက်တာ၊ မောင့်ကိုချစ်လွန်း
လို့ ယင်း မောင့်အနားက မခွာနိုင်ဖြစ်နေရတာပါ
မောင်ရဲ့၊ မောင့်အနားမှာနေချင်လွန်းလို့ နေနေခဲ့တာ
လေ၊ ဘာလို့ ငြီးငွေ့ရမှာလဲ၊ ဒါပေမဲ့ . . ယင်းရော
မောင်ပါ ဒီအတိုင်းချည်းပဲ နေသွားလို့မှမဖြစ်တာ"
"နေပေါ့ . . ဘာမဖြစ်ရမှာလဲ"
"နေလို့ ဘယ်ဖြစ်မှာလဲ မောင်၊ ယင်းက မောင်နဲ့ ဘဝ
ချင်းခြားနေခဲ့ပြီပဲ၊ ယင်းက အရင်တုန်းက ယင်း
မဟုတ်တော့ဘူးလေ၊ ပယင်းဖြူဆိုတဲ့ဘဝက ကျန်
ရစ်ခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ကွာ . . စိတ်ညစ်စရာစကားတွေ မပြောနဲ့ ယင်းရာ၊ မောင် တောင်းပန်ပါတယ်"

ထက်ခေါင်အသံက အက်ကွဲထိရှသံ ပေါ်လာ၏။

"ယင်း"

ချစ်သူကို ချစ်မြတ်နိုးလှစွာ ထွေးပွေ့ချင်လှ၏။

သို့သော် . . .

ချစ်သူနှင့်က ဘဝချင်းခြားသလို အနေဝေးရပြီ။

ထက်ခေါင် ခုတင်ပေါ် လှဲချပြီး ငိုမိ၏။

ယောက်ျားဖြစ်ပြီး ငိုရတယ်လို့ မကဲ့ရဲ့လိုက်ပါနဲ့ အချစ်ရယ်။ မောင့်ကို ခွင့်လွှတ်ပါ။

မောင် ငိုချင်လွန်းလို့ပါ။



အခန်း(၂၁)

"ထက်ခေါင် . . ဟိတ်ကောင် . . ခေါင်ကြီး"

ထက်ခေါင်က ကားပေါ်မှဆင်းပြီး ကားတံခါးပိတ်စဉ် နောက်မှခေါ်သံကြားလိုက်ခြင်းဖြစ်၏။

လှည့်ကြည့်တော့ . . ညီညီဖြစ်နေလေသည်။

ဘုရားရေ . . .

ညီညီနံဘေးမှာ အမျိုးသမီးတစ်ယောက်က ပူးတွဲကပ်ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်အနေအားဖြင့် ချောသည်လှသည် ပြော၍မရသောအနေအထားမျိုးမဟုတ်။ ရှက်ကြမ်းရည်ကျဲ အနေအထားဟုပြောရမည့် သာမန်ပုံစံမျိုးထဲကဖြစ်၏။

ညီညီနှင့်တွဲလာခဲ့သော ကာလအပိုင်းအခြား မှာ ဒီတစ်ခါသာ မိန်းမတစ်ယောက်နှင့် ညီညီတွဲလာတာ ဦးဆုံး မြင်ဖူးခြင်းဖြစ်သဖြင့် . . အံ့ဩစိတ်ဖြစ်ထွန်း၏။

အေးလေ . . .

မိမိတောင် သားတစ်ယောက်အဖေ ဖြစ်နေခဲ့ ပြီပဲ။

ညီညီ့ကို အတွဲနှင့်တွေ့ရခြင်းက ဘာထူး ဆန်းစရာရှိပါတော့မလဲ။ စိတ်မကောင်းစရာတစ်ခုက 'ယင်း'က မိမိဘဝထဲမှ ကွယ်ပျောက်သွားခဲ့တာပဲဖြစ်၏။

"မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

ညီညီ့မျက်နှာက ခါတိုင်းနှင့်မတူ ရယ်ကျဲကျဲ မျက်နှာပေးဖြစ်ကာ ရွှင်ပျနေလေသည်။

"ကြွားတော့မယ်ပေါ့"

သူ နောက်ပြောင်ပြောတော့ ညီညီ ရှက်ကိုး



ရှက်ကန်းဖြစ်၏။

"ဟာကွာ"

ဆိုကာ မနေတတ် မထိုင်တတ်ပုံစံဖြစ်၏။ သူ့ အမျိုးသမီးက ရှက်သံနှောကာ ရယ်နေလေသည်။

"ဒါက နေရီရီတဲ့၊ ဒေါက်တာ နေရီရီဆိုတာ"

သူက ခေါင်းညိတ်ပြုံးပြလိုက်၏။ ဒေါက်တာ နေရီရီ၏မျက်နှာမှမျက်မှန်က နေရောင်မှာ လက်ခနဲဖြစ်လေ သည်။ ညီညီက သူ ဘယ်သူဆိုတာ ပြောပြနေချိန်မှာ . . သူ့ စိတ်က 'နဒီ'ထံရောက်၏။

ခုချိန်လောက်ဆိုရင် နဒီလည်း မျက်ကပ်မှန် တပ်နေလောက်ရောပေါ့။

မျက်ကပ်မှန် တပ်ဖြစ်ပါ့မလား။

မျက်မှန်အသစ်တစ်လက်ပဲ ဝယ်မှာလား . .

"ဟာ . . ခေါင်ကြီး၊ ဘာငေါင်နေတာလဲ . . လာ လေ"

ညီညီက သူ့လက်မောင်းကိုဆွဲကိုင်ခေါ်မှ သူ့ စိတ်က သတိဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သွာကြပါ . . မင်းတို့ဘာသာ မင်းတို့"

သူ မေးဆတ်ပြောတော့ ညီညီရော နေ

ပါ တစ်ယောက်ကိုတစ်ယောက် အံ့သြကြည့် ကြည့်ကြ

"ဟာ . . လက်ဖက်ရည်သွားသောက်ပါမယ် ပြော

မှကွာ . . မရဘူး လိုက်ခဲ့"

ညီညီက စွတ်အတင်း ဆွဲခေါ်သဖြင့် . .

ထက်ခေါင် ကန့်လန့် ကန့်လန့်ပါသွား

အေးပေါ့ကွာ . . .

ငါလည်း နောက်နေ့မှ 'ယင်း'ကိုခေါ်လာ

မယ်။

စိတ်ထဲ တေးထားလိုက်လေသည်။

နေရာယူထိုင်မိကြချိန်မှာ နေရီရီက သူ့ . . . သည်။

စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသဖြင့် . . ထက်ခေါင်

တတ် မထိုင်တတ်ဖြစ်လာခဲ့၏။

"ဆရာက . . ဗီသုကာ ပညာရှင်လည်းဖြစ်တယ်

ချီပညာရှင်လည်းဖြစ်တယ်ဆိုလို့ 'ရီ' အံ့သြနေခဲ့

ပုံဆွဲပညာချင်းပေမယ့် တစ်လိုင်းစီဖြစ်နေဘာ





"ဟုတ်ပါတယ်၊ ဝါသနာပါတာက ပန်းချီပညာ သီးသန့်

ပါ၊ လူကြီးတွေကျတော့ လိုင်းကွဲတာသူတို့မသိဘူး၊

ပုံဆွဲဝါသနာပါတာပဲဆိုပြီး ဒီဘက်လိုင်းထဲဝင်စေခဲ့

တာ၊ အဲဒီတော့ . . အလုပ်နှစ်ခု ပူးသွားတယ်ပြောရ

မယ် ထင်တယ်"

"အဲဒီအတွက် . . ဆရာ့စိတ် အနှောင့်အယှက်ဖြစ်ရမှာ

ပေါ့နော် . . ဆရာ"

ဘယ်လိုလဲ . . ညီရာ . . .

မင်းကောင်မလေးက ငါ့ကို ဗျူးနေတာလား။

ညီညီ့ထံ အကြည့်ရောက်၏။

ညီညီ သဘောပေါက်နားလည်စွာ ရယ်ပြ

"ငါက ရီရီ့ကို မင်းအကြောင်းပြောပြတာကွ၊ အဲဒါ

ရီရီ သိချင်တာတွေ မေးပေတော့"

"ဒေါက်တာ . . နေရီရီဆိုတော့ ဆရာဝန်ပေါ့၊ ဘယ်

ဆေးရုံမှာတာဝန်ကျသလဲမသိဘူး၊ ညီညီကတော့

ဒေါက်တာနေရီရီလို့ ပြောပြမထားရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တော့ စာနယ်ဇင်းသမားနဲ့တွေ့ပြီး အင်္ဂါးခံနေရမှာ
ထင်မိမှာ"

"လောလောဆယ်တော့ ဆရာကစပြီး ရို့ကို ပြန်ဖြေ
နေပြီပဲ၊ ရိုက စိတ်ပညာဌာနကပါ"

နေရီရီက ရယ်သံဖြင့်ပြော၏။ ညီညီက အ
သံထွက် ရယ်လေသည်။

"မင်းပုံစံကြည့်ရတာ ဒီညတော့ အိပ်ရေးဝခဲ့တဲ့ပုံ"

"ဆိုပါတော့"

"နေရီရို့ရှေ့မှာ မင်း ဘာတွေလျှောက်ပြောဦးမှာလဲ
ညီညီ၊ မင်း အမျိုးသမီးက စိတ်ရောဂါကုဆရာဝန်ဆို
တော့ ငါ့ကိုရှူးနေတယ် ထင်ပါဦးမယ်၊ ယင်းက အဲဒီ
လိုလျှောက်ပြောတာမျိုးကို ကြိုက်မှာမဟုတ်ဘူး မင်း
လျှောက်မပြောနဲ့"

"ခါတိုင်းနေ့တွေက ဆရာ အိပ်ရေးမဝဘူးလား၊ ဘာ
ဖြစ်လို့လဲ ဆရာ"

ကြည့် . . ဒါ မေးစရာလား။

သူ ဒေါသထောင်းခနဲဖြစ်၏။



ယခုပင် သိမြင်ကြရသူတွေ . . .

တခြားစကား၊ တခြားအကြောင်းအရာ
ပြောစရာစကားတွေ အများကြီးပါ။

ယခု . . နေရီရီမေးနေပုံ၊ မနေတတ် မထိုင်
တတ်ဖြစ်အောင်ကြည့်နေပုံက သူ့ထံအပ်နှံထားသောလူနာ၏
စိတ်အခြေအနေကို မေးမြန်းနေပုံမျိုးဖြစ်နေသဖြင့် သူ ဒေါသ
ဖြစ်ရခြင်းဖြစ်လေသည်။

"ဘာဖြစ်လို့ရမှာလဲ . . အိပ်မပျော်လို့ပေါ့ဗျာ၊ ခင်ဗျား
ကလည်း"

သူ့အသံက ဒေါသသံပါလျက် ခပ်ဆတ်ဆတ်
ဖြေသံဖြစ်၏။ စိတ်ဆိုးနေတာကြောင့် မျက်နှာနီမြန်း စူပုပ်မှာ
သေချာလေသည်။

နေရီရီနှင့်ညီညီက တစ်ယောက်မျက်နှာ တစ်
ယောက်ကြည့်လိုက်ကြလေသည်။

စားပွဲထိုးလေးက လက်ဖက်ရည်နှင့်မုန့်ပန်း
ကန်တွေ လာချသဖြင့် . . စကားစ ခေတ္တပြတ်၏။

"မဟုတ်ဘူး . . ခေါင်ကြီး၊ ငါက ရို့ကို မင်းပြောပြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြောထားလို့ ရီက မင်းကိုစိတ်ဝင်စားနေတာကွ

စေတနာနဲ့ မင်းကိုကူညီချင်တာပါ။ ညဘက်မှာ မင်း

ကို ပယင်းဖြူလာတွေ့တယ်ဆိုတာ သူ သိချင်နေ

တာ"

"ဟုတ်တယ် ဆရာ၊ အဲဒီလိုမျိုးကို 'ရီ' အံ့ခုမှ သိရလို့

ဘယ်လိုတွေ့တာလဲ ဘာလဲ ရီ သိချင်တာ"

"ဒါ . . အထူးအဆန်းမှ မဟုတ်တာပဲ"

"ရှင်"

"သူ့ယောက်ျားကို သူ့မိန်းမကလာတွေ့တာလေ . .

တွေ့ချင်လို့ပေါ့၊ လွမ်းလို့ သတိရလို့ . . ဒါပဲပေါ့"

"ဒါပေမဲ့ . . သူက လူ့လောကကြီးထဲမှာ မရှိတော့ဘူး

လေ ဆရာ၊ သူ သေသွားလို့ သူ့ကို မီးသဂြိုလ်ခဲ့ပြီပဲ"

"ဒါက . . သူ့ရုပ်ကိုလေ"

"ရုပ်ကို"

"ဟုတ်တယ်၊ ရုပ်ကိုသာ မီးရှို့လို့ရမှာပေါ့၊ သူ့စိတ်ကို

ဘာလုပ်လို့ရမှာလဲ"

"ဟာ . . ဆရာ၊ သေပြီးမှတော့ ရုပ်နဲ့နာမ်တွဲနေတဲ့





ခန္ဓာနောက်ကို နာမ်ပါသွားပြီပဲ"

သူ နှုတ်ခမ်းတွန့်ပြုံးလိုက်၏။

"ခက်တယ် . . ကျုပ်က တရားဟောမမွကထိက

မဟုတ်တော့ ခင်ဗျားနားလည်အောင် ဘယ်လိုရှင်းပြ

ရမလဲ မသိဘူး နေရီရီ၊ အဲ . . ဒေါက်တာ"

"ရပါတယ် . . နေရီရီလို့ပဲခေါ်ပါ"

ကျွန်တော်မှ 'ကျုပ်'ပြောင်းသွားသောအနေ

အထားက စိတ်တိုနေတာ ပေါ်လွင်လေသည်။

"နေရီရီက စိတ်ပညာဌာနကလို့ပြောတယ်နော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် စိတ်ရောဂါကုဆရာဝန်ပေါ့"

နေရီရီ ခေါင်းညိတ်၏။

"ကျုပ်ပြောတာတွေကို ခင်ဗျားယုံမှာ မဟုတ်ဘူး၊ ရူး

နေတယ်လို့ အောက်မေ့မှာပဲ"

"အို . . မဟုတ်ဘူး၊ ရီက . . ."

ထက်ခေါင် လက်ကာပြ၏။

"ခင်ဗျားက စိတ်ဆေးဒနာရှင်တွေကိုကုနေတဲ့သူဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်ကိုလည်း စိတ်ရောဂါဝေဒနာခံစားနေရတယ်ပဲမှတ်မှာပဲ၊ ကျုပ် ဘာပြောပြော ခင်ဗျားယုံမှာမှ မဟုတ်တာ၊ အဲဒီတော့ . . ကျုပ်မှာ ဖြေစရာအဖြေမရှိဘူး၊ ခင်ဗျားနဲ့ ဘာစကားမှ ပြောစရာမရှိဘူး"

သူက . . လက်ကျန်လက်ဖက်ရည်တစ်ဝက်ဒီအတိုင်းပဲထားကာ ထရပ်လိုက်၏။

"အို . . ဆရာကိုထက်ခေါင်"

နေရီရီ ကပျာကယာခေါ်၏။

"ထိုင်ပါ . . ခဏထိုင်ပါ။ ရီ ရှင်းပြပါရစေ"

"ဟုတ်တယ် . . ခေါင်ကြီး၊ ငါ ရီရီ့ကိုခေါ်လာခဲ့တာ စေတနာနဲ့ပါကွာ"

"တော်ပါပြီ၊ အစကတည်းက မယုံကြည်တဲ့သူတွေကို ယုံပါ ငါ မပြောဘူး၊ မင်းတို့ ထင်သလို . . ငါ ဘာပဲဖြစ်နေဖြစ်နေ မင်းတို့ ဂရုစိုက်စရာမလိုဘူး၊ ဒါပဲ . . ငါ့မှာပြောစရာစကားရှိတော့တယ်"

သူ ချာခနဲ လှည့်ထွက်လာခဲ့၏။

ရင်ထဲမှာ ဒေါသစိတ်ပြည့်သိပ်၏။





ကဲ . . ယင်းရေ . . သွေ့ပြီလား။

လူတွေ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ၊ နေရင်းထိုင်ရင်းကနေ . . လူကို အရူးသို့ စွပ်စွဲချင်ကြသေးတယ်ကွာ . . တောက်။

ဒေါသအဖြစ်ဆုံးက နေရီရီကိုခေါ်လာခဲ့သော ညီညီ့ကိုပဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၂)

"ကိုင်း . . ကြည့်ပါဦး၊ ဘယ်လောက်အဆင်ပြေသွားပြီလဲဆိုတာ"

နဒီ၏မျက်စိသူငယ်အိမ်မှာ မျက်ကပ်မှန်ထည့်ပေးပြီး မှန်ကြည့်စေခဲ့၏။

နဒီက မျက်စိထဲမှာ ခိုးလိုးခုလုဖြစ်နေသလိုလို . . အစပထမမှာ နေရထိုင်ရခက်၏။

မနေတတ် မထိုင်တတ်ဖြင့် မျက်တောင်တဖျပ်ဖျပ်ခတ်ပြီးမှ . . မှန်ထဲမှ မျက်လုံးဝိုင်းဝိုင်းဖြင့် ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးထံ အကြည့်ရောက်လေသည်။

"မင်းမျက်လုံးအိမ်က အရမ်းကိုလှတာ၊ ဘာလဲ . . သူများတွေ တင်စားပြီးပြောကြတာရှိပါတယ်၊ သမင်မျက်လုံးဆိုတာလေ၊ အေး . . အဲဒီလိုမျိုး"

ဒေါက်တာမလေးက ရယ်မောပြောဆိုသဖြင့် နဒီ ရှက်ရယ် ရယ်လေသည်။

"နဒီက အဲဒ်လောက် မဟုတ်ပါဘူး၊ မျက်လုံး တကယ်လှတဲ့ မမတစ်ယောက်ရှိတယ်၊ သူကမှ ဒေါက်တာပြောတဲ့ သမင်မျက်လုံးမျိုးကိုပိုင်တာ"

နဒီက . . ပယင်းဖြူကိုမြင်ယောင်ပြီး ပြော၏။ ဆရာထက်ခေါင်အခန်းဘက်သွားတိုင်း နဒီ မကြည့်ရ မနေနိုင်တာ ပယင်းဖြူ၏ဓာတ်ပုံကြီးပဲဖြစ်လေသည်။

ပယင်းဖြူ၏ ချစ်စရာကောင်းသောမျက်နှာလေးက စကားပဲပြောတော့မှာလိုလို၊ ပြုံးကြည့်နေရာမှ အားရပါးရ ရယ်လိုက်တော့မှာလို . . အသက်ဝင်လွန်းလှ၏။

"မင်းမျက်လုံးက မျက်မှန်မတပ်ခင်က ဒီထက်အရမ်းလှမှာပါ . . သေချာပါတယ်၊ မျက်မှန်တပ်လိုက်တော့





မျက်မှန်ရာထင်ပြီး မျက်လုံးက ပင်တိုင်အရောင်အသွေး မှိန်သွားတာအမှန်ပဲ၊ အရောင်မွဲသွားသယ်ဆိုပါတော့၊ နဂိုအတိုင်း တောက်တောက်ပပမငြိုးသေးဘူး မင်းက တော်သေးတယ်၊ တချို့ဆို . . မျက်မှန်ထင်ထားတဲ့အချိန်လည်း မျက်မှန်ရာအကွင်းလိုက် ထင်ကျန်နေတော့ တော်တော်အကြည့်ရဆိုးတာ၊ အရေပြားအရောင်ကိုက နဂိုအသားအရောင်မဟုတ်တော့ဘူး၊ မျက်လုံးတစ်ဝိုက် မွဲခြောက်သွားတာ"

"နဒီ မျက်မှန်ဖြုတ်လိုက်တာ ကံကောင်းတာပေါ့နော်"

"ဒါပေါ့ . . အချိန်မီကလေးပါပဲ၊ မင်းမျက်လုံး လှသွားတာပေါ့"

ကျေးဇူးပါပဲ ဆရာရယ် . . .

ဆရာထက်ခေါင်ကို သတိတရ ကျေးဇူးတင်လေသည်။

"နဒီ့စိတ်နဲ့ နဒီဆိုရင် မျက်မှန်ပဲ တပ်ထားမိမှာ၊ အခုတော့ . . သူများအကြံပေးလို့ ဒီစိတ်ကူးရခဲ့တာ"

"အကြံပေးတဲ့သူကို ကျေးဇူးတင်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် ကျေးဇူးတင်ပါတယ်၊ အပြန်ကျ မုန့်ဝယ်သွားမှာ"

နဒီပြောဆိုပုံက . . ကလေးတစ်ယောက်လို ရိုးသားဖြူစင်လေသည်။

ဒေါက်တာသော်တာက နဒီ့ကို ခပ်ငေးငေး ပြုံးကြည့်၏။

"အဲဒါဆို . . တို့လည်း အကြံပေးစရာရှိတာလေးတွေ ပေးမှနဲ့တူတယ်၊ မုန့်စားရအောင်လေ"

ရယ်သံဖြင့် ပြောလေသည်။

"စားရတာပေါ့၊ နဒီ တကယ်ဝယ်ကျွေးမှာ၊ ဘာအကြံ ပေးချင်တာလဲဟင်"

"နဒီ့မျက်နှာ နုနုလှလှလေးကို ဆံပင်အရှည်ကြီးက ဖုံးသွားသလိုပဲ၊ အဲဒီတော့ . . မျက်နှာအလှမပေါ် တော့ဘူးပေါ့၊ သရီးစတက်ပ်ညှပ်လိုက်ရင် နဒီက အ ရမ်းကိုလှသွားမှာသေချာတယ်"

"ဟင်"

ဒေါက်တာက ဖြန့်ချထားသော နဒီ့ဆံပင်



ရှည်ကြီးကို ကိုင်တွယ်ကြည့်ရင်းပြော၏။

နဒီက ကိုယ့်ဆံပင်ကို တို့ထိကြည့်နေ သည်။

"ဖြတ်လိုက်ပါလား"

"နှမြောစရာကြီး"

နဒီ နှာခေါင်းလေး ရှုံ့ပြောလေသည်။

"မနှမြောနဲ့လေ၊ အဓိက,က ခေါင်းပေါ့သွားမယ်၊ ခေါင်းလျှော်ရ ရှင်းရတဲ့ပြဿနာ သေးသွားမယ်၊ ဆံပင်ရှည်ကြီးတလွင့်လွင့်နဲ့ လေတိုက်ရင် ဆံပင် မသပ်မရပ်နဲ့ ဖွာဆန်ကြတဲ့ဒုက္ခ ကင်းသွားမယ်၊ ခုပဲ ကြည့်လေ . . ပွရှုပ်နေတယ်ထင်ရတယ် မဟုတ် လား"

နဒီ မှန်ထဲ ငုံ့ကြည့်၏။

တကယ်ပင် . . ဆံပင်တွေ ရှုပ်ထွေးပွနေ လေသည်။

"ဆောရီးနော် . . သူများဆံပင်ရှည်ကြိုက်လို့ထားတာ ကို အပြစ်ပြောမိသလိုဖြစ်သွားပြီထင်တယ်၊ စကား

www.burmeseclassic.com

www.burmeseclassic.com



စပ်မိရာက ပြောမိသွားတာ၊ ဆောရီး . . အား

လိုက်တာ"

ဒေါက်တာသော်တာ၏မျက်နှာမှာ အား

ရိပ်လွှမ်း၏။

"မဟုတ်တာ . . အားမနာပါနဲ့ ဒေါက်တာရဲ့ ခ

အကြံပေးတာ တကယ်ကျေးဇူးတင်ပါတယ်၊ နဒီ

တွန်းအားပေးသလိုဖြစ်တော့ နဒီ ညှပ်ရဲသွားတာ

ပေါ့၊ တကယ် ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် . . မုန့်စားရပြီပေါ့"

"စားရပြီပေါ့၊ နဒီတို့ Mr. Guitor မှာ တစ်ခုခုသွား

ရအောင် ဒေါက်တာ"

ဒေါက်တာ ရယ်မောပြီး ခေါင်းယမ်း၏။

"အလကားကွယ်၊ နောက်ပြောင်ပြောတာပါ၊ နဒီဆီ

ဘာမှမစားချင်ပါဘူး၊ လှလှပပလေးမြင်ရရင် ကို

အကြံပေးတာလက်ခံတယ်၊ စေတနာကို တန်ဖိုးထား

တယ်ဆိုပြီး ဝမ်းသာတဲ့ပီတိပဲ စားမယ် ဟုတ်လား"

"ဒေါက်တာကလေ . . ပြောတတ်လိုက်တာ၊ ဒေါ



တာ့စေတနာကို နဒီ တကယ်နားလည်တန်ဖိုးထားပါ

တယ်၊ အခုပဲ . . သွားညှပ်မယ် . . သိလား"

"ဒါဆို . . နောက်တစ်ခါပြန်လာရင် ဆံပင်လှလှလေး

နဲ့တွေ့ရပြီပေါ့"

နဒီ အပြုံးဖြင့် ခေါင်းညိတ်၏။

"တွေ့ရမှာပေါ့"

ဆံပင်ဆိုင်သို့ ဦးတည်သွားသော နဒီ၏ ခြေ

လှမ်းတွေ သွက်နေခဲ့၏။

မျက်စိထဲမှာ သရီးစတက်ပ်ဆံပင်လှလှလေး

ဖြင့်ရယ်နေသော ပယင်းဖြူ၏ဓာတ်ပုံကိုမြင်ယောင်နေလေ

သည်။

စတိုးဆိုင်တစ်ခုရှေ့အရောက်မှာ နဒီ၏

ခြေလှမ်းလေးများ တုံ့ခနဲဖြစ်ကာ ငေးခနဲ ကြည့်မိ၏။

လှပခေတ်မီသစ်ဆန်းသော အင်္ကျီနှင့်စကတ်

တွဲလျက် ဝတ်စုံကလေး . . .

အဲဒီလို အဝတ်အစားပုံစံမျိုးလေးတွေကို

ပယင်းဖြူ . . ဝတ်လေ့ဝတ်ထရှိတတ်တာ ဓာတ်ပုံများထဲမှ နဒီ

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ခဲ့ဖူး၏။

စိတ်ကူးဖြင့် မိမိ၏ကိုယ်မှာ ဆင်ခဲ့ဖူး၏။

ယခု . . တွေ့ပြီ။

သရီးစတက်ပ်ဆံပင်အလှနှင့် ဤဝတ်စုံက လေးဝတ်ကာ ဒေါက်တာမမသော်တာဆီသွားလျှင် . . .

ဒေါက်တာသော်တာ သဘောကျ ကျေနပ်မှာ သေချာလေသည်။

ပြီးတော့ . . .

ဆရာထက်ခေါင် . . .

ဆရာထက်ခေါင်ကို သတိရသည်နှင့် ပန်းလေးတွန့် ပြုံးမိ၏။ အောက်နှုတ်ခမ်းလေးကိုက်မိ၏။

ပယင်း . . ဝတ်စားပြင်ဆင်သလို သူ ဘာကြောင့် ပြင်ဆင်ချင်နေမိပါလိမ့်။

ကိုယ့်ကို ကိုယ် စဉ်းစားမရအောင်ဖြစ်နေစဉ်မှာပင် . . . ဆိုင်ထဲဝင်ရောက်သွားခဲ့ပြီဖြစ်လေသည်။

❦ ♥ ❦

## အခန်း(၂၃)

"ကွာ"

စိတ်တိုခြင်းကို ထက်ခေါင် ထိန်းမရအောင်ဖြစ်၏။

ဘာလဲကွာ . . ညီညီဆိုတဲ့ကောင်က စိတ်ရောဂါကုဆရာဝန်ကို ငါ့ဆီ ခေါ်လာရအောင်၊ ဘာလဲ . . ငါက ရူးနေပြီလား။

ဒေါသစိတ်က အမြင့်ဆုံးအထိ ... ၏။

www.burmeseclassic.com



ညီညီနှင့်တွေ့နေစဉ်က စိတ်ထိန်းပြီး ပြန်လာခဲ့၏။ ယခုအိမ်ရောက်တော့ . . တစိမ့်စိမ့်တွေးလေ . . ဒေါသပိုဖြစ်လေ။ ညီညီ့ကို ဆွဲထိုးချင်စိတ် တဘွားဘွားပေါ်ကာ ဒေါသဖြစ်မဆုံးအောင်ရှိနေလေသည်။

စားပွဲတွေ ဆောင့်ကန်။

မျက်စိရှေ့မြင်ရာ လွှင့်ပစ်ခ . . .

စိတ်ထဲ မကျေနပ်သမျှ ထင်တိုင်းကြဲကာ ပေါက်ကွဲထွက်နေလေသည်။

"ဘုရား . . ဘုရား . . ယင်းကိုမှန်ပါဦးမယ် မောင်ရယ်၊ မောင် ဘာတွေဒေါသထွက်နေတာလဲ"

ပယင်း၏မာတ်ပုံနားသို့ ပလတ်စတစ်ခုံကျိုးတစ်စ လွင့်စင်ကျသဖြင့် သွားရောက်ကောက်ယူတော့မှ . . ပယင်းအသံကို ကြားရလေသည်။

"ညီညီပေါ့ . . ဘယ်သူရှိရမလဲ၊ ဒီကောင်က မောင့်ကို အရူးမှတ်နေတယ် သိရဲ့လား၊ ဘာလဲကွာ . . စိတ်ရောဂါကုဆရာဝန်ကိုခေါ်လာပြီး မောင်နဲ့မိတ်ဆက်ပေးတာ ဘာသဘောလဲ၊ ဒီကောင်က . ."





"ဩော် . . မိတ်ဆက်ပေးတာ ဘာသဘောဖြစ်ရမလဲ၊ ဒီလိုပဲ . . တစ်ယောက်နဲ့တစ်ယောက် မသိသေးရင် သိအောင်မိတ်ဖွဲ့ပေးကြတာပဲဟာ၊ မောင် ဘာစိတ်တိုစရာရှိသလဲ"

ယင်းပုံစံက ဘာတစ်ခုမှုမဖြစ်သလို ခပ်အေးအေးထိုင်ပြီး ရယ်မျှားတောင်နေနိုင်လေသည်။

"သမားရိုးကျပုံစံမျိုးဆိုရင် မောင် ဘာပြောစရာရှိမလဲ ယင်းရဲ့၊ ဘာလို့စိတ်တိုမှာလဲ၊ ခုဟာက . . ယင်းနဲ့ မောင် ပြန်တွေ့တယ်၊ စကားပြောကြတယ်ဆိုတာ ပြောပြတုန်းက သူ မောင့်ကိုဘယ်လိုကြည့်သလဲ သိရဲ့လား၊ မယုံသင်္ကာအကြည့် ရူးနေပြီဆိုတဲ့အကြည့် မောင်သိတာပေါ့"

"မောင်က ရူးလို့လား၊ ရူးမှ မရူးတဲ့ဟာ"

"ယင်း . . မနောက်နဲ့နော်၊ မောင် အကောင်းပြောနေတာ"

"ဟုတ်ပါတယ် . . ယင်းကလည်း အကောင်းပြောတာပါပဲ၊ တစ်ခါတလေကျရင် ဒီလိုပဲ၊ အကောင်းလွဲစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှာကြံဖြစ်တတ်တယ်၊ အကြောင်းတိုက်ဆိုင်မှုလေး တွေဖြစ်သွားတဲ့အခါလေ"

"မဟုတ်ပါဘူး၊ ဒါဟာ . . အကြောင်းတိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်ဘူး ယင်းရဲ့ တမင်ကို . . ဒီစကား ဒီအကြောင်းပြောချင်လို့ ဆုံစည်းစေခဲ့တာ၊ မောင့်ဆီကို ခေါ်လာခဲ့တာ"

"ဘာအကြောင်းပြောတာမို့လို့လဲ မောင်ရဲ့"

"ယင်းနဲ့မောင် တွေ့နေတယ်ဆိုတာ ဘယ်လိုတွေ့တာလဲတဲ့၊ ယင်း သေလို့ သင်္ဂြိုဟ်ပြီးခဲ့ပြီမဟုတ်လားတဲ့၊ ဘယ်လိုလုပ် တွေ့လို့ရမလဲတဲ့၊ ကဲ . . ဒီစကားပြောတယ်ဆိုကတည်းက ကြည့်လေ . . သူ မယုံဘူး"

"မောင့်ကို ယင်းပြောခဲ့သားပဲ၊ ယင်းနဲ့တွေ့နေတဲ့ကိစ္စ မောင် ဘယ်သူ့မှ ပြောလို့မဖြစ်ပါဘူးဆိုတာ"

"မောင်ကလည်း မပြောပါဘူး၊ ရေငုံနှုတ်ပိတ်နေခဲ့တာပဲ၊ ဟိုကောင် . . ညီညီကွာ၊ မောင် ယင်းနဲ့တစ်ညလုံး ထိုင်စကားပြောလို့ အိပ်ရေးပျက်တာကို ဘာဖြစ်နေသလဲ၊ ဘာလို့ အိပ်ရေးပျက်တာလဲ စွတ်မေးလွန်း





လို့ . . ယင်းနဲ့ပြန်တွေ့ရပြီ စကားပြောရတယ်ပြောမိခဲ့တာ"

"အဲဒါကြောင့် . . စိတ်ရောဂါကုဆရာဝန်ကို မောင့်ဆီခေါ်လာခဲ့တာပေါ့ . . ဟုတ်လား"

"ဒါပဲရှိတာပေါ့၊ ဟိုက စတွေ့တာနဲ့မေးတဲ့စကားတဒါပဲ၊ သူ ပြောပြထားလို့ပေါ့၊ နင့်မို့ . . တို့တ သိမလား"

"ထူးဆန်းလို့ . . အံ့ဩစရာကောင်းလို့ မေးတာလည်း ဖြစ်မှာပေါ့ မောင်ရဲ့"

"မဟုတ်ဘူး . . လူနာကို ရောဂါစစ်တဲ့အကြည့်နဲ့ မေးတာ၊ မောင် မသိဘဲ နေမလား"

"အဲဒီတော့ . . မောင် ဘာဖြေလိုက်သလဲ"

"ဘာဖြေရမလဲ လှည့်ထွက်လာခဲ့တာပေါ့၊ နေဦး . . ခုမှ သတိရလို့ မေးရဦးမယ်၊ ယင်းပြောတော့ မောင့်နောက်က တကောက်ကောက်လိုက်မယ်ဆို"

"အင်းလေ"

"ဒါဖြင့် . . ညီညီနဲ့ မောင် ဘာဖြစ်ကြသလဲဆိုတာ



www.burmeseclassic.com

ယင်း ဘာလို့ မသိတာလဲ"

"တချို့နေရာတွေကျတော့ ယင်း ခပ်ဝေးဝေးကပဲ ကြည့်နေခဲ့တာ၊ ဒီတော့ . . မောင် ဘာဖြစ်တယ်ဆိုတာ အသေးစိတ်ဘယ်သိမလဲ မောင်ရဲ့၊ နေဦး . . မောင့်ကို ဒီထက်ထူးဆန်းတာ တစ်ခုပြောရဦးမယ်"

"ဟင် . . ဘာလဲ"

"ဟိုကောင်မလေးလေ . . နဒီဆိုတာ"

"အင်း"

"မျက်ကပ်မှန်တပ်လိုက်ပြီ . . သိလား"

"မောင်ပဲ အကြံပေးလိုက်တာလေ . . သိတာပေါ့၊ ညနေက လှမ်းတွေ့လိုက်သေးတယ်၊ အမယ် . . ဆံပင်တွေဘာတွေ ညှပ်လို့၊ ယင်းရဲ့ဆံပင်ပုံစံမျိုးပဲ"

"လှသလား"

"အင်း . . ဟာ . . ယင်းကလည်းကွာ၊ ဘာတွေ လျှောက်မေးနေတာလဲ၊ မောင် . . ဘယ်သိမှာလဲ"

"ဟာဟ . . မသိဘူးတဲ့၊ မျက်နှာက ရှက်ကိုး ရှက်ကန်း ပုံစံကြီးနဲ့ ရယ်ရတယ်ကွာ . . မောင်က"





"ယင်းနော် . . မောင် မကြိုက်ဘူး၊ လျှောက်မပြောနဲ့"

"ဟွန်း . . မကြိုက်ပေလို့ပဲနော်၊ မောင် စိုက်ကြည့်နေတာ မျက်တောင်မခတ်ဘူး၊ မောင့်မိန်းမက မောင့်ကို ကြည့်နေတာတောင် မောင် မသိဘူး မဟုတ်လား"

"ယင်းကကွာ၊ ဟိုကကြားသွားရင် မကောင်းဘူး"

"ကောင်းပါတယ် မောင်ရဲ့၊ ဒါမှ သူ့ကို မောင် ချစ်နေပါလားဆိုတာ သူ သိသွားတော့ ဟန်ကျတာပေါ့"

"ဘာလို့ . . မောင့်ကို ဒီအကြောင်းတွေပဲ ထပ်တလဲလဲ ပြောနေတာလဲ ယင်း၊ ဘာလဲ . . မောင့်အနားမှာ ယင်းနေရတာ ငြီးငွေ့နေပြီလား"

"ကြာရင် မောင်က ယင်းကိုငြီးငွေ့မှာပါ မောင်ရဲ့၊ ဘဝချင်းမတူကြတဲ့နှစ်ယောက် ဘယ်လိုစိတ်ရှည်သည်းခံနိုင်မှာလဲ၊ ဒါ့ကြောင့် . . မောင့်ဘဝအဆင်ပြေအောင် ယင်းက ဖန်တီးပေးရတာရှင့် သိရဲ့လား"

"ဟင် . . ယင်းက ဘာတွေဖန်တီးပေးတာလဲ"

"အဲဒီကောင်မလေး မျက်မှန်ကျိုးသွားအောင် ယင်း



www.burmeseclassic.com

www.burmeseclassic.com



ကပဲ သူ့ခြေထောက်အောက်ထဲ ထည့်ပေးလိုက်တာလေ၊ မောင်ပဲ ပြောထားတယ်မဟုတ်လား၊ မျက်မှန်ထူကြီးနဲ့ မောင် စိတ်မဝင်စားပါဘူးဆိုတာ"

"ဟောဗျာ . . ယင်းကတော့လုပ်တော့မယ်"

"နောက်ပြီး . . ရှိုးရိုးပုံတုံးကြီး ပုံမလာပါဘူးလို့ မောင် ပြောခဲ့တာ မှတ်မိလား"

"အင်း . . "

"အဲဒါကြောင့် . . သူ့ဆံပင်ညှပ်ဖြစ်အောင် သူ ယင်း ခတ်ပုံကိုလာကြည့်တဲ့အခါ ဆွဲဆောင်ပေးခဲ့ရတယ်"

"ယင်းကတော့ကွာ . . အံ့ရော"

"အဝတ်အစားအပြင်အဆင် ခေတ်မီအောင်လည်း ဆိုင်ရှေ့ရောက်အောင် သူ့ကို ဆွဲဆောင်ခေါ်သွားပြီး သူ မြင်သာအောင် ပြခဲ့တယ်"

"ဟုတ်လား၊ ဒါဆို . . သူဝယ်ဝတ်ခဲ့တယ် ယင်းရဲ့ ဒါ့ကြောင့် . . မနက်ကသွားတုန်းက ဒီအဝတ်အစား မဟုတ်ပါဘူးလို့ ထင်သား"





"ကဲ . . ကြည့်လေ၊ ပြောတော့ဖြင့် မောင်က ဂရုမစိုက်ဘူး မကြိုက်ပါဘူးသာပြောတာ နုဒီ ဘာဝတ်ထားတယ် . . ဘယ်သွားတယ်ဆိုတာကအစ သေသေချာချာသိနေအောင် ကြည့်ထားတာပဲ"

"ဩော် . . ယင်းရယ်၊ ပန်းချီဆရာမျက်စိလေကွာ၊ ဒီလောက်ကတော့ မြင်တာပေါ့"

"ဒါမေမဲ့ . . ကိုယ့်မိန်းမကိုတောင် မောင် ဒီလောက် မကြည့်ခဲ့ဖူးဘူးတာ အမှန်ပဲ မဟုတ်လား မောင်ဝန်ခံ"

သူ တဟားဟား အော်ရယ်လိုက်၏။

"ယင်းကကွာ . . ရယ်ရတယ်၊ တကယ်ပဲ"

"ဟင် . . ဘာရယ်ရတာလဲ ဆရာ၊ ဘာဖြစ်လို့လဲ"

အသံကြားရာ လှည့်ကြည့်လိုက်၏။ အပြင်မှ ပြန်လာသောအဝတ်အစားဖြင့် . . ယခင်ကထက် ပိုမိုလှပနေသော နုဒီ။

ပယင်းကို ပြန်လှည့်ကြည့်တော့ ပယင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

"ဆရာ့ဖို့ . . . နဒီ **မုန့်ဝယ်လာခဲ့**လို့ လာပို့ပေးတာ ဆရာ"

"ဟာဗျာ . . **အားနာစရာကြီး**၊ ဘာလို့ ဝယ်လာရတာလဲ"

နဒီက အိတ်ထဲမှ ရွှေပုဇွန်မုန့်ဘူးတွေ ချပေးလေသည်။

"ဆရာ့ကို ကျေးဇူးတင်လို့ပါ၊ ဆရာပြောလို့ မျက်ကပ်မှန် တပ်လိုက်တယ်လေ"

နဒီ၏မျက်ဝန်းကို ပကတိအနေအထားဖြင့် ဦးဆုံးမြင်ရခြင်းဖြစ်လေသည်။ မျက်တောင်စိပ်စိပ်ကလေးတွေ မည်းနက်ကော့ရှည်နေခြင်းက မျက်ဝန်းအိမ်ကို အနားရစ်ကြောင်းအဖြစ် ထင်ရှားပေါ်လွင်စေလေသည်။

"အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . ပြေပါတယ်၊ စစဦးဆုံးတုန်းကတော့ ခိုးလိုးခုလုနဲ့ မနေတတ်ဘူး ဆရာရဲ့"



ပယင်း၏ဆံပင်ပုံစံအတိုင်း ညှပ်ထားသော သရီးစတက်ပ်ဆံပင်လေးဖြင့် နဒီလှနေတာ ထက်ခေါင် သတိထားမိခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၄)

"မရဘူးကွာ . . ယင်းလိုက်ခဲ့ရမယ်"

ကော်ဖီဆိုင်မှာ ယင်းနှင့်အတူ(ဟိုတုန်းကလို) ထိုင်ချင်စိတ်က ဘယ်လိုမှ တားဆီးမရအောင်ဖြစ်သဖြင့် ယင်းကို ထက်ခေါင်က အပါခေါ် ယူခြင်းပဲဖြစ်လေသည်။

"ယင်း လိုက်နေတာပဲ မောင်၊ မောင့်နောက်ကနေ ယင်း မပြတ်ပါနေတာ မောင် ကျေနပ်တော့ပေါ့"

"အေးလေ . . နောက်ကပါနေပြီပဲဟာ၊ ကော်ဖီဆိုင် ထိုင်လိုက်တော့ရော ဘာဖြစ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မထိုင်တာနဲ့ ထိုင်တာ ဘာကွာလို့လဲ"

"ယင်းနဲ့မောင် အနီးကပ်နေရတာယ်လေ ယင်းရဲ့"

"ကဲလေ . . မောင့်သဘောအတိုင်း ယင်းလိုက်ခဲ့မယ် ဟုတ်လား . . ကျေနပ်တော့"

ဒီတော့မှ . . ထက်ခေါင်၏နှုတ်ခမ်းစူပြေ၏။

ခါတိုင်းကတော့ . . ယင်းကို အမြဲမြင်တွေ့နေရတာမဟုတ်ဘဲ ခပ်လှမ်းလှမ်းတစ်နေရာက ကြည့်နေတာကို မြင်လိုစိတ်ပြင်းထန်သောအခါမှ မြင်ရ၏။

ယခုတော့ . . .

ချစ်သူ၏ပခုံးကိုဖက်၍ ကော်ဖီဆိုင်ဝင်လာခဲ့၏။ တစ်ယောက်ယောက်၏ ပခုံးကိုဖက်ဝင်လာသောပုံစံမျိုး ဖြင့်ဝင်လာသော ထက်ခေါင်ကို ကော်ဖီဆိုင်ထဲမှ လူအားလုံးလိုလို သတိထားကြည့်မိကြလေသည်။

"တွေ့လားဟင် . . မောင့်မိန်းမက တစ်အားချောတော့ အားလုံးက ဝိုင်းကြည့်နေကြရပြီ တွေ့ရဲ့လား"

ယင်းကို ချစ်မြတ်နိုးစွာ ခေါင်းလေးငုံ့ပြောလေသည်။





"ဟားဟား . . မောင် မှားနေပြီ မောင်ရဲ့၊ ယင်းကို မောင်ကလွဲပြီး ဘယ်သူမှ မမြင်ကြရဘူးရှင့် . . သိရဲ့လား"

"ဟင် . . ဘယ်လိုဖြစ်လို့လဲ"

"ယင်းမှ ပေးမမြင်တာ၊ ဘယ်မြင်မှာလဲ"

"ပေးမြင်လိုက်ပါကွာ၊ မောင် တစ်ယောက်တည်း ဒီကိုလာ . . ဝေါင်းစင်းစင်းထိုင်ပြီးပြန်တာပဲ သူတို့မြင်နေရတာ၊ ဒီနေ့ မောင့်မိန်းမနဲ့တွဲလာတာကို မောင် ကြွားချင်လို့"

"ဘယ်ဖြစ်မလဲ မောင်ရယ်၊ မဟုတ်တာ မပူဆာနဲ့ကွာ ယင်း စိတ်ညစ်လာပြီ"

ယင်း မျက်နှာညှိုးနွမ်းလေသည်။

နေရာယူထိုင်သည့်အချိန်ထိ ထက်ခေါင်၏ လက်က 'ယင်း'ထိုင်နေသောခုံပေါ် လှမ်းတင်ထားခဲ့လေသည်။

"မောင်လည်း စိတ်ညစ်တယ် ယင်းရယ်၊ ယင်းကို မောင်တစ်ယောက်တည်း မြင်ရပြီး တခြားသူတွေက မမြင်ရဘူးဆိုတော့ လူတွေက မောင့်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထင်ကြမလဲ”

စားပွဲထိုးလေးက မှာထားသောကော်ဖီနှင့် ပန်းကန်နှင့် မုန့်ကန်းကန်တွေ ယူလာချပေးရာမှ . . ထက်ခေါင် စကားပြောနေတာကို အံ့ဩတကြီးဖြစ်ကာ ဟိုဒီလိုက်ကြည့်လေသည်။

“ဟော့ . . ကော်ဖီနှစ်ခွက်မှာတာလေကွာ . . မင်းက”

လူတစ်ယောက်တည်းမို့ ကော်ဖီတစ်ခွက်တည်းချပြီး ပြန်ထွက်မည်အပြု ထက်ခေါင် လှမ်းအော်လေသည်။

“ဩော် . . ဟုတ် . . ဟုတ်ကဲ့ခင်ဗျ”

စားပွဲထိုးလေးက စားပွဲပေါ် ကော်ဖီခွက်နှင့် မုန့်ပန်းကန်တွေချကာ . . ထက်ခေါင်ကို မကြာခဏ ခိုးကြည့်ပြီး ကပျာကယာ ထွက်သွားလေသည်။

ဘယ်လိုလူလဲ . . .

လာတာက တစ်ယောက်တည်း . . .

ကော်ဖီနှစ်ခွက်မှာတာက ချိန်းထားတဲ့သူရှိလို့ မှာထားတာဖြစ်နိုင်ပါသည်။



သို့သော် . . .

ဘယ်သူမှ မရှိဘဲ တစ်ယောက်ယောက်ရှိနေသယောင် ပြောဆိုဆက်ဆံပြုမူနေပုံက သာမန်ထက်ထူးခြားနေသဖြင့် ကြောင်တောင်တောင်နိုင်တာက အမှန်ပဲ ဖြစ်လေသည်။

စားပွဲထိုးကလေး လှည့်ကြည့် လှည့်ကြည့်လုပ်နေသဖြင့် . . ထက်ခေါင် ထထိုးတော့မည့်ပုံလုပ်လိုက်ချေ။

ကောင်လေး ချာခနဲ ထွက်ပြေးလေသည်။

ယင်းက သဘောကျစွာ ရယ်လေသည်။

“မောင်က တကယ်ရယ်ရတယ်၊ ကလေးလေးကျနေတာပဲ၊ ဘာလို့ ရန်ဖြစ်ချင်ရတာလဲ”

“ရန်ဖြစ်ချင်တာလား . . ဒီကောင်လုပ်နေတဲ့ပုံစံကြည့်ဦး၊ လူကို အရူးမှတ်နေသလား မသိဘူး၊ ကြည့်ပုံက”

“ဩော် . . မောင်ရယ်၊ သူကမှ ယင်းကို မမြင်ရတာ၊ ဒီတော့ . . မောင်စကားပြောတာကြည့်ပြီး ဘာဖြစ်နေသလဲအောက်မေ့မှာပေါ့”

“အဲဒါကြောင့် . . ပြောတာပေါ့၊ အဲဒီလို အထင်မခံရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ယင်းက သူများတွေမြင်အောင် နေမှပေါ့"

"မဖြစ်လို့ပေါ့ မောင်ရယ်၊ မောင့်ကိုတောင်မှ ချစ်လွန်းလို့ မောင်ခံစားနေရတာတွေ သက်သာပါစေတော့ ဆိုပြီး ယင်းက မြင်စေခဲ့ရတာ"

"ယင်းမေမေသာ ယင်းကိုမြင်ရင် အရမ်းအံ့ဩမှာ သေချာတယ်"

ယင်းမျက်နှာ မာထန်သွား၏။ ယင်း စိတ်ဆိုးတာ သိသာလေသည်။

"ဟင့်အင်း . . မေမေ မမြင်စေရဘူး မောင်၊ ယင်းအကြောင်း မောင် ပြောပြဖို့ လုံးဝ စိတ်မကူးရဘူးနော်၊ ဒါပဲ"

"နှစ်ယောက်ချင်းတွေ့ စကားပြောရရင် ယင်းမေမေလည်း သူ့ရင်ထဲရှိတာ ရင်ဖွင့်လို့ရမှာလေ ယင်းရယ် မောင့်လိုပေါ့"

"ဟင့်အင်း . . ပြောလို့မဖြစ်ဘူး မောင်၊ လုံးဝတွေ့လို့မဖြစ်တာ၊ သေပြီဆိုပြီး စိတ်တုံးတုံးချ မေ့ပစ်လိုက်နိုင်ဖို့က ဒီအချိန်မှာ မေမေ့အတွက် အကောင်းဆုံးပဲ



မောင်ရဲ့၊ မေမေက အိုပြီ . . အသက်ကြီးလှပြီ၊ ယင်းကြောင့် မေမေစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမဖြစ်စေရဘူး"

"ကောင်းပါပြီ ယင်းရယ် . . ကောင်းပြီ ယင်း မကြိုက်ရင် မောင် ဘာမှ မပြောတော့ဘူး . . ဟုတ်လား"

"မောင် ကတိတည်နော်"

"တည်စေရမယ် . . ယင်း"

ယင်းနှင့် လက်သန်းချင်းချိတ် ကတိပြုနေတာကို မြင်ရသူတွေက တစ်ယောက်တည်း ဘာလုပ်နေတာလဲ ဟု လှည့်ကြည့်နေကြလေသည်။

ဒါပေမဲ့ . . .

မောင် ရှက်မယ်ထင်သလား . . ယင်း။

လုံးဝ မရှက်ဘူး။

မောင့်အနားမှာ ယင်းရှိနေသရွေ့ . . ဘယ်သူတွေ ဘာပြောပြော . . ဘာဆိုဆို . . မောင် ဂရုမစိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၅)

"ဟောဗျာ"

လှေကားမှ လိမ့်ဆင်းလာသော ဘောလုံးက လေးကို သူ ကောက်ယူလိုက်၏။

"ခဏနော် . . ခဏလေး၊ တီတီကောက်ပေးမယ် ဟုတ်လား"

'နဒီ'၏အသံသာသာလေးကို ကြားရ၏။

အသံအဆုံးမှာ ပြေးဆင်းလာသော နဒီနှင့် လှေကားမှာဆုံတွေ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဆရာ ပြန်လာပြီပဲ"

နဒီက သူ့ အရင်တွေ့စက နဒီ မဟုတ်တော့ပါ။ မျက်မှန်မရှိတော့ဘဲ သရီးစတက်ပ်ဆံပင်ပုံစံလေးနှင့် နဒီ၏ ချစ်စရာ့ပုံစံလေးက ပယင်းဖြူနှင့် (ပြုန်းခနဲအကြည့်မှာ) တူလှ၏။

"ယင်း"

သူ လွှတ်ခနဲ ခေါ်မည်ပြုမိ၏။

နောက်တော့မှ . . နဒီ ဟူသော အသိက သူ့ခေါင်းထဲ ပြေးဝင်လေသည်။

"ကြည့်ပါဦး . . ဆရာရဲ့၊ ဒီမှာ ဘယ်သူရောက်နေသလဲလို့"

နဒီ ပြေးတက်သည့်နောက်မှ . . .

ခပ်သွက်သွက်လိုက်တက်ရင်း . . ဘယ်သူရောက်နေတာလဲဟု တွေးမိလေသည်။

နဒီတို့အခန်းပေါက်ဝမှာ နဒီတို့အိမ်မှ အိမ်ဖော်ကောင်မလေးချီထားသော ကလေးက . . .

"သား . . အာကာ"





အံ့သြတကြီး ခေါ်မိ၏။

မိမိကိုမြင်သည်နှင့် ခြေထောက်နှစ်ချောင်း ဆတ်တောက် ဆတ်တောက် လှုပ်ရှားကာ ဝမ်းသာအားရဖြစ်သွားပုံက မြင်တာနှင့် မှတ်မိသည့်ပုံပါ။

"ကြည့်စမ်း . . သားရောက်နေတာကိုး . . ဟုတ်လား . . သားရယ်၊ လာပါဦး . . ဖေဖေ့ဆီကို"

သူက သားကိုလှမ်းချီလိုက်၏။

"ပြောပါဦး . . သားက ဘွားဘွားနဲ့လာတာလား . . ဟုတ်လား"

"ဟုတ်တယ်"

သားက စကား မပီကလာ ပီကလာ ပြောတတ်ပြီဖြစ်၏။

"ဘိုးဘိုးရော"

"ပါဘူး"

"ဟုတ်လား နဒီ၊ မြေးအဘွားနှစ်ယောက်တည်းရောကြတာလား"

"ဟုတ်တယ် ဆရာ၊ ဆရာ့ဆီတောင် နဒီ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



မလို့၊ အန်တီက မဆက်နဲ့ဆိုတာနဲ့ . . .”

“ကြိုသိနေတာထက် ဖြန်းခနဲတွေ့ရင် မင်း အံ့သြသွားမလားလို့လေ၊ တမင် မဆက်ခိုင်းတာ”

အခန်းဝမှာ အသံနှင့်အတူရောက်လာသူက ပယင်း၏မေမေပဲဖြစ်၏။

“ဖြစ်ရမယ် မေမေရာ၊ ကြိုသိရင် ကျွန်တော်လာကြိုမှာပေါ့”

“သြော် . . မင်းမှာက မင်းအလုပ်ကိစ္စတွေနဲ့ မင်း ရှုပ်နေတာ၊ တော်နေကြာ . . ဝန်တက်မှာစိုးလို့ မောင်ထက်ခေါင်ရဲ့”

ပြောရင်း . . .

ထက်ခေါင်ပုံစံက သပ်သပ်ရပ်ရပ်ဖြစ်နေသဖြင့် . . ညီညီပြောသလောက်တော့ ဟုတ်မထင်ပါဘူးဟု တွေးမိလေသည်။

“ဒီမှာလေ . . သားအခန်းသော့ မေမေ့မှာရှိတယ်ဆိုတာ မဟုတ်ဘူး၊ အတင်းပဲ ဒီမှာပဲ နားပါဆိုလို့ နားနေကြတာ . . မြေးအဘွားတွေ”





“မေမေတို့ပစ္စည်းတွေရော”

“နဒီယူပြီး သိမ်းပေးပြီးပြီ ဆရာ၊ အခန်းထဲရောက်နေပါပြီ”

နဒီက အရင်ဖြေလေသည်။

“ဒီဘက်အခန်းမှာ ပွရှုပ်နေရင် မေမေစိတ်ညစ်မှာစိုးလို့တဲ့၊ သော့ယူဖွင့်ပြီး အခန်းအရင်ဆုံးရှင်းပေးတာ မမြတင်တူမ တော်လိုက်တာကွယ်၊ တကယ် စိတ်ရှင်းကောင်းတယ်”

ပယင်း၏မေမေက နဒီ့ကိုသဘောကျနေလေသည်။ သေသေချာချာကြည့်ရင် နဒီက ပယင်းနှင့်ဆင်သေးတော့ဟု . . သမီး အလွမ်းပြေကြည့်ရင်း မျက်ရည်ဝဲလေသည်။

ထက်ခေါင်၏အခန်းမှာလည်း ခါတိုင်း ကညီရှင်းပေးတာထက်ကို ရှင်းဆန့်နေလေသည်။

“အားနာစရာဗျာ . . နဒီ ပင်ပန်းသွားပြီ”

“ရပါတယ် ဆရာရဲ့၊ ဘာပင်ပန်းရမှာလဲ . . မပင်ပန်းပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကလေး ဖြေပုံကို ပယင်း မေမေက ခပ်ငေးငေးကြည့်၏။

"ဘာလို့ မပင်ပန်းရမလဲ၊ မနက်စာလမ်းမှာဝယ်စားခဲ့တယ်ဆိုတာ မဟုတ်ဘူးကွဲ့၊ ဆာမှာပဲဆိုပြီး ထမင်းထချက်ကျွေးတာ သားရဲ့၊ တကူးတကကို လုပ်ကျွေးတာ၊ ဒီကြားထဲ ကလေးထိန်းရသေး . . သူ့ခမျာမှာ"

မေးလေးဆက်ဆိုလေသည်။

"နဒီက ဒီလိုပဲ မေမေရဲ့၊ ကျွန်တော်က တစ်ယောက်တည်း ဖြစ်သလိုနေ,နေတော့ သူပဲ . . ဟိုဟာပို့ ဒီဟာပို့နဲ့ လာကူညီနေရတာ၊ ဒီကြားထဲ အမြင်[illegible]တော်ရင် အခန်းရှင်းပေးနဲ့ဗျာ၊ အားနာနေရတယ်"

ပယင်း၏မေမေက 'ဟုတ်လား'ဟုဆိုကာ နဒီ၏မျက်နှာကို အကဲခတ်အကြည့်ဖြင့် ကြည့်၏။

သမီး ပယင်း[illegible]ထက် လေးငါးနှစ်လောက်တောင် ငယ်နိုင်သည်ဟု အသက်ကိုခန့်မှန်း၏။

သမက် မောင်ထက်ခေါင်ကို ခင်မင်စိတ်ရှိတာ နဒီ၏မျက်လုံးအကြည့်ဖြင့်ပင် သိနိုင်လေသည်။





ကစ်နေ့လယ်လောက်ဆုံတွေ့ပြီးဖြစ်သဖြင့် ကလေးမလေး သဘောပြည့်တာ၊ ကူညီတတ်တာအမြင် လုပ်တတ်ကိုင်တတ် အရည်အချင်းပြည့်မီတာ သဘောကျနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၆)

ယခုတလော ယင်းနှင့် မတွေ့ရတာကြာပြီ ဖြစ်၏။ အိမ်မှာ ယင်းမေမေရောက်နေသဖြင့် . . 'ယင်း'အသံမပေး၊ ထွက်မတွေ့ဘဲ ကွယ်ပျောက်နေတာဖြစ်လိမ့်မယ်ဟု ထက်ခေါင် ယူဆလေသည်။

"ဖေကြီး"

ကားပေါ်မှဆင်း၊ သော့ခပ်နေစဉ် ခေါက် နားဆီမှ ခေါ်သံကြားရသဖြင့် ထက်ခေါင် လှည့်ကြည့်၏။

နဒီက . . မိမိ၏သား 'အာကာ'ကိုချီလျှက်

www.burmeseclassic.com

www.burmeseclassic.com



နောက်နားမှာရပ်ပြီး ပြုံးကြည့်နေလေသည်။

သား၏မျက်နှာမှာ နုဒီ လိမ်းပေးထားလျှင် တူသော သနပ်ခါးဖြင့် မွေးကြိုင်သန့်ပြန့်နေ၏။

"ဟောဗျာ . . သားကိုထိန်းနေရပြီထင်တယ်၊ နုဒီရယ် အားနာစရာဗျာ"

"ဘာ အားနာစရာရှိလို့လဲ ဆရာရဲ့၊ နုဒီက ကလေးချစ်တတ်တဲ့ဟာပဲ"

"ပေးလေ . . နုဒီ . . ကျွန်တော့်ကို"

ထက်ခေါင် လက်ကမ်း၏။ အာကာက လိုက်မလိုပြင်ပြီးမှ ပြန်တိမ်းကာ နုဒီ့လည်ပင်းကို စွဲစွဲမြဲမြဲဖက်တွယ်ထားလေသည်။

"ဟာ . . ကြည့်စမ်း၊ ဖအေကို ကာပြန်နေပါရောလား၊ လာလေ . . သားရယ်၊ ဖေဖေ့ဆီကို"

အားနာစွာ ချီဖို့ပြင်၏။

"ရပါတယ် ဆရာရဲ့၊ နုဒီက တမင်ချီချင်လို့ ချီနေတာပါ၊ ဆရာက မောလာတဲ့ဟာ၊ အမောဖြေပါဦး"

ထက်ခေါင်တို့ကားတွေက တိုက်အောက်





ဘည့်တည့်မှာ နေရာရချင်မှ ရပါသည်။ မရတာကများ၏။

သူများတကာကားတွေ ပြည့်နေခဲ့လျှင် အဆင်ပြေရာနေရာမှာ ကားသော့ပိတ်ရပ်ထားခဲ့ရတာဖြစ်၏။

နေထိုင်ရာတိုက်သို့ လမ်းလျှောက်လာသောအခါ ထက်ခေါင်နှင့် ကလေးချီထားသောနုဒီ၏ပုံစံက သားအမိ သားအဖသုံးယောက်တွဲလျှောက်လာသောပုံစံမျိုးဖြစ်နေတာ ထက်ခေါင်သတိမထားမိပါ။

"ဟာ . . ထက်ခေါင်ကြီး"

အံ့အားသင့်စွာခေါ် လိုက်သံကြားရ၏။ ညီညီကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ရခြင်းကြောင့် ထက်ခေါင် မျက်မှောင်ကြုတ်၏။

ထက်ခေါင်နှင့်က ဟိုတစ်ခါ စိတ်ပညာဆရာဝန်မလေးနှင့် မိမိကိုဆုံတွေ့ပေးပြီးကတည်းက ညီညီ့ကို ဒေါသစိတ်ဝင်ကာ ခပ်တင်းတင်းပဲနေခဲ့ပါသည်။

အလုပ်ခွင်မှာတွေ့သည့်တိုင် တတ်နိုင်သမျှ စကားမပြောဘဲ ခပ်ရှောင်ရှောင် နေခဲ့ကြတာ ကြာခဲ့ပြီ။

"ဘာလာလုပ်တာလဲ . . ဒီကို"



www.burmeseclassic.com

www.burmeseclassic.com



မိမိတစ်ယောက်တည်းသာဆိုပါက ထက်ခေါင်က ညီညီ့ကိုကွေ့ရှောင်ပတ်ထွက်ခဲ့မှာဖြစ်၏။

ယခုတော့ . . နဒီ ရှိနေခဲ့၏။

ထက်ခေါင်ကြီးဟု နာမည်တပ်ခေါ်ကတည်းက မိမိကိုလူမှားခေါ်တာဟု နဒီ ထင်မှတ်စရာအကြောင်းမရှိပေ။

ပြီးတော့ . . .

မိမိထံ 'ညီညီ'မကြာခဏ လာခဲ့ဖူးတာကို နဒီ တွေ့မြင်ပြီးဖြစ်နေလောက်ပါသည်။

ညီညီကျတော့ နဒီ့ကို ယခုတစ်ခါမှ ထိပ်တိုက်မြင်တွေ့ခြင်းဖြစ်၏။

"မင်းဆီလာတာပေါ့၊ ဘာလဲ . . မင်းက ငါ့ကို မလာစေချင်တော့ဘူးလား"

အဓိပ္ပါယ်တစ်မျိုးသက်ဝင်သော အကြည့်ဖြင့် ညီညီက နဒီ့ကို ဖျတ်ခနဲ ကြည့်၏။

"ဟ . . မင်းဘာသာ မင်း လာချင်လာ မလာချင်နေပေါ့၊ ဘာမလာစေချင်ရမှာလဲ"





ပြောရင်းက ညီညီ၏ နောက်ပြောင်လိုသော အကြည့်တွေကြောင့် နဒီ့ကို အားနာသွားတာ မိတ်ဆက်ပေးလေသည်။

"ဒါက . . နဒီတဲ့၊ တို့အခန်းနဲ့ ကပ်လျက်အခန်းက ကြီးဒေါ်မြတင်ရဲ့ တူမ၊ နဒီ . . သူက ကျွန်တော့်သူငယ်ချင်း ညီညီဆိုတာ၊ သူလာတာ မြင်ဖူးမှာပါ"

"ဟုတ်ကဲ့ . . မြင်ဖူးပါတယ်"

"ကျွန်တော်ကျတော့ ခုမှမြင်ဖူးတယ်ဗျ၊ အရင်က . . လုံးဝကိုမတွေ့ခဲ့တာ"

"ကိုညီညီ . . သတိမထားမိလို့ပါ၊ လှေကားမှာ နဒီနဲ့ ဆုံဖူးပါတယ်၊ နဒီ ပြေးအဆင်းမှာ ကိုညီညီတက်လာတာတွေ့လိုက်တယ်၊ ဆရာ့အခန်းထဲဝင်သွားတာမို့ နဒီ သတိထားမိတာ"

"ဖေကြီးဆီသွားမယ်"

နဒီ့လက်ထဲမှကလေးက လူးလွန့်လျက် ထက်ခေါင်ဆီ လက်ကမ်း၏။ ထက်ခေါင် ချီလိုက်မှ . . ညီညီက အာကာ့ကို သတိပြုမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဒါ . . မင်းသားတော်မောင်ပဲ ခေါင်ကြီးရဲ့ ငါကကွာ . . ."

နဒီ့ထံ အကြည့်ရောက် ခေါင်းကုတ်ရာမှ အားနာစွာ ဆို၏။ စကားမဆက်သော်လည်း နဒီနှင့်ပတ်သက်သောကလေးဟု ထင်မှတ်တာ သိသာလေသည်။

"အဟီး . . သားက တော်တော်ထွားလာတော့ မမှတ်မိဘူးဖြစ်သွားတယ်၊ ဘယ်သူနဲ့လာတာလဲ ဒီကောင်ဘွားအေနဲ့လား . . ဟုတ်လား"

"ဟုတ်တယ်၊ မင်းသိတဲ့အတိုင်း ဘိုးအေက အိပ်ကဗွာတယ်မှ မရှိတာ၊ ဘွားအေနဲ့ပဲပေါ့"

"ဒါဖြင့် . . နဒီ တက်နှင့်မယ် ဆရာ၊ ခွင့်ပြုပါဦး"

"သွား . . နဒီ . . သွားနှင့်"

"ဩော် . . ကလေးပါခေါ်သွားပေးမယ်လေ"

"ဟာ . . ရပါတယ် . . ရပါတယ်၊ ကျွန်တော်ချီလာခဲ့ပါ့မယ်"

နဒီလှည့်ထွက်သွားတာကြည့်ပြီး ညီညီ ပြုံးလေသည်။



"မင်းကွာ . . ဒီကောင်မလေးရောက်နေတာ ငါ့ကို မပြောဘူး"

"ပြောစရာလား . . မင်းကို"

နဒီ့နောက်မှ ခပ်ဖြည်းဖြည်းလိုက်လာခဲ့ကြသဖြင့် စကားခပ်တိုးတိုး ပြောကြလေသည်။

"ကောင်မလေးက မဆိုးဘူးကွ၊ ပယင်းနဲ့တောင် တော်တော်ဆင်သလိုပဲ"

"ခုမှပါကွာ . . ဆံပင်ဖြတ် မျက်မှန်ဖြုတ်လိုက်လို့ တူတာ၊ အရင်တုန်းက ဒီပုံစံသာဆိုလို့ကတော့ လှေကားမှာတွေ့ကတည်းက မင်းသိလိုက်ပြီ ဒီကောင်မလေးကို . . ဟုတ်တယ် မဟုတ်လား"

ညီညီ ရှက်ရယ် ရယ်လေသည်။

"ကလေးချီထားတဲ့အဆင့်တောင်ရောက်ပြီဆိုတော့ တော်တော်ရင်းနှီးနေကြတာပဲ"

"အိမ်ချင်းကပ်လေ၊ ဒီတော့ . . ကိစ္စရှိ ကူညီရာက ခင်မင်နေတာ"

"အန်တီ(ပယင်း၏မေမေ)နဲ့ရော ခင်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်နေပြီ၊ ကောင်မလေးက တော်တယ် ဘာညာနဲ့ စကားသာစပ်မိလို့ကတော့ ပြောပါလိမ့်မယ် မင်းကို"

လှေကားဝရောက်၏။ လှေကားတစ်ထစ်အရောက်မှာ ညီညီက လှည့်မေးလေသည်။

"လောလောဆယ် သိချင်တာရှိသေးတယ်"

"ဘာလဲ"

"ပယင်း လာသေးသလား မင်းဆီကို"

"ခုတလော မလာတော့ဘူးကွ၊ မေမေတို့ရောက်နေလို့လား မသိဘူး၊ ဪ . . . ပြောထားရဦးမယ်၊ ပယင်းနဲ့ ငါတွေ့တဲ့အကြောင်း မေ့မေ့ကို မင်း လုံးဝ မပြောနဲ့နော်၊ ပယင်း စိတ်ဆိုးလိမ့်မယ်၊ ပယင်းက သူ့အမေကို လုံးဝသိစေချင်တာမဟုတ်ဘူး"

"ဟင် . . ဘာဖြစ်လို့လဲ"

"သူ့အတွက် သူ့အမေ စိတ်မကောင်း မဖြစ်စေချင်ဘူးတဲ့၊ သေပြီဆိုပြီး စိတ်တုံးတုံးချ မေ့ပစ်လိုက်စေချင်တယ်တဲ့"

"သက်စ်ရိုက်(၅) . . ဒါ မှန်တာပေါ့ ခေါင်းကြီးရဲ့ မင်း





လည်း သူ့ကို စိတ်တုံးတုံးချမေ့လိုက်တွား ပြီးတော့ နဒီနဲ့ မင်း လက်ထပ်"

"ဟာ . . ဒီကောင်"

ဆွဲထိုးမည်အပြု . . ညီညီ တခွန်းခွန်း ခုန်တာ တက်ပြေး၏။

ထက်ခေါင်က သားကိုချီလျက် တဖြည်းဖြည်း တက်လာစဉ်မှာ မတွေ့ရတာကြာပြီဖြစ်သော ပယင်းကို လှေကားထောင့်နားမှာရပ်နေတာ တွေ့ရလေသည်။

"ဟုတ်တယ် မောင်၊ ညီညီပြောတာမှန်တယ်၊ မောင်နဲ့ နဒီ လက်ထပ်သင့်တယ်၊ နဒီက မောင့်အနွံ့အတာခံပြီး မောင့်ကို တကယ်ချစ်ရှာတာပဲ၊ နဒီနဲ့မောင့်ကို ယင်း သဘောတူတယ်၊ သားလေးကိုလည်း နဒီက တကယ်ချစ်တာ ယင်း တွေ့နေရတာပဲ"

"ယင်း . . ဟာကွာ၊ ယင်း ဘာတွေလျှောက်ပြောနေတာလဲ"

သူပြောတာကို သားက သေသေချာချာ ကြည့်နေလေသည်။ ယင်းကို သူသာမြင်ရလျက် သားက မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပုံမပေါ်ပါ။

"ယင်း . . နောက်ဆုံးစကားပြောတာပါ၊ အခန်းထဲမှာ မေမေရှိနေလို့ ဒီကနေစောင့်ပြောတာ၊ မောင့်ဆီကို ယင်း နောက်ထပ် မလာတော့ဘူး မောင်၊ ယင်းနဲ့ မောင် ဒီကနေ့စပြီး နောက်ထပ် ဘယ်တော့မှ မတွေ့ကြရတော့ဘူး"

"ဟာ . . . မဟုတ်တာ . . . မလုပ်ပါနဲ့ယင်းရယ်၊ ယင်းကို . . မောင် မခွဲနိုင်ဘူး"

"ဘဝချင်းခြားနေပြီပဲ မောင် . . တွေ့ဆုံနေတော့ သံယောဇဉ်မပြတ်ဘဲ မောင်ရော ယင်းပါ ပိုပြီးခံစားရတာပဲ ရှိမယ်၊ ဒီတော့ . . သားကို မောင်နဲ့နဒီရဲ့ လက်ထဲ အပ်ခဲ့တယ်၊ မောင့်အတွက်လည်း . . နဒီ အဖော်ရှိနေပြီဆိုတော့ ယင်း စိတ်ချသွားပါပြီ"

"ယင်းရော"

"နှုတ်ဆက်ခဲ့ပြီ မောင်၊ ယင်း မောင့်ကို နှုတ်ဆက်ခဲ့ပါတယ်"

ယင်း၏အသံ တိုးသွား၏။ မြင်ကွင်းထဲမှ



ယင်း ပျောက်သွားသောအခါ ပြန်တွေ့နိုးရှာမိ၏။

"ယင်း"

သူ အသံထွက်ခေါ်မိ၏။

ရက်စက်လိုက်တာ ယင်းရာ . . ရက်စက်လိုက်တာ။

နှုတ်ဆက်ရတယ်လို့ပဲ . . .

စိတ်ချသွားပြီလို့ပဲ . . .

ဖြစ်ရလေကွာ . . .

သူ မိုက်ခနဲ မူးသွား၏။

"ဟာ . . ခေါင်ကြီး၊ ဘာဖြစ်တာလဲ မင်း၊ ဟင် . . ဘာဖြစ်တာလဲ"

အပေါ်ရောက်နေရာမှ အောက်သို့ငုံ့ကြည့်ကာ အော်လိုက်သော ညီညီ၏အသံကို ကြားရ၏။

အလောတကြီး ပြေးဆင်းလာသံတွေ ကြားရ၏။

"ဟင် . . ဆရာဘာဖြစ်တာလဲ"

ဟူသော နဒီ၏အသံကို နောက်ဆုံးကြားရ

www.burmeseclassic.com

လေသည်။



အခန်း(၂၇)

သူ သတိရလာစဉ်မှာ သူ့ကိုယ်၌ ဒရစ်(ပ်) သွင်းထားတာ သိလိုက်၏။

ညောင်းလွန်းသဖြင့် . . ဟိုဒီလှည့်ဖို့ ကြိုးစားစဉ် နွေးထွေးနူးညံ့သော လက်ကလေးက လာရောက်ဆုပ်ကိုင်လေသည်။

"ဆရာ . . ဘယ့်နဲ့နေသလဲ"

"ဟင် . . နဒီ"

နဒီ၏ သိမ်မွေ့နူးညံ့သောအပြုံးကို မြင်ရ

www.burmeseclassic.com



လေသည်။

"မူးသေးသလားဟင်"

"ခေါင်းထဲမှာ အုံခဲနေတယ် နဒီ၊ ညီညီရော . ."

"ဆရာဝန်ပြန်လိုက်ပို့နေတယ်၊ အဲဒီကနေ တစ်ခါ တည်းပြန်တော့လို့ အန်တီမှာနေတာ ကြာ:တာပဲ"

"ကျွန်တော် ဘာဖြစ်သွားတာလဲ"

"ဆရာက ညဉ့်တိုင်းကျလည်း သိပ်မအိပ်တော့ အစား ပျက် အအိပ်ပျက်နဲ့ အရမ်းအားနည်းသွားခဲ့တာလို့ ပြောတယ်၊ အခု ဆေးသွင်း ဆေးထိုး တစ်ပြိုင်တည်း လုပ်ပေးသွားတယ် ဆရာ"

"ဟော . . နိုးလာပြီလား"

အခန်းဝမှ အသံပြုကာ ဝင်လာသူက ပယင်း ၏မေမေဖြစ်၏။

"နိုးလာပြီ . . အန်တီ"

နဒီ ဖြေလေသည်။

"အေးကွယ် . . ကလေးသိပ်နေတာ ခုမှ အိပ်တယ် နေကောင်းလား သား"





"ဟုတ်ကဲ့"

"ညဉ့်မိုးချုပ်နေပြီ၊ နဒီ . . သမီးပြန်တော့လေ . . မင်း ပန်းလှပြီ"

"ရပါတယ် အန်တီ၊ နဒီ စောင့်ပေးလို့ရပါတယ်"

"မဟုတ်တာ . . သက်သာပြီဆိုတော့ အရေးမကြီး တော့ပါဘူး၊ စောစောက အရမ်းမူးနေသေးလို့ စိတ်ပူ ရတာ၊ ပြန်ပါကွယ် . . ဒီလောက်ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ မမြတင်တို့ကိုလည်း အကျိုးအ ကြောင်းပြောပြပါ . . သိချင်ကြမယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ပြန်ဦးမယ် ဆရာ"

"ကျေးဇူးပဲ နဒီ"

နဒီ နှုတ်ဆက်ပြန်သွား၏။ ပယင်း၏မေမေ က ထက်ခေါင်အနားလာထိုင်လေသည်။

"ခမျာ . . အရမ်းကို စိတ်ပူရှာတာ၊ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိအောင်ကို မျက်နှာပျက်နေတာပဲ၊ ဆ ရာဝန်ရောက်လာတော့ ငါက . . အာကာလေးတစ် ဖက်နဲ့ ဘာလုပ်လို့ရမှာလဲ၊ သူပဲ ဆရာဝန်လိုက်ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ ယူပေး၊ ဆရာဝန်အတွက် နက်(စ်)တစ်ခွက် ဖျော်တိုက်နဲ့ . . ဆောင့်စေ့အောင် လုပ်နိုင်တယ်၊ တကယ်တော်ပါတယ်"

ပြောရင်းက . . ထက်ခေါင်ကို အကဲခတ် အကြည့်ဖြင့် ကြည့်၏။

"ကလေးမလေးကြည့်ရတာ သားကို တော်တော်ခင်ပုံပဲ"

"ဒီမှာက တခြားလူတွေလည်းမရှိဘူးလေ မေမေ၊ အိမ်နီးနားချင်းရယ်လို့ ဒီအိမ်ပဲရှိတာမို့ထင်ပါတယ်"

ထက်ခေါင်က စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောလေသည်။ ပယင်း၏မေမေက မသိမသာ ပြုံး၏၊

"ရုတ်တရက်ကြည့်လိုက်တော့ ပယင်းများ ပြန်ရောက်နေသလားတောင် ထင်ရတယ်"

လာပြန်ပြီ တစ်ယောက်ဟု ထက်ခေါင်စိတ်ထဲ တွေးမိလေသည်။

ညီညီကလည်း နုဒီကို ပယင်းနှင့်ဆင်သည်ဟု ပြောခဲ့တာလေ။



"အေးလေ . . သမီးအစားရတယ်ပဲ အောက်မေ့ပါတယ်၊ အာကာလေးကိုလည်း တော်တော်ချစ်ရှာတာဆိုတော့ . . ."

နောက်ဆက်တွဲစကားတွေ ကျန်နေတာ သိသာသောစကား။

ထက်ခေါင် ပင့်သက်ချမိလျက် စိတ်ထဲမှ တိတ်တိတ်ကလေး ကျိတ်ပြောမိသည့်စကားရှိနေလေသည်။

ယင်းကလည်း နုဒီနဲ့သဘောတူတယ်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၈)

"ဟင် . . ခေတ်ပုံတွေရော"

ယင်း၏ခေတ်ပုံချိတ်ထားသောနေရာတွေမှာ ဟင်းလင်းပြင်ဖြစ်နေခဲ့၏။

"ဘာခေတ်ပုံကိုပြောတာလဲ"

ပယင်း၏မေမေက လှမ်းမေးလေသည်။

"ယင်းခေတ်ပုံလေ မေမေ၊ ယင်းခေတ်ပုံတွေ ဘယ်ရောက်ကုန်ပြီလဲ မေးတာ"

ထက်ခေါင်တစ်ယောက်တည်းသာဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိသမျှ ရိုက်ခွဲ၊ ဒေါသထွက် ကြမ်းတမ်းလိုက်ချင်လေသည်။

ယခုတော့ . . .

ယင်း၏မေမေရှိနေသဖြင့် စုပြုံထွက်လာ ဒေါသ အကြိတ်အခဲကို မျိုချလိုက်ရ၏။

"သိမ်းထားလိုက်တယ် မောင်ထက်ခေါင်ရေ၊ အိမ်ရှေ့သွားသွား အိမ်ခန်းထဲ ဝင်ဝင် ဓာတ်ပုံတွေ နေရာအနှံ့ ပြည့်နေတော့ စိတ်ထဲ အမြဲသတိပေးနေသလို ခံစားရလွန်းလို့ သိမ်းထားလိုက်တယ်၊ ဒါမျိုးက မေ့ပစ်ရမယ့် ကိစ္စလေ၊ တသသ,သတိရနေလို့ကတော့ ဘယ်မှာ စိတ်ချမ်းသာစရာရှိတော့မလဲ၊ မဟုတ်ဘူးလား"

မဟုတ်ဘူး . . .

ကျွန်တော်က ပယင်းနဲ့ အမြဲတွေ့၊ အမြဲ စကားတွေပြောချင်တာ . . .

စိတ်ထဲမှ ပြောနေမိလေသည်။

"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု ဆိုတဲ့စကားပုံတောင်ရှိတာပဲ၊ ဘုရားဟောတရားထဲ





မှာ အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂတ်ကိုလည်း မမျှော်နဲ့၊ ပစ္စုပ္ပန်တည့်တည့်ရှုဆိုသမို့လား၊ အရေး အကြီးဆုံးက စိတ်ကိုထားတတ် နေတတ်ကြဖို့ပဲ"

"ပယင်းက တခြားလူမဟုတ်ပါဘူး မေမေ့သမီးပါ မေမေ"

"ဟုတ်တယ် . . မေမေ့သမီးမို့လို့လည်း ဒီစကားတွေ ရဲရဲပြောရဲတာပေါ့ သားရယ်၊ တခြားတစ်ယောက်ဆို လို့ကတော့ သူ့သမီးမဟုတ်လို့ ဒီစကားပြောတယ် ထင်မှာစိုးရသေးတယ်ဖလေ၊ အတိတ်ကိုတမ်းတပြီး ငို နေလို့ကတော့ . . ဘယ်မှာတိုးတက်မှုရှိတော့မှာလဲ၊ အနိစ္စ ဒုက္ခ အနတ္တတရားဆင်ခြင်နိုင်ရမှာပေါ့၊ သင်္ခါရတရားတွေ သိရမှာပေါ့"

ပယင်း၏မေမေက စကားပြောရင်းမှ ထက်ခေါင်ကိုကြည့်၏။

ထက်ခေါင် ငိုင်တွေနားထောင်နေတာမြင် တော့ အားတက်လေသည်။

"လူဆိုတာ သေမျိုးပဲကွယ်၊ သူသေ ကိုယ်သေ သေကြ

www.burmeseclassic.com

www.burmeseclassic.com



ရမယ့်သူချည်းပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တောင် မလွှဲမရှောင်သာကြုံတွေ့ရတဲ့ သခ်ါရတရားပဲ သားရဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး နောက်ဆုံး ဟောကြားခဲ့တာက မမေ့မလျော့သတိနဲ့နေဆိုတာပဲ သတိတရားလက်ကိုင်ထားဖို့က အရေးအကြီးဆုံးပဲ လေ၊ သားမှာလည်း အာကာကရှိသေးတယ်၊ ဒီတော့ သားကိုယ်တိုင်အတွက်ရော မြေးလေး အာကာ့အ တွက်ပါ ကိုယ့်စိတ် ကိုယ်ထိန်း သားရဲ့၊ စိတ်ဆိုတာ လွှတ်လိုက်လို့ကတော့ လွင့်ပြီသာမှတ်"

တံခါးဘဲလ်မြည်သံ ကြားရသဖြင့် ထက်ခေါင် ဖွင့်ပေးလိုက်၏။

ကြည့်လိုက်တော့ နဒီဖြစ်နေလေသည်။

"ဆရာ . . နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

"ဆရာနဲ့အန်တီတို့ စောစောစီးစီး သောက်ရအောင် မန္တလေးကြာဆံချက် ချက်လာတယ် အန်တီ၊ အဲဒါ





လာပို့တာ"

နဒီက စတီးချိုင့်ကို စားပွဲခုံအထိ သယ်လာ ကာ ပယင်း၏မေမေမြင်သာအောင် ပြလေသည်၊

ချိုင့်ဖုံးအဖွင့်မှာ အငွေ့တထောင်းထောင်း ထနေသော ကြာဆံချက်က မွှေးကြိုင်နေလေသည်၊

"ကဲကွယ် . . အားနာစရာ၊ နည်းတာမှ မဟုတ်တာ အများကြီးပဲ . . သမီးချက်တာလား"

"ဟုတ်ကဲ့ . . ကြိုက်ရဲ့လား အန်တီ"

"မန္တလေးကြာဆံချက်ကတော့ ကြိုက်မှကြိုက်ပေါ့ ကွယ် . . ဘာပြောကောင်းမလဲ၊ နံနံပင် ငရုတ်သီး အကျက်မှုန့်နဲ့ အချဉ်ညှစ်စားရင် အကောင်းဆုံးပဲ"

"ဟုတ်တယ် . . နဒီလည်း အချဉ်ညှစ်စားရအောင် အချဉ်ရော နံနံပင်ပါ ပါလာပါတယ်၊ အဲ . . ငံပြာ ရည်ချက်ပြီးသားပုလင်းကျန်ခဲ့တယ် . . သွားယူဦး မယ်"

"နေနေ . . အန်တီ့အိမ်မှာ ငံပြာရည်ချက်ပြီးသားရှိ

တယ် သွားမယူနဲ့တော့၊ သမီးရော မစားရသေးဘူး မဟုတ်လား၊ ဒီမှာ တစ်ခါတည်း စားသွား"

နဒီ ခေါင်းလေးခါကာ ငြင်းမည်ပြင်၏။ ပယင်း၏မေမေက နေရာချပေး ပန်းကန်ပြင်ပေးသဖြင့် ငြင်း၍ မရပေ။

ထက်ခေါင်နှင့်နဒီကို ဘေးချင်းယှဉ်တွဲပေးလျက် ကိုယ်တိုင်က နဒီနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လေသည်။

"အန်တီက ပြန်ရမှာဆိုတော့ သူတို့သားအဖကို သမီးလက်ထဲပဲအပ်ခဲ့ရမှာပဲ နဒီ"

"အာကာက ကျန်ခဲ့မှာလား အန်တီ"

"ထားခဲ့ရမယ်လေ၊ အိမ်ဖော်တစ်ယောက်တော့ ထားပေးခဲ့မှာပါ။ အန်တီကတော့ သွားလိုက် လာလိုက်ပေါ့ကွယ်၊ ဟိုမှာကလည်း အဘိုးကြီးတစ်ယောက်တည်းလေ"

"ဪ"

"အိမ်ဖော်က အသက်ကြီးကြီးထဲကပဲပေါ့၊ ဒါမှ . . ကလေးအတွက် စိတ်ချရမှာကိုး"





"ဟုတ်ကဲ့"

"အမှန်အတိုင်း ပြောရရင် သမီးရှိလို့ထားခဲ့ရတာ၊ နင့်မို့ ဘယ်ထားခဲ့ရဲမလဲကွယ်၊ ကလေးက ငယ်သေးတော့လေ"

"နဒီက အလုပ်ဆင်းရမှာနော် မေမေ၊ သူက အလုပ်ဝင်ဖို့စောင့်နေတာ"

ထက်ခေါင် ဝင်ပြောလေသည်။ နဒီက ထက်ခေါင်လက်ကိုဆုပ်ကိုင်ထားပြီးမှ ကပျာကယာ လက်ကလေးပြန်ရုတ်လေသည်။

"ရပါတယ် အန်တီ . . စိတ်ချလက်ချသာ ထားခဲ့ပါ၊ အိမ်မှာ ရွှေရွှေလည်းရှိတာပဲ"

"ကောင်းပါ့ကွယ်၊ ခုမှပဲ သူတို့သားအဖအတွက် စိတ်ချတော့တယ် သမီးရယ် . . တကယ်ပါ"

ပယင်း၏မေမေ ဝမ်းသာအားရပြောပုံတို့ကြည့်ကာ ပယင်းကို အားနာစိတ်ဖြင့် လှမ်းကြည့်သောအခါ

ပယင်း၏ဓာတ်ပုံနေရာမှာ လစ်ဟာနေလေသည်။

www.burmeseclassic.com



ခွင့်လွှတ်ပါ ယင်းရယ် . . .

အဲဒါတွေအားလုံး ယင်းမေမေ ဆန္ဒအတိုင်း ပါပဲ။



## အခန်း(၂၉)

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့၏၊

ယခုဆိုလျှင် . . .

သား 'အာကာ'ပင် လေးနှစ်ပြည့်ခဲ့ပြီ။

ထက်ခေါင်နှင့် နဒီက သားအာကာ၏လက်ကိုဆွဲ၍ ခတ်လှေကားဖြင့် ရွှေတိဂုံဘုရားပေါ် တက်၍ ရွှေသက်န် ကပ်လှူပူဇော်ခဲ့၏။

သား နှစ်နှစ်ပြည့်မွေးနေ့မှာ ပယင်းနှင့်ထက်ခေါင်တို့အိမ်မှာ အလှူပြုခဲ့ဖူးသည်ကိုသတိရ၏။

www.burmeseclassic.com



လူတွေပြန်ချိန်မှာ နှစ်ယောက်သား ကြမ်းပြင်

ှာလဲတွန့်သည်အထိ မောပန်းခဲ့ရသောအဖြစ်။

နောက်ဆိုရင် . . .

ပကာသနမဖက်သောအလှူဒါနမြူမည်ဟု

ဆုံးဖြတ်ချက်ချခဲ့သည်များ . . .

ယခုနှစ်မှာတော့ . . .

ပယင်းနှင့် မိမိတို့ကြံရွယ်ထားသည့်ဆန္ဒ

အတိုင်း အလှူဒါနတွေဖြည့်ဆည်းနိုင်ခဲ့ကြပါသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံ . . .

ဘိုးဘွားရိပ်သာ . . .

မိဘမဲ့ကျောင်း . . .

'ဆွံ့အ' နားမကြားကျောင်း . . . များသို့

သင်းအတွက် ရည်စူးလျက် လှူဒါန်းခဲ့ကြ၏။

သား၏ လေးနှစ်ပြည့် . . .

ထို့အတူ . . .

ထက်ခေါင်နှင့် နဒီတို့၏ လက်ထပ်မင်္ဂလာ



အလှူ . . .

တရားရုံး၌ လက်မှတ်ထိုးပြီးနောက်မှာ မင်္ဂလာ

ဆွမ်းကျွေးအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံ၌ အရက်ဆွမ်း နေ့

ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကျွေးမွေးခဲ့၏။

ထက်ခေါင်နှင့် နဒီတို့၏ မင်္ဂလာဆွမ်းကျွေး

မှာ နှစ်ဖက်မိဘ ညီအစ်ကိုမောင်နှမအရင်းများမှလွဲ၍ ပြင်ပ

ဧည့်သည်ဖိတ်ကြားခြင်းမရှိခဲ့ပါ။

အထူးဧည့်သည်အဖြစ် . . .

လက်ထပ်ပြီးစ မင်္ဂလာဦးဇနီးမောင်နှံဖြစ်

သော ညီညီနှင့် ဒေါက်တာနေရီရီအပြင် . . .

ယင်း၏မိခင်သာ ပါဝင်ခဲ့၏။

ယင်းမှာသာ သိကြားနိုင်စွမ်းရှိခဲ့ပါလျှင် သူ

ကိုယ်တိုင်ကြည်ဖြူခဲ့သော နဒီနှင့်ထက်ခေါင်၏ မင်္ဂလာပွဲသို့

လာရောက်လျက် . . .

ပြုပြုံသမျှ ကုသိုလ်ဒါနအစုစုကို . . . သာဓု

ခေါ်ဆိုပေလိမ့်မည်ဟူသော . . .

www.burmeseclassic.com



ထက်ခေါင်၏ မျှော်လင့်ယုံကြည်ချက်ကိုကား မည်သူမျှ ကန့်ကွက်တားဆီး၍ ရနိုင်မည်မဟုတ်ချေတကား။





ဆန္ဒရှိသမျှ ပြည့်ဝကြပါစေ . . .

စာချစ်သူများ၏



မအေးလေး

၁၉၊ ၆၊ ၀၄



www.burmeseclassic.com